ငဘဲကြီး ကို ရွှေဘဝါး တော်အောက်မှာ မနေစေနှင့် ကျောက်မြောင်း ရောက်ဖို့၊ သနားတော်မူသည့်အစီးအနင်း အဆောင်အရွက်များ ကိုသိမ်း၊ ပုခန်းကြီး မြို့ ကို ရွှေတုမင်းသမီး ကိုသနားတော်မူသည်၊ ကိုယ်ရံတော်အစုသားတို့မှာ ရေပြည့်လျှမ်း ၍ မနေသာ ရှိလျှင်အင်တန် အောင် လှေနှင့် စောင့် နေ စေ၊ ကျန်လူတို့ကိုအနောက်ဘက်မင်း ကွန်း သို့ကူး ၍ နေကြစေ၊ ပြည်မင်းထမ်းသံလျှင်မြို့နေ ပထမနတ်ရှင်ရွေး သွေး ဒေါက်ကြီး ငခန်းပု၊ ငညာကာ၊ ငဈေး ၊ ငပုံမတို့နှင့်အကြပ်ငယ်သား တစုတို့ကကျွန်တော်တို့ယွန်း အစုအကြီး ဖွဲ့ယခမ္မအုပ်စုငယ်သား ယွန်း လူစုကိုမကွဲမပြား ပထမနတ်ရှင် ရွေး လူပေါင်း ၆၅ ဘွဲ့တော်မူသည်ယမ်း တော်ယမ်း ဘက်ဆွေသား မျိုးသား ဖွဲ့ယခမ္မအုပ် ဟောင်း ဘွဲ့တော်မူရာ မပါကျန်လူလည်း ရှိ
ပါသည်၊ ရှေး မင်း လက်ထက်သက္ကရာဇ် ၉၉၀ ကျော်ကယွန်း အစုသား တို့ကိုသံလျှင် 1628
မြို့နယ်တွင်း ကျိုက်ခေါက်ကုရား တောင်ထွင်အရှေ့ကိုတလွန်တီ၊ တောင်ကို မော်ဝန်း ချောင်း နား ၊ အနောက်ကိုဧရာဝတီမြစ်၊ မြောက်ကိုပတုံ ချောင်း နား နယ်
၄ ရပ် မြေကိုချပေး ရင်း အတိုင်း (သက္ကရာဇ် ၁၁) ၄၅ ခုနှစ် ရွှေတိုက်စစ်တမ်း 1783
ပါဝင်ဆက်သွင်း ရှိပါသည်၊ ချပေး ရင်း မြေကိုသနား တော်ခံ၍ ဆွေစုမျိုး စုမကွဲမပြား လွှင့်ပါရှိ နေသူတို့ကို ခေါ်သိမ်း ပြီး လျှင်လုပ်စား နေထိုင်ထမ်း ရွက်ပါရမည်အကြောင်း နှင့်ရှိခိုး သံ တော်ဦး တင်ချက်အတိုင်း သံလျှင်မြို့နယ်အတွင်းရှေးမင် ,တို့ လက်ထက်ချပေး သည့်နယ် မြေကို ရှေး မင်း တို့လက်ထက်ချပေး ရင်း တိုင်း လုပ်စား နေထိုင် စေ၊ ဖွဲ့ယခမ္မအုပ် ဟောင်း သံလျှင်ယွန်း အစုသား မှန်သမျှလူတို့ကိုလည်း သိမ်း ခေါ်၍ ပထမနတ်ရှင် ရွေး အစုမှာ ဆွေစုမျိုး စုမကွဲမပြား တဝတည်း ထမ်း ရွက် စေ၊ နောက်ဝန်ယမ်း လူတို့စာရင်း ကိုလည်း ဆက်သွင်း စေ၊

19 July 1801

(သက္ကရာဇ်) ၁၁၆၃ ခုဝါခေါင်လဆန်း ၁၀ ရက်နေ့နား ခစ မြောင်မှူး တွင်ပြန်။

(မေမြို့ဘုန်းကြွယ်ပေမူ)

တောင်လေးလုံး ဆရာကသွင်းသည့် မေတ္တာစာတွင်ဆရာနှစ်ဆက်သုံးဆက်ကျင့် သည်ကိုအစွဲပြု၍ကျင့်ကြောင်း နှင့်ပါသည်၊ နှစ်ဆက်သုံးဆက်ဆရာတို့ကျမ်းဂန်နှင့် အညီကျင့်သည်မကျင့်သည်ထရား ကျမ်းဂန်နှင့်မညီလျှင်မညီသို့ဖြစ်သင့်သည်ကိုသွင်း စေဦး၊ ကျော်အောင်စံထားဆရာမှာလည်း ပြက္ခဒိန် ၂၄၃ ပုဒ်ရအောင်အယူ အဆာရှိသည့်အတိုင်း ထွက်နည်း နှင့်သွင်းစေ၊ ၂၀၃ ပုဒ်အရေအတွက်ရသည်ကိုကျမ်း ဂန်နှင့် ညီမညီမသိပါဆိုသည့်ဆရာတို့မှာ မဟာဒါန်ဝန်ကအိမ်မှာ ခေါ်၍ မေး စေ။

19 July 1801

(သက္ကရာဇ်) ၁၁၆၃ ခုဝါခေါင်လဆန်း ၁၀ ရက်နေ့နံား ခ၈ မြောင်မှူး ထွင်ပြန်။

(မေမြို့ဘုန်းကြွယ်ပေမူ၊ တောင်ခွင်သာသနာပိုင်ပေမူ)

ပင်း ယမြို့ရှိငပုသိမ်း စုသစ်ပျည်ကို ကျောက်မော်မင်း သမီး ကိုသနား တော်မူ သည်၊ ရမ္မာဝတီအာ ကောက်ဝန်ငမြတ်လှက ကြေးနီ ဘော်ပြား မှုး ကိုသ တော်ဝ ပြည်သို့တင် ဆောင်ပါရမည့်အကြောင်း နှင့်ရှိနိုး သံတော်ဦး တင်သည်၊ မတင်မ ဆောင် စေနှင့်၊ ငကြီး ၊ ငရွဲ၊ င ကောင်း တို့ကိုအင်္ဂ တေ ယောင်းအကြီး အကြပ်တို့ သို့အပ်၍အင်္ဂ တေ ယောင်း စေ။

(သက္ကရာဇ်) ၁၁၆၃ ခုဝါခေါင်လဆန်း ၁၁ ရက်နေ့နား ခစ မြောင်မှုး ထွင်ပြန်။

(မေမြို့ဘုန်း ကြွယ် ပေမူ)

ကျော် အောင်စံထား ကိုလူ ဝတ်လဲ စေပြီး လျှင် ရွှေရုံး သို့ဆဲဝ်၍ ပြကွဒိန်တွင် ရက်
၃၆၀၊ ၂၄၃ ပုတ်ရ အောင် ဘော်ပြအစစ်ခံ စေ၊ အစစ်မခံနိုင်လျှင်ဘွား ကျည်
သို့ပို့၊ ရွှေမြို့ တော်ဆင်ကျုံး အရှေ့ တောင်ကဆင်တင်း ကုတ်ကိုနတ် တောင်ဆင်ဖြူ
တော်ထား ရန် ကောင်း မှန် အောင်ပြင်လုပ် စေ၊ မျက်နှာကျက် စေ၊ ရာဇ
မှတ်ကာ စေ။

20 July 1801

(သက္ကရာဇ်) ၁၁၆၃ ခု ဝါခေါင်လ ဆန်း ၁၁ ရက် နေ့နား ခစ မြောင်မှူး
တွင်ပြန်။

(မေမြို့ဘုန်း ကြွယ် ပေမူ၊ တောင်ခွင်သာသနာပိုင် ပေမူ)

ဆင်တော်သည် ဆင်စီး ငပေါင်၊ ငမိုး ၊ ငမြတ်ထွန်း ၊ ငကျော်၊ ငထွား ၊ ငဘူး ၊ ငပြေ၊ ငစို၊ ငမောင်၊ ဇေယျသကြိန်၊ ငနိုး ၊ ငမြတ်စံ၊ ငရွှေ၊ သိဂို ကူဝိပေ၊ စည်ကျွပ၊ သရဘီး ၊ ဒီပ၊ စန္ဒရော်၊ ဝင်ဖေပ၊ ငတိုး ၊ ငသွန့်တို့ ကို ဗောင်း နား ထောင်း ဝတ်လုံ မောက်တို မောက်ရှ ပါလည်ကွေး မျည်းတို မျည်း ရှည်၊ ဒူး ၄ ရာ နေတို့နည်း ဝတ်ဆင်စေ။

21 July 1801

(သက္ကရာဇ်) ၁၁၆၃ ခုဝါခေါင်လဆန်း ၁၂ ရက်နေ့နား ခစ မြောင်မှူး ထွင်ပြန်။

(မေမြို့ဘုန်း ကြွယ်ပေမူ)

အုန်တစည် ထောင်ကဲ ဟောင်း နှင့်သား ငဝန်ကိုအကျည်း ကလွှတ်၍လက် ရွေး ကြီး ထောင်ကဲစန္ဒနရာ ကျော်ကိုအပ်။

21 July 1801

(သက္ကရာဇ်) ၁၁၆၃ ခုဝါခေါင်လဆန်း ၁၂ ရက် နေ့နာ ၁း ခ်စ မြောင်မှူး တွင်ပြန်။

(မေမြို့ဘုန်း ကြွယ် ပေမှု)

ငှာနှဲ ကျောင်း ဓမ္မဓဇ္ဇ၊ ဘုတလင် ကျောင်း ပညာသိရိ၊ စသာ ကျောင်း ညာဏသာရ၊ တောင်ကျည်း ကျောင်း မဏိဓဇ္ဇ၊ ငှင်း နန္ဒမာလာ၊ သိန်ကုန်း ကျောင်း ပညာရံသီတို့သည် ပညတ်သိက္ခာပုဒ် တော်များ ကိုမသိမကျွမ်း နား မလည်၊ သာသနာ တော်အညစ်အ ကြေး ဖြစ်သည်၊ လူဝတ်လဲ စေပြီး လျှင်မဟာမုနိဘုရား အကြီး တိုက်စိုး သို့အပ်။

22 July 1801

(သက္ကရာဇ် ၁၁၆၃ ခု ဝါခေါင်လဆန်း ၁၃ ရက် နေ့နား ခံစ မြောင်မှူး ထွင်ပြန်)။

(မေမြို့ဘုန်း ကြွယ် ပေမှု၊ တောင်ခွင်သာသနာပိုင် ပေမှု)

23 July 1801

မြောက်ဘက်ခွက်ခွင်မြင်း စီး ငစိန်နှင့်ကန် တော်မင်း ကျောင်း ရွာသူကြီး ဇေယပုံချီတို့စကား မှာနယ် မြေမှုကိုအိမ် ရှေ့မင်း ကောက်ယူစိရင်ချက်အတိုင်း သင့်ပြီ၊ လက်လွှန်လက် ရောက်မှုမှာ ခွက်ခွင်မြင်း စီး ငစိန်ကကန် တော်မင်း ကျောင်း ရွာသူကြီး ဇေယပုံချီသည်လုအားများ လာ ရောက်ဝန်း ဂုံချည် နှောင် ထောင်း သတ်ဂိုက်နှက် ကြောင်း များ နှင့်ရှိခိုး သံ တော်ဦး တင်ပြီး မှအထူး မ ဆိုလိုပြီး ပြေလိုပါသည်အစစ်ခံပြန်သည်ဖြစ်သည်၊ ခွက်ခွင်မြင်း စီး ငစိန်ကိုသစ် တောသို့ပို့။

22 July 1801

(သက္ကရာဇ်) ၁၁၆၃ ခုဝါခေါင်လဆန်း ၁၃ ရက် နေ့နား ခံစ မြောင်မှူး ထွင်ပြန်။

(မေမြို့ဘုန်း ကြွယ် ပေမှု)

23 July 1801

ငဘဲကြီး ကို ကျောက်မြောင်း သို့ ပို့သည်ကို ချမ်းသာပေး တော်မူပါမည့်အကြောင်း နှင့် မြေး တော်စကိုင်း မင်း ကသနား တော်မူသည် ရွှေဘဝါးတော်အောက် ခေါ်စေ၊ ရောက်လျှင်တရား သူကြီး ကို ခေါ်၍ ဆုံးဖြတ်စီရင်စေ။

23 July 1801

(သက္ကရာဇ်) ၁၁၆၃ ခုဝါခေါင်လဆန်း ၁၄ ရက် နေ့နား ခံစ မြောင်မှူး ထွင်ပြန်။

(မေမြို့ဘုန်း ကြွယ် ပေမူ)

ထွက်စံတော်မူရာဘိုး ဒေါင်လှေမ ရောက်မလာဖြစ်သည်၊ လွှတ်ကသင့်ရာခန့်ထား၍အလျင်ရောက်အောင် ဒေါ်စေ၊ ကျော်အောင်စံထား လုထွက်ငမြတ်ထွန်း ကိုဘွား ကျည်ပို့ကိုချမ်းသာပေး တော်မူသည်၊ ရွှေမြို့တော်မှာမနေစေနှင့်လွှတ်ရာနေစေ၊ ရဟန်းလည်း မပြုစေနှင့်။

23 July 1801

(သက္ကရာဇ်) ၁၁၆၃ ခုဝါခေါင်လဆန်း ၁၃ ရက်နေ့နား ခံစ မြောင်မှူးတွင်ပြန်။

(မေမြို့ဘုန်းကြွယ်ပေမူ၊ တောင်ခွင်သာသနာပိုင်ပေမူ)

ဝန်ဝန်စာရေးကြီးတို့ကတွင်းသင်းတိုက်အဝင်သံဘိုရွာ၊ ကျေးသီး ၊ ချောင်းဆုံရွာများတွင်နေထိုင်၍သည့်တော်ကြီးနှင့်နေ့ညည့်မပြတ်စောင့်နေထမ်းရွက်ပါသည်၊ ချောင်းဆုံသံဘိုရွာတွင်နေထိုင်ထမ်းရွက်သူငချစ်မှတ်၊ ငကြွယ်၊ ငရွှေလှ၊ ငချစ်ရ၊ ငမြတ်ရွှန်း ၊ ငသာလှ၊ ငညိုဦး ၊ ငကွယ်၊ ငမြတ်ရွှဲ၊ ငကြာညို၊ ငချစ်စံ၊ မိရ၊ ငသာအိုး ၊ ငစံ၊ မိသာလေး ၊ ငသာဖြူ၊ ငကြွင်း ၊ ငမှိုင်း ၊ ငပုံစား ၊ ငရွှေဦး ၊ ငရွှန်း ၊ ငထား ၊ ငဘိုးသု၊ ငသာလဲ၊ ငမြတ်နု၊ ငဝက်၊ ငအောင်၊ ငပန်းဖြူတို့ကိုမြို့ဝန်စစ်ကဲတိုက်ဝန်တိုက်စာရေး ၊ ကျေးရွာသူကြီးတို့ကစရိတ်ကျေးငွေစစ်လက်နက်ကိုင်အခန့်အထား အနှုတ်အယူမရှိပါစေရ၊ ယည်တော်ကြီးမှာထမ်းရွက်၍အသည်အလာဝင်နေကပ္ပါးတို့ကိုသိမ်းသွင်းပြုစုပါရမည့်အကြောင်းနှင့်ရှိနိုးသံတော်ဦးတင်ချက်အတိုင်း ချောင်းဆုံသံဘိုရွာနေငချစ်မှတ်၊ ငကြွယ်၊ ငရွှေလှ၊ ငချစ်ရ၊ ငမြတ်ရွှန်း ၊ ငသာလှ၊ ငညိုဦး ၊ ငကွယ်၊ ငမြတ်ရွှဲ၊ ငကြာညို၊ ငချစ်စံ၊ မိရ၊ ငသာအိုး ၊ ငစံ၊ မိသာလေး ၊ ငသာဖြူ၊ ငကြွင်း ၊ ငမှိုင်း ၊ ငပုံစား ၊ ငရွှေဦး ၊ ငရွှန်း ၊ ငထား ၊ ငဘိုးသု၊ ငသာလဲ၊ ငမြတ်နု၊ ငဝက်၊ ငအောင်၊ ငပန်းဖြူတို့နှင့်လူ ၂၀ ကျော်ကိုယည်တော်ကြီးမှာတဝတည်းထမ်းရွက်စေ၊ မြို့ဝန်စစ်ကဲတိုက်ဝန်တိုက်စာရေး ကျေးရွာသူကြီးတို့ကအနှုတ်အယူမရှိစေနှင့်၊ အသည်အလာဝင်နေကပ္ပါးတို့ကိုကျေးရွာမှာသိမ်းသွင်းပြုစု၍ယည်တော်ကြီးမှာထမ်းရွက်စေ။

(23 July) 1801

သက္ကရာဇ် ၁၁၆၃ ခု(ဝါ)ခေါင်လဆန်း ၁၄ ရက်နေ့နား ခံပြေ့ကြီးမှူးတွင်ပြန်

(ရှေးဟောင်းသုတေသန)

1 January 1802

17 May 1783

၁ သကရာဇ် ၁၁၄၅ ခုနယုန်လ အမရပူရ ရွှေပြည်ကြီး

၂ ချောပြီးမှတ်တင်သံစင်ချိန်ဝင် ၁၂၀ သပြာကျပ်ပေါင် ၁၂၀၀၀

၃ ပြက တောအရည်ကျို၍ မင်အဆက်ဆက်တရုံတဆစ်မဖြစ်

၄ ပူမြဲသံအ ရေမြောက်ကြီး သွန်လုပ်သည်ကား သကရာဇ် ၁၁၆၃ ခု

၅ ပြာသိုလ ရတုပေါမ ဆရာစန္ဒရူတသ ၂၉ အံသာနံနက်၄ချက်တီ 1 January 1802

၆ ကျော်၆နာရီတွင် ၂၀၆ဖိုကျိုချက် စေ၍တပတို ကျော်၃နာရီ၃

၇ ပတ်တွင်ပန်ပဲသမား ၁၆ ယောက်သွန် စေရ၏တနာရီနှင့်၂ပတ်

၈ သော်ဆင်ဖြူမျှာသိခင်လျှက်ကြောသိခင်ဘဝရှင်မင်တြာ၏ ရွှေဖုန်

၉ တော် ကြောင့်နတ်မျှာ သောင်သာ ခေါင်မလှာ၍အနာအဆာအ ပေါက်

၁၀ အပြဲမဟိရည် တော်မူတိုင်း ညြင်ခြင်သို့ ရောက် စေရသတည်

(မန္တလေး တက္ကသိုလ်ပြတိုက်၊ သန်း ထွန်း ၊ နယ်လှည့် ၁၊ ၁၉၆၈၊ စာ ၉၁)

ဗန်ကျိုဇဇရွာတိုက်၊ အရှေ့ တောင်ကိုယမား ၊ စည်သူကန်ရိုး က မြေခက်ကိုတင် တောင်ရှင်မဥ္ဇူတောင်၊ ၎င်း မြေခက်ကိုမင်း ယာကုန်း ၊ ၎င်း မြေခက်ကို တောင်တကာ ညောင်ပင်၊ ၎င်း က မြေခက်ကို ကျောက်ကြီး ရွာ၊ အနောက်ကို လျှောက်၍ မြေခက်ယမား ထိ၊ ၎င်း အနောက်ကိုယမား ကောက် ကောက်စင်း စင်း ကို လျှောက်၍ ဗန့်ကျို တောင်ရိုး ထိ၊ ၎င်း ကို လျှောက်၍ တောင်ယမား ထိ၊ ၎င်း ကအရှေ့ကိုယမား ကောက် ကောက်စင်း စင်း လျှောက်၍သတ်ရင်း နမိတ် စည်သူကန်ရိုး ထိ၊ ၎င်း နယ်ဂရုပ်အတွင်း ဗန့်ကျိုဇဇရွာတိုက်နယ် မြေဖြစ်စေ၊ ဗန့်ကျိုဇဇရွာတိုက်ကိုလည်း ဆား လင်း ကြီး ရွာသူကြီး ငနီကိုသူကြီး ခန့်။

18 May 1802

(သက္ကရာဇ်) ၁၁၆၄ ခုနယုန်လပြည့်ကျော်၃ရက် နေ့နား ခ ကျော်နှစ်ခ နေဘ်ရထာပြန်။

(ဆား လင်း တောင် ပေါ် ကျောင်း ရှင်အာဒိစ္စ)

မဟာမုနိဘုရားမှာထားသည့်ပုဏ္ဏားတို့ကိုချမ်းသာပေးတော်မူသည်၊ ဘုရားမှာမနေစေနှင့်၊ လွှတ်စေ၊ ပုဏ္ဏားခေါင်း မဟာဝေဆ ပေါင်း ဆဘော်တို့နှင့်သင့်တင့်အောင် ပေါင်းဘက်နေထိုင်ထမ်းရွက်ကြစေ။

30 August 1802

သက္ကရာဇ်၁၁၆၄ခု တော်သလင်း လဆန်း ၃ရက် နေ့နံား ခ ကျော်စွာနော်ရထာတွင်ပြန်။

(အောင်ငြိမ်း စု)

မန်လည်ငါး ရွာနှင့် ခေါင်းတုံမြို့နယ် မြေမှုမှာပု မွေ တောင်ကစသည် အနောက်ကိုနန်း မိချောင်း ကောက်ကောက်စင်း စင်း ၊ ချောင်း တောင်ဘက်နား ကို လျှောက်ပြီး လျှင်မဲဇာ ချောင်း ကိုကူး ၍မင်း ၀ံ တောင်ရိုး ထိသတ်ဆိုသည်၊ မြောက်ဘက်ကို ခေါင်း တုံမြို့နယ် မြေ၊ တောင်ဘက်ကိုမန်လည်နယ် မြေဖြစ်စေ၊ တံခွန်တိုင်ရွာ၊ နန့်သဲရွာ၊ ခိုနန်း ရွာ၊ ကွမ်း ချောင်း ရွာ၊ ညီမော်ရွာ၊ သဲကုန်း ရွာ၊ အိုက်မရွာများ နှင့်မန်လည်မြို့နယ်သမုတ်ပိုင်း ခြား တော်မူရာပါဝင်သည့် ကျေး ရွာကိုမန်လည်သူကြီး ကစီရင်စေ၊ မန်လည်နယ်တွင်း သို့ပါဝင်သည့်ကိုဝန်ငန်စု ရွှေခွန် တော်ဆက် ထုံး ခွန်ရွာ၊ အင်ပင်ရွာ၊ နန့်သာရွာ၊ တည်ကုန်း ရွာများ လည်း အရပ်ရပ်မြို့ရွာနယ်တွင်း ရှိအခွန် တော်ဆက် ကျေး ရွာတကာ နည်း မန်လည်သူကြီး ကစီရင်စေ၊ မန်လည်သို့ပါဝင်သည့် ကျေး ရွာကို (သက္ကရာဇ်၁၁) ၄ [1783] ၅ခု (၁၁) ၆၄ခု [1802] ခေါင်း တုံကစစ်တမ်း စာရင်း ပါသည်ကိုသိမ်း ၊ မန်လည်ကစစ်တမ်း စာရင်း ဆက်စေ။

6 December 1802

သက္ကရာဇ်၁၁၆၄ခုနှစ် တော်လဆန်း ၁၂ရက် နေ့နား ခံတော်စ မြောင်မှူး သီဟနော်ရထာပြန်။

(ရှေးဟောင်း သုတေသန)

စလင်း မြို့မှာမြို့သူကြီး အခြား မရှိစေနှင့်၊ ခမည်း တော်ဘုရား လက်ထက်တော် ဟင်္သာတံဆိပ်စာချွန် ပေး အပ်ခန့်ထား သူ့ပိုး စား မြေတိုင်ကြီး ဇေယဘဗ္ဗရာ မဟာခံ ငရွှေဆိုင်သား ငတောကိုတဝတည်း တိုင်ဆောက်ကြီး စိုး စီရင်စေ၊ မဟာသမန်း ထွင် ပေး အပ်ရှိသည့်မြို့သူကြီး ခန့်တံဆိပ်စာချွန်စစ်တမ်း စာရင်းများ ကိုသိမ်း ၊ ငတောကစစ်တမ်း စာရပ်း ဆက်သွင်းစေ။

8 December 1802

သက္ကရာဇ် ၁၁၆၄ ခုနတ်တော်လဆန်း ၁၄ ရက် နေ့နား ခ တော် ကျော်စွာ နော်ရထာပြန်။

(ရှေးဟောင်းသုတေသ .)

ဒုမာရာမိ၊ လက္ခဏာ၊ သောမြ၊ ဒုဂါရာမိ၊ ရာမဒေဝ၊ ဟာသိရာမိတို့ ဓညာဝတီမြို့က ပင်အခြား ပုဏ္ဏားတို့နှင့်အတူ မနေ၊ မဟာမုနိဘုရား အနီး အပါး နေသူများ ဖြစ်သည်၊ မဟာဒါန်ဝန်ကိုအပ်၍ မဟာမုနိဘုရား မှာ နေစေ။

22 January 1803

သက္ကရာဇ် ၁၁၆၄ ခုပြာသိုလပြည့်ကျော် ၁၅ ရက် နေ့နား ခစ မြောင်မှူး ပြန်။

(အောင်ငြိမ်း စု)

ညဝတီမြို့ရှိကွမ်းသီး တော်ဆက်ကျွန် တော်မျိုး မိန်း မစိုး တို့ဆွေသား မျိုးသား ပေါက်မြိုင်မြို့စား လူတို့ကိုရနိုင် လေး မြို့ကတအိမ်ဒိဝိစီကျဒဿမဘါဂ ကြေး ငွေဆက်သွင်း စေအမိန့်တော်မြွတ်ရင်း အတိုင်း အသီး သီး ဆက်သွင်း၍တံဆိပ် တော်ခံကြရသည့် နောက်မြို့သူကြီး တ ငွေခွဲယူခဲ့၍ဆင်း ရဲသား တို့နှစ်ထပ်မကျသင့်၍ပြန် ပေး တော် မူသည့် ငွေသား ဖြစ်သည်၊ ကွမ်း သီး တော်ဆက်ကျွန် တော်မျိုး မိန်း မစိုး တို့ဆွေ သား မျိုး သား ပေါက်မြိုင်မြို့သူကြီး ကထပ်၍တံဆိပ် မခံ စေနှင့်၊ အသီး သီး တံဆိပ် ခံသည့်အတိုင်း ငြိမ်း စေ၊ နောင်တအိမ်ဒိဝိကျဒဿမဘာဂ ငွေကိုမြို့သူကြီး သို့ပေး၍ မြို့သူကြီး က ရွှေဘဝါး တော် အောက်ဆက်သွင်း စေအတွင်း သံ တော်ဆင့်ကိုဆင့်။

23 May 1803

(သက္ကရာဇ်) ၁၁၆၅ ခုနယုန်လဆန်း ၃ ရက် နေ့တပက်ဆွဲရ၁၄၁စား သုစိတ္တာပြန်။

(ရွှေးဟောင်းသုတေသန)

ဘုန်း တော်အလွန်ကြီး မြတ် တော်မူလှ သော အသျှင်ဘဝရှင်မင်း တရားကြီး ဘုရား အမိန့် တော်ရှိသည်၊ ငါအသျှင်ဧကရာဇ်မင်း မြတ်သည်မင်း သာမန်တို့ခံ ဝံ့ခဲ သော မုဒ္ဓါဘိသိက်ကိုဦး ထိပ်နှိုက်စိုက်လျှက်နှစ်ကြိမ် မြောက်စင်ခံ တော်မူ၍ ရာဇာဓိတရား ၁၀ ပါး အပရိဟာနိယတရား ၇ ပါး သင်္ဂဟတရား ၄ ပါး စသော မင်းကျင့်တရား ဘုရား လောင်း တို့ဖြည့်မြဲဖြစ် သော စရိယတရား ၃ ပါး နှင့်ပြည့်စုံသဖြင့် ခတ္တိယ အဖြစ်သို့ ရောက် တော်မူသည်၊ အမှု တော်ကိုမ သွေမဖီဦး လည်မသုံထမ်း ရွက် သော သူတို့ကိုလည်း သား တော်အစဉ် မြေး တော်အဆက်မြစ် တော်အဆွန့်အနွှန့် ရှည်စွာ ခတ္တိယအနွယ်မြတ်သို့ ရောက်သဖြင့် ထင်ရှား လ မည် ရည် တော်မူ၍ လောကီကျမ်း ဆရာ တို့သည် ဇိဿနိုး နတ်ကိုချီး မွမ်း သကဲ့သို့ ငါတို့မင်း ဧကရာဇ်သည်လည်း ရည် တော်မူတိုင်း အပြီး သို့ ရောက်မြဲဖြစ်၍ ပုခန်း မင်း သား အကြီး ကျော်တင်ရာဇာသူအုပ်စု နေရင်း ရွာ နေ၍ အောင်မင်း နှင့်လူ ပေါင်း ၁၈ တို့ကိုခတ္တိယဇာတ်ဖြစ် စေ သမုတ်ပြဋ္ဌာန်း တော်မူသည်၊ အမှု တော်ကိုတုန်ထွင် အောင်ထမ်း ။

8 June 1803

(သက္ကရာဇ်) ၁၁၆၅ ခုနယုန်လပြည့် ကျော် ၄ ရက် နေ့နား ခံ စမြောင် မှုး ပြန်။

(အုပ်ချုပ်ပုံ၊ ဒု၊ ပိုဒ် ၁၉၁/၁၅၊ စာ ၃၅)

ကျိုဝန်မင်း လှ ရွှေတောင်ကဝန်စု ရွှေခွန် ငွေခွန်သံသ ဈေး ပယင်း ကျောက် နန်း ဂိုး အခွန်တော်ဆက်လုတို့လုပ်စား မြို့ပယ်နယ် ကျေး ရွာများ ကို စော်ဘွား မြို့စား မြို့ရွာသူကြီး နယ်ရှင်ပယ်ရှင်တို့က နယ်ကြီး အတွင်း ကျေး ရွာဖြစ်သည် နှောင့်ရှက်လုယူ သော ကြောင့်အခွန်ဆက်အစုသား တို့ဘိုး တလက်မကွာထား မဦး ချုပ်စား သည့်နယ် မြေ ကျေး ရွာ များ တွင်မ နေ ပါရအခြား ကျေး ရွာသို့ထွက်သွား ပြောင်း နေရသည်၊ ရွှေပြည် သေနတ်ခတ္တိယများ မှာလည်း ဝင်ထမ်း ရှိနေ သော် ကြောင့်အခွန် တော်မ ပြေ ရှိပါသည်၊ စီး ပွါး တော်မ ပျက် နေရင်း ကျေး ရွာများ တို့ စော်ဘွား မြို့စား မြို့ဝန်မြို့သူကြီး ပယ်ရှင်နယ်ရှင်တို့က မလုမယူမ နှောင့်မရှက် ရွှေပြည် သေနတ်ခတ္တိယများ မှာ မဝင်မထမ်း စေရ၊ တမြို့တရွာ ပြောင်း သွား နေထိုင်သည့်အခွန် တော်ဆက်မှန်သမျှလုတို့လုပ်စား နေထိုင်မြဲမြို့ ကျေး ရွာများ သို့ သိမ်း သွင်း ထမ်း ရွက် နေထိုင်ပါရမည့်အ ကြောင်း နှင့်ရှိခိုး သံ ကော်ဦး တင်သည်၊ ကျိုဝန်ဝန်စုနန်း ဂိုး ရွှေခွန် ငွေခွန်သံသ ဈေး ငှက်မြီး ဆက်အခွန်ထမ်း လုတို့မှာ ဗစဉ်ထုံး စံရှိသည့်အတိုင်း တိုက် ထော်ကျ တော်ကိုနှစ်စဉ်ဆက်သွင်း ရသည်ဖြစ်သည်၊ ရွှေခွန် ငွေခွန်သံသ ဈေး အခွန်ထမ်း လုတို့ နေထိုင်မြဲ ပယ်နယ် ကျေး ရွာကို စော်ဘွား မြို့စား မြို့ရွာသူကြီး တို့က ပယ်နယ်အတွင်း ဖြစ်သည်၊ စီရင်ရ ကောင်း သည် မဆို စေနှင့်၊ အခွန် တော်ထမ်း မှန်သမျှလုတို့ကို ဝန်စုဆိုင်ရာ စီရင် စေ၊ (သက္က 1793
ရာဇ်) ၁၁၅၅ ခုထုတ်ပြန် တော်မူသည့်အမိန့် တော်နှင့်ရှိ လေပြီး သည့်အမိန့် တော်မြတ်ရင်း အတိုင်း ဖြစ် စေ၊ အခွန် တော်ထမ်း လုတို့ နေထိုင်ရင်း ကျေး ရွာကအအခြား တပါး ထွက်သွား ပြောင်း နေသည့်လုတို့ကိုလည်း ကျိုဝန်မင်း ကျော် ရွှေတောင်ကသိမ်း ဂိုး ရှုံလုပ်စား နေထိုင်မြဲ ကျေး ရွာမှာ နေထိုင်ထမ်း ရွက် စေ၊ အခွန် တော်ဆက်လုတို့ ရွှေပြည် သေနတ်ခတ္တိယများ မှာထမ်း ရွက်ရှိသည်မှန်လျှင်လည်း မထမ်း မရွက် စေနှင့်၊ နှုတ်ရှုံဆိုင်ရာအခွန်အစုမှာထမ်း ရွက် စေ၊ စော်ဘွား မြို့စား မြို့ဝန်စစ်ကဲမြို့ရွာသူကြီး တို့က မ နှောင့်မရှက်မလုမယူ ကြေး ငွေမ တောင်း မခံမစီရင် စေနှင့်၊ ဝန်စုဆိုင်ရာ စီရင် စေ။

12 November 1804

သက္ကရာဇ် ၁၁၆၆ ခုတန်ဆောင်မုန်း လဆန်း ၁၁ရက် နေ့နား ခ စ မြောင်မှူး ပြန်။

(ညွှန်း ကြည့်၊ ပု၊ ၆၀၄)

ဒေဝဒဟ ကောလိယကပ္ပိလဝတ်ပြည်ကြီး သာကီဝင်မင်းတို့ (ကဲ့သို့သ ဝေမခြား) ဖြစ်စေခြင်း ၄ါသား တော်မိုး (မိတ်မင်း သား သတိုး မင်း ရဲ ရွှေတောင်နှင့်) သမီး တော် (မင်း မြတ်စောထီး) သီရိမလ္လာနန္ဒာ ဒေဝီတို့ကိုလက်ထပ် (မင်္ဂလာဆောင်) ထော်မူမည်၊ အခမ်း အနား မှာ (သတိုး မင်း ရဲ ကျော် ခေါင်) ရွှေကူမင်း သမီး သီရိရတနာ ဒေဝီတို့ကို (လက်ထပ်မင်္ဂလာ ဆောင်) တော်မူသည် (အတိုင်း) ခန့်ထား စီရင် (စေရမည်) ခန့်ထား စီရင်ရန်ရှိသမျှကိုပြီး ပြေအောင်စီရင်။

23 January 1805

(သက္ကရာဇ်) ၁၁၆၆ ခုပြာသိုလပြည့်ကျော် ၉ ရက်နေ့နား ခစ မြောင်မှူး ထွင်ပြန်။

(တက်ဗဟို ၄၅၂၀၉)

ကျိဝန်ဝန်စု ငွေခွန်ဝန်စုလုတို့တွင်အမှုအရှုက်အတင်ရှိသမျှကိုကျိဝန်ကစစ်ကြောစီရင်စေ၊ လွှတ်ရုံး မလျှောက်မထား မစီရင်စေနှင့်၊ လျှောက်ထားလျှင်အာကိုဟက်၊ လျှောက်ထားသွားလျှင်ဒူး ကိုဖြတ်။

သက္ကရာဇ်၁၁၆၆ ခုတပေါင်းလဆန်း ၆ ရက်နေ့နား ခ (5 March 1805) ကျော်စွာနော်ရထာပြန်။

(မျိုးကြည့်၊ ပု၊ ၆၀၄)

မဟာမုနိဘုရား မှာအမိန့်တော်နှင့်ထား သည့်ပုဏ္ဏား ၆ ယောက်တို့ကိုဘုရား ကလွှတ်၍အထက်ထမ်း ရွက် နေထိုင်မြဲထမ်း ရွက် နေထိုင်ပါစေမည့်အကြောင်း နှင့် ရှင်ရသေ့က မေတ္တာရပ်သည့်အတိုင်း ဘုရားကလွှတ်စေ၊ အထက်ထမ်း ရွက်နေ ထိုင်မြဲအတွင်း နေထိုင်စေ။

13 August 1805

သက္ကရာဇ် ၁၁၆၇ ခု ဝါခေါင်လပြည့်ကျော် ၄ ရက် နေ့နားခံစ မြောင်မှုးထွင် ပြန်။

(အောင်ငြိမ်း စု)

17 October 1805

17 October 1805

သက္ကရာဇ် ၁၁၆၇ ခုသီတင်းကျွတ်လပြည့်ကျော် ၁၀ ရက် နေ့ရဟန်း ရှင်လင်္ကာဒီပ ကိုအဆက်အနွယ်သိက္ခာကျင့်ဝတ်အကြောင်း အရာများ ကိုသိသော အောင်ဆရာတော် က မေး၍ စာသွင်း စေအမိန့်တော်အတိုင်း ရဟန်း ရှင်လင်္ကာဒီပကို မေး ဆေး ထွက်ဆိုချက်၊ ရှင်လင်္ကာဒီပအဆက်အနွယ်ကို မေး ဆေး သော် ကျောက်ဆည်မြို့နယ်ဆီ မီး ခံရွာ ကျောင်း ရှင်သာရမဥ္ဇူထံသာမဏေပြုပါသည်၊ ၎င်း ထံမှာပဥ္စင်း ခံ ပါသည်၊ ကမ္မဝါဆရာမှာငံ့စည်း ရှင်ပဏ္ဍိတ တောင်သာရှင်ဂုဏရံသီ ကျောက်တန်း ရွာရှင်ညာဏသုံး ပါး ကမ္မဝါဆရာဖြစ်ပါသည်၊ ရှင်သာရမဥ္ဇူဆရာမင်း ယင် တော ကျောင်း ရှင်အဂ္ဂမေဓါ၎င်း ရှင်အဂ္ဂမေဓါဆရာကအထက်အနွယ်အဆက်ကို မသိပါ၊ ၎င်း ရှင်သာရမဥ္ဇူရှင်အဂ္ဂမေဓါတို့လည်း မင်း ရွာဆရာတော်ငသ ရေဝံ ရွှေမြင်တင်၊ ပုဂံမြစ်ကျင်း ဆရာများ နှင့်တပေါင်း တဘော်သမဂ္ဂတချက်တည်း ဖြစ်ပါသည်၊ ကျင့်ဝတ်သိက္ခာများ ကို မေး သော် ပဌမပါရာဇိကအင်္ဂါနှစ်ပါး ဒုတိယ ပါရာဇိကအင်္ဂါ၅ပါး တတိယပါရာဇိကအင်္ဂါ၅ပါး ၊ စတုတ္ထပါရာဇိကအင်္ဂါ၅ပါး ၊ ပါရာ ဇိက ပေါင်း ၂၄ပါး ၊ သင်္ဃာဒိသိသ်ကစ၍သိက္ခာပုဒ်အရေအတွက် ၂၂၇ပါး ၊ အဓိဋ္ဌာန် တင်ခြင်း ၊ ချင်း ၊ ကပ္ပိယကုဋီ၄ပါး ၊ ကာလိက၄ပါး ၊ ၎င်း ကိုသုံး ဆောင်သည့် ကာလအပိုင်း အခြား သီလ၄ပါး ၊ သုဒ္ဓိ၄ပါး ၊ ပရိဘောဂ လေး ပါး ၊ ဥပုသ်ကိုး ပါး ၊ ပဝါရဏာကိုး ပါး ၊ အကပ်ခံခြင်း ငါး ပါး ၊ အကပ်ပျက်ခြင်း ခြောက်ပါး ၊ ကုလဒူသက ရှစ်ပါး ၊ အနေသန နှစ်ဆယ့်တပါး များ ကို ရေတွက် ပြောဆိုသည်၊ ယခု ရွှေမြို့တော်သို့လာသည့်အရာများ သည်ကုလဒူသကအနေသနဖြစ်မည်မဖြစ်မည်ကို မေး သော်ပစ္စည်း ကို တောင့်တ၍ပြုသော်သာကုလဒူသကအနေသနဖြစ် ကောင်း ပါသည်၊ တပည့်တော်မှာပစ္စည်း ကိုမ တောင့်တပါ၊ ပြည်သူလူ ရဟန်း ကိုချမ်း သာ စေလို သောဆန္ဒ၊ မင်း ဧတရာဇ်အကျိုး တော်ကိုလို သောသုဒ္ဓစိတ်ဖြင့် ဆောင်ရွက် ပါသော ကြောင့်ကုလဒူသကအနေသနမဖြစ်သင့်အယူရှိပါသည်ဘုရား ၊ ဝဲလောင်ရွာ ကျောင်း ရှင်လင်္ကာဒီပထွက်ဆိုချက်ကို ထောက်လျှင်ဥပဇ္ဈာယ်ဆရာကမ္မဝါဆရာတို့သည် ကျမ်း ဝန်သိမြင် သောပုဂ္ဂိုလ်ပင်ဖြစ်သည်၊ ရှင်လင်္ကာဒီပလည်း အသင်အကြား ရှိ သော ပုဂ္ဂိုလ်ပင်ဖြစ်သည်၊ ဆရာ တော်တို့မိန့်ဆိုကုန်သည်၊

(ရှေး ဟောင်း သုတေသန)

ကျောက် ဆောက်မြို့အုပ်သိဂိုစန္ဒ ကျော်ထင်ကိုမ ခေါ်သာပြီ၊ ဆင်ဖြူတော်ကိုသိဂို စန္ဒ ကျော်သင်ကြပ်မ၍ အောက်မ တော်များ နှင့် ရွှေဘဝါး တော် အောက်အလျှင် ရောက် အောင် အောက်ငင် စေ၊ တနက်ပလါဆင်လည်း တော်သင့် အောင်ခန့် ထား၍သွား စေ၊ ဝဲ လောင်ရွှာရှင်လင်္ကာဒီပကိုလည်း ရပ်ရွာပြန် စေ၊ လှေ နှင့်လိုက်ပို့ စေ။

18 October 1805

သက္ကရာဇ် ၁၁၆၇ ခုနှစ်သီတင်း ကျွတ်လပြည့် ကျော် ၁၁ ရက် နေ့တွင်ပြန်။

(ရှေး ဟောင်း သုတေသန)

18 December 1805
သက္ကရာဇ် ၁၁၆၇ ခုနှစ် ပြာသိုလပြည့်ကျော် ၁၃ ရက် နေ့တွင် မင်းကြီးမဟာသက် တော်ရှည်
(မင်းကြီး နေဘ်ရဏ်တို့က) ရှိခိုးသံ တော်ဦးတင်လိုသည်ရှိ ဝတ္တဗိုလ်၊ င ဆောင်တို့တွင်ပါသည့်
တရုတ်ဘိုးသိုးစက္ကူစာကိုဘိုးသိုး ပြန်ငွေလှငွေဦး တို့ကိုဘာသာပြန်စေသည်ပြန်ချက်စကား
ဘုရား ။ အဘိုး စက္ကူအိတ် ကြောတွင်တဘက်ရွှေလီမိမြို့ဝန်တံဆိပ် ရွှေလီမိမြို့ဗိုလ်မှူး တံဆိပ်
(29 October 1805)
နှစ်ခုနှင့်ပါသည့်စာ၊ ကြာခြည်နန်း နေ (ဆယ်) နှစ်တန် ဆောင်မှုန်း လဆန်း ၈ ရက်
နေ့ပေး သည့်စာအထက်စာတ စောင်ရှိသည်၊ ၎င်း အဘိုး စက္ကူတဘက်က ရွှေလီမိမြို့ဝန်
ဗိုလ်မှူး တံဆိပ် လေး ချက်နှင့်ပါသည်၊ စာအရပြန်ဆိုချက်၊ ရွှေလီမိမြို့ဝန်ဟုတာ လောရဲ
ကစာရောက်လျှင်ဗိုလ်မှူး မင်း ကြီး ကဘွင့်၍ကြည့်ကြပါ၊ ၎င်း စက္ကူစာအိတ်အတွင်း ပါသည့်
ရွှေလီမိမြို့ဝန်ဗိုလ်မှူး တို့တံဆိပ်ငါး ချက်ခတ်လျက်တရုတ်ဘာသာ စာကိုပြန်ဆိုချက်ဘုရား ၊
ရွှေလီမိမြို့ဝန်ဟုတာ လောရဲကြား ရောက်ပါသည်၊ ဗိုလ်ချုပ်မင်း ၊ တရုတ်ပြည်နယ်မိုင်း
လျည်စော်ဘွား တော်ဝှာကုန်အကြောင်း အရာကိုစစ်ကြော မေး မြန်း သိရသည်၊
တရုတ်ပြည်ကတံဆိပ်လက်မှတ်နှင့်တကွမြို့ရွာကထွက် ပြေး သည်၊ ကျနုပ်စီရင်စုနယ်တွင်
ကျေး ရွာဖြစ်၍ ဥတည်မင်း ရာဇဝတ်မကင်း ကျနုပ်တာဝန်ဖြစ် သော ကြောင့်ရ
အောင်ရှာရမည်ဖြစ်ပါသည်၊ မိုင်း လျည်စော်ဘွား တော်ကုန်ရွာကိုမမိမရငန့်
နေနှင့်ရပါသည်၊ ပျောက်သည့်တံဆိပ်လည်း ယခုတိုင်မရ တော်ဝှာကုန်သည်လူဆိုး လက်ခံ
ဂတိသဝှာကိုမစောင့်တရုတ်တ ကျေး ထွက် ပြေး ၍ မိုး ညှင်း မှာရှိသည်ကြား ပါသည်၊
တရုတ်ပြည်နှင့် ရွှေပြည် တော်အမှုမရှိပါ တော်ဝှာကုန်သည် သေလို၍ထွက် ပြေး သူဖြစ်ပါ
သည်၊ နေထွက်ဘုရင်နိုင်ငံ တော်အတွင်း ကျေး ရွာနယ် မြေများ မှာ တော်ဝှာကုန်
ဝင်နေလာ ရောက်ရှိလျှင်ဗိုလ်ချုပ်မင်း ကြီး ကကျနုပ်ကိုချစ် မေတ္တာရှိသည်နှင့်အညီမ
ထွက်မလွတ်ရ အောင်ဘမ်း ဆီး ချည် နှောင် ပေး အပ်ပါမည့်အကြောင်း ကိုကြား ရောက်
ပါသည်၊ ၎င်း စာ အောက်စာကြောင်း တရုတ် ရေး လက်မှတ်ပြန်၊ နေထွက်ဘုရင်ပြည်
(29)ctober 1805)
ဗိုလ်ချုပ်မင်း ကိုပေး ၊ ၎င်း အောက်စာကြောင်း ကြာခြည်နန်း နေ(ဆယ်) နှစ်တန်
19 December 1805
ဆောင်မှုန်း လဆန်း ၈ ရက် နေ့ပေး သည့်စာ၊ ၁၁၆၇ နှစ် တော်လပြည့် ကျော် ၁၄ ရ
19 December 1805
နေ့ မြေတွန်းဝန်ဒိုင်းဝန်မင်းတို့သွင်း၊ သက္ကရာဇ် ၁၁၆၇ ခုနှစ် တော်လပြည့် ကျော် ၁၄
ရက် နေ့မိုး နံက ရောက်သည်၊ တရုတ်ဘာသာ စက္ကူစာကိုတရုတ်စကား ပြန်ငွေ ကောင်
ကိုပြန် စေသည်၊ ပြန်ဆိုချက်စကား ဘုရား ၊ ၎င်း စက္ကူအိတ်တဘက်ကတံဆိပ်နှစ်ချက်နှင့်

19 December 1805

(29 October 1805)

ပါသည့်စာတကြောင်း အတွက်၊ ကြာခြည်နန်း နေ (ဆယ်) နှစ်တန် ဆောင်မှန်း လဆန်း ၈ ရက် နေ့ ပေး သည့်စာ၊ စက္ကူအိတ်အတွင်း တံဆိပ်ငါး ချက်နှင့်ပါသည့်တရုပ်စာအတွက်၊ ရွှံ့လိမ်စော်ဘွား ဟုတာ လောရဲကြား ရောက်ပါသည်ဗိုလ်ချုပ်မင်း ၊ မိုင်းလျှည်စော်ဘွား တော်စွာကုန်သည်အုပ်ထုပ်တံဆိပ်များ နှင့်ပျောက်၍ မေးမြန်း စုံစမ်း လျှင် နေထွက်ဘုရင်နိုင်ငံ တော်အတွင်း မိုး ညှင်း မြို့မှာရှိ နေ ကြောင်း ကြား သိရပါသည်၊ လာ ရောက်သည်မှန်လျှင် တော်စွာကုန်သည် ကျေး ဇူး သစ္စာမ စောင့်လူဆိုး လက္ခဏာ ထွက်သွား သူဖြစ်ပါသည်၊ လက်ခံ၍ မထား ပါနှင့်၊ တွေ့မိ အောင်ဘမ်း ဆီး ပါ၊ တော်စွာကုန်ယူသွား သည့်တံဆိပ်များ ကိုမရလျှင်ကျနုပ်တို့အကြီး အအုပ်အပြစ် မကင်း ရှိပါသည်၊ နေထွက်ဘုရင်ပြည်နှင့်တရုပ်ပြည် မှာအမှုမရှိပါ၊ ဗိုလ်ချုပ်မင်း ကကျနုပ်ကိုချစ် မေတ္တာရှိသည်နှင့်အညီ တော်စွာကုန်သူပုန်သူကန်ကဲ့သို့ဖြစ်ပါသည်၊ ဘမ်း ဆီး ၍ ပို့အပ်ပါ၊ မပို့အပ်လိုလျှင်လည်း ဗိုလ်ချုပ်မင်း က တော်စွာကုန်ကိုသတ်ပါမည့်အကြောင်း ကိုကြား ရောက်ပါသည်။

19 December 1805

(သက္ကရာဇ်) ၁၁၆၇ ခုနှစ် တော်လပြည့် ကျော် ၁၄ ရက် နေ့ မြေစွန်း ဝန်ဒိုင်း ဝန်မင်း တို့သွင်း ၊

(ရွေး တောင်း သုတေသန)

နေခက်ဝင်း မှူး ဟောင်း နေမျိုး သခ်ယာမယား ယောလွန်ရာမှာ ရွှေ့သွယ်
နေရာ နေဖြစ်သည်၊ နေရာအလိုက်သင်္ဂြိုဟ်စေ၊ လက်ဗိုင်း စော်ဘွား ဂိုး ငစံ
ဆင် လျှောက်ချက်အစစ်ခံချက်ကို ထောက်၍ ငစံဆင်ကိုယက်ဗိုင်း မြိုကရင် ၅ ခေါင်း
လဝ ၃ ခေါင်း နှင့်တကွ စော်ဘွား ခန့်ထား မည်အစစ်ခံချက်ရင်း အတိုင်း လည်း
စစ်၊ မင်း ကျွန် တော်မျိုး ခံအမှုတော်ကိုထမ်း ရွက် စေမည်၊ စစ်ကိုင်း မင်း ၊
ပြည်မင်း ၊ ပုဂံမင်း ၊ ပုခန်း မင်း ၊ မိုး မိတ်မင်း တို့ဆက်သွင်း ချက်အတိုင်း
သင့်ပြီ၊ သီရိယု ကေသာကို ကျောက်တလုံး ကင်း ကိုသနား တော်မူသည်၊ စာချွန်
ရေး ပြီ ရေး ၍သွင်း ။

6 February 1806

သက္ကရာဇ် ၁၁၆၇ ခုတပို့တွဲလပြည့်ကျော် ၄ ရက် နေ့နား ခရာဇ နော်ရ
ထာတွင်ပြန် ။
(ရှေး ဟောင်း သုတေသန)

နွား မရုံ နေ ငရွှေအောင်၊ ငသူ၊ ငလုံတို့ရှိ ဒိုး သံတော်ဦး တင်ချက်အတိုင်း င ရွှေအောင်နှင့်လှေကြီး ၁၀၊ နွေထိုး လှော်ငယ် ၄၀၊ ငသူနှင့် လှေကြီး ၃ နွေထိုး လှေငယ် ၃၀၊ ငလုံနှင့် နွေထိုး လှေငယ် ၃၀ကို လှေတော်မှူး နည်း ၊ သေနတ် ထား လုံဘင် ဆောင် ရောင်း ဝယ် စေ၊ ကင်း ခွန် ကြေး ငွေကိုကင်း ကမ ကောက် မခံ စေနှင့်၊ ရွှေဘဝါး တော် အောက်ဆိုင်ရာ ဝန်ကြီး စာရေး တို့သံ (သက္ကရာဇ် ၁၁) ၄၅ ခုနှစ်စစ်တမ်း ထွက်အတိုင်း ပေး ချိန် ဆောင်ရွက် စေ၊ တနှစ်ကို ငရွှေ အောင်က သေနတ် ၇၀၊ ငသူက သေနတ် ၃၉၊ ငလုံက သေနတ် ၃၀ဆက် စေ။ 1783

8 February 1806

သက္ကရာဇ် ၁၁၆၇ ခုတပို့တွဲလပြည့်ကျော် ၆ရက် နေ့နွား ခံစ မြောင်မှူး ထွင် ပြန်။

(ရွေး ဟောင်း သုတေသန)

8 February 1806

2 March 1806

မဟာဝိနှဲနတ်ပူဇော်မည်မှာကိုရာသီစန္ဒရမာသ၄အသိဝတပေါင်းလဆန်း ၁၄ ရက်နေ့ညယည်ရာဇာမတ္တက်ကျမ်း ထွက်အတိုင်း လပြည့်တီတီဖြစ်သည်၊ တပေါင်းလဆန်း

2 March 1806

၁၄ ရက်နေ့ညကိုရထား တင်၍အထက်အမိန့်တော်ရင်း အတိုင်း ပူဇော်ကြစေ၊

2 March 1806

ကောက်သစ်ထမင်း စား မှာတပေါင်းလဆန်း ၁၄ ရက်နေ့ညကိုတတိယယံ ၁၀ နာရီပြည့်တွင်စားစေ၊ နှစ်သစ်ကိုလည်း အမြောက်သံပေး စေရမည်၊ အမြောက်ကြီး ၁၀ လုံး ကိုအရှေ့တောင်ပြင် ရေစပ်သို့ထုတ်ယူခင်း ကျင်း၍တပေါင်းလဆန်း

2 March 1806

၁၄ ရက်နေ့ညတတိယယံ ၁၀ နာရီပြည့်အခါတော်တွင်အမြောက်သံပေး စေ၊ မိုးမိတ်မင်းသား ဝန်၊ ဒိုင်းဝန် လျှောက်ချက်ကို ထောက်၍ငစန်ရောင်ကိုမိုးမိတ်မြို့ဝန်ခန့်ထားမည်၊ စစ်ကိုင်းမင်း ၊ပြည်မင်း ၊ ပုဂံမင်း၊ ပုခန်းမင်း ၊ မိုးမိတ်မင်း တို့ဆက်သွင်း ချက်အတိုင်း သင့်ပြီ၊ ဆိုင်ရာမိုးမိတ်မင်းသား ဝန်အာဆင့်အဆိုကိုခံ၍အုပ်ချုပ်ထိန်း သိမ်း စီရင်စေ။

8. February 1806

သက္ကရာဇ် ၁၁၆၇ ခုတပို့တွဲလပြည့်ကျော် ၆ ရက်နေ့နား ခရာဇာနော်ရထာတွင်ပြန်။

(ရှေးဟောင်းသုတေသန)

ဟံသာဝတီမြို့ဝန်မင်း လှကျော်စွာမှာ တကျွန်း သင်္ဘောသား တို့ ရွှေဘုန်းတော် မြတ်ကိုနိုလုံ့ဆိုက် ရောက်ရာ သင်္ဘောသပ်ဖြူကြီး ပြုကြီး ကိုအုပ်ချုပ်စီရင်ရသည့်အတွင်း အရောင်အဝါတော်ရှိ အောင်မင်း လှနော်ရထာ သနားတော်ခံရသည့်နည်း သနားတော်ခံစေမည်၊ စစ်ကိုင်းမင်း၊ ပြည်မင်း၊ ပုဂံမင်း၊ ပုခန်းမင်း မိုး မိတ်မင်း တို့သဟ်သွင်း ချက်အတိုင်း သင့်ပြီ၊ ဆွမ်းတော်လောင်း ရွှေတောင် ပုံချိုကို ရွှေမြို့တော်ငှက်ပျော တောအရှေ့ဘက်တိုက်ကိုသနားတော်မူမည်။

9 February 1806

သက္ကရာဇ် ၁၁၆၇ ခုနှစ် တပို့တွဲလပြည့်ကျော် ၇ ရက်နေ့နား မိစ မြောင်မှူး တွင် ပြန်။

(ရှေးဟောင်းသုတေသန)

9 February 1806

ဘုန်း တော်အလွန်ကြီး မြတ် တော်မူလှ သောဆင်ဖြူများ ရှင်လက်နက်စကြာသခင် အသျှင်ဘဝရှင်မင်း တရား ကြီး အမိန့် တော် ရှိသည်၊ ငါ့လက်ထက် တော် စုဆွဲ တော် မူသည် စုကြီး ရွှေပြည် သေနတ်အမှုထမ်း တို့သည်ကာလ ရှည်မြင့်သဖြင့်အဝင်အထွက်မ ညီမညွတ်မရှင်း မလင်း ရှိရာသည်၊ အစုအငန်း မယိုမယွင်း စေသင့်၊ တိုင်း ပြည် အခြေအမြစ်ဖြစ်သည်ကို ထောက် တော်မူ၍သား တော်အစဉ် မြေး တော်အဆက်မြစ် တော်အဆွန့်အနွယ့်ရှည် စွာအမှုထမ်း သီး သန့်ဘည်ထွန်း စေခြင်း ငှါ၊ ငါအရှင်ဧက ရာဇ်မင်း မြတ်သည်လည်း ရှေး ဘေး လောင်း တော်အ သောကမဟာဓမ္မရာဇာ ဒေ ဝါနံပိယတိဿမင်း တို့ကဲ့သို့မင်း သာမန်တို့ခံ ဝံ့ခဲ သောမုဓါဘိသိက်ကိုနှစ်ကြိမ် မြောက် စင်ခံ တော်မူ၍သဗ္ဗညုတဆုမြတ်ကိုပန်ဆင် တော်မူသည်နှင့်အညီသာသနာ တော်မြတ် စီး ပွါး ပြည်သူတို့စီး ပွါး များ မည်ကိုသာ ရည် တော်မူ၍ မင်း ကျင့်ရာ သောတရား အပေါင်း ကိုမပြတ်ကျိုး ကုတ်အား ထုတ်ဖြည့်ကျင့် တော်မူလျက်ခဝ်သိမ်း သောပြည်သူသဗ္ဗ ဝါတို့အား တရား နှင့်အညီဆုံး မစိုး အုပ် တော်မူသည်၊ ရှေး ဘုရား အလောင်း မင်း ကောင်း မင်း မြတ်တို့မှာလည်း မိဋ္ဌာန်ရည်သွန်း သမုတ်သမ္မုမချွတ်မလွဲပြီး စီး မြဲဖြစ်သည့်အတိုင်း ရွှေပြည် သေနတ်ငမည်း၊ ငထွန်း သာ၊ ငသောကံ၊ ငကံတို့လူ ၄ ငမြတ် ကောင်း ကိုအကြပ်၊ ငပေါ်ငဝံ၊ ငမြည်၊ ငအုပ်တို့လူ ၄ ငသာထွန်း ညိုကိုအကြပ်၊ ငရွှေပြည်၊ ငကြာ၊ ငစံငြိမ်း ၊ ငဝို၊ ငစံမင်း တို့လူ ၅ ငရွှေဥကိုအကြပ်၊ ငယ် ၂ ၃၊ အထင်း၂ ရအကြပ် ၅ ပေါင်း ၅၅ ငနက်ကို သွေး သောက်ကြီး ခန့် တော်မူ၍ ရွှေပြည် သေ နတ်အစုဖြစ်စေ ထပ်၍သမုတ်ပြဋ္ဌာန်း တော်မူသည်၊ ကျေး ဇူး သစ္စာ တော်မြတ် နှစ်ပါး ကို စောင့်သိရို သေစွာ ဖြောင့်ဖြောင့်ရိုး ရိုး အမှု တော်ကိုကုန်ထွင် အောင် ထမ်း ။

9 February 1806

(သက္ကရာဇ်) ၁၁၆၇ ခုတပို့တွဲလပြည့်ကျော် ၇ ရက်နေ့နား ခ ရာဇာ နော်ရထာပြန် ။

(ရှေး ဟောင်း သုတေသန)

သဘိုး မန္တရာဇာကို ရွှေစက်တော် အောက်မင်း ကွန်း ဘွင်ရေ့ ရေ၊ နှစ်တိုင်း မင်း သမီး သပ်မှူး ရဲထင်ဇလကို မှုကွ မမြို့အဝင်လကွန်း ဗျည်မြို့ကိုမြို့စား ခန့်ထား ထမ်း ရွက် နေစမည်၊ စစ်ကိုင်း မင်း ၊ ပြည်မင်း ၊ ပုဂံမင်း ၊ ပုခန်း မင်း၊ မိုး မိတ်မင်း တို့သွင်း ချက်အတိုင်း သင့်ပြီ။

သက္ကရာဇ် ၁၁၆၇ ခုတပို့တွဲလပြည့်ကျော် ၇ ရက် နေ့နံ: [10 February 1806] ခံရာဇာ နေ ၁ ရ ထ ၁ တွင်ပြန်။

(ရှေး ဟောင်း သုတေသန)

သံချက်ဝန် ငွေတောင်လှစည်သူအရိုး သေလွန်ရာ ပျည်အဘုံး ကမွတ် ရွှေထည့်သဂြိုဟ်စေ။

12 February 1806

သက္ကရာဇ် ၁၁၆၇ ခုတပို့တွဲလပြည့်ကျော် ၁၀ ရက် နေ့နား ခရာဇ နေဉ် ရထာတွင်ပြန်။

(ရွှေး ဟောင်း သုတေသန)

ဘုန်း တော်အလွန်ကြီး မြတ် တော်မူလှ သော ဆင်ဖြူများ ရှင်လက်နက်စကြာသခင် အသျှင်ဘဝရှင်မင်း တရား ကြီး ဘုရား အမိန့် တော်ရှိသည်၊ ငါ့လက်ထက် တော်စုဘွဲ့ တော်မူသည့် စုကြီး ရွှေပြည် သေနတ်အမှုထမ်း တို့သည်ကာလ ရှည်ပြင့်သဖြင့် အဝင်အထွက်မညီမညွတ်မရှင်း မလင်း ရှိရာသည်၊ အစုအငန်း မယိုမယွင်း စေသင့်ဘိုင်း ပြည်အ ခြေမမြစ်ဖြစ်သည်ကို ထောက် တော်မူ၍သာ: တော်အစဉ် မြေး တော်အဆက်မြစ် တော်အညွှန့်အဖွန့် ရှည်စွာအမှုထမ်း သီး သန့်တည်ထွန်း စေခြင်း ငှါ၊ ငါအရှင်ကေရာဇ်မင်း မြတ်သည်လည်း ရှေး ဘား လောင်း တော်အ သောက မ္မရာဇာ ဒေဝါနံပိယတိဿမင်း တို့ကဲ့သို့မင်း သာမန်တို့ခံ ဝံ့ခဲ သောမုဒ္ဓါဘိသိက်ကိုနှစ်ကြိမ် မြော်စင်ခံ တော်မူ၍သဗ္ဗညုတဆုမြတ်ကိုပန်ဆင် တော်မူသည်နှင့်အညီယာသနာ တော်မြတ်စီး ပွါး ပြည်သူတို့ စီး ပွါး များ မည်ကိုသာရည် တော်မူ၍ မင်း ၏ကျင့်ရာ သောတရား အ ပေါင်း ကိုမပြတ်ကျိုး ကုတ်အား ထုတ်ဖြည့်ကျင့် တော်မူလျက်ခပ်သိမ်း သော ပြည်သူသတ္တဝါတို့အား တရား နှင့်အညီဆုံး မစိုး အုပ် တော်မူသည်၊ ရှေး ဘုရား အ လောင်း မင်း တောင်း မင်း မြတ်တို့မှာလည်း မိဋ္ဌာန်ရည်ညွှန်း သမုတ်ပြဋ္ဌာန်း သမ္မှမချွတ်မလွဲပြီး စီး မြဲဖြစ်သည့်အတိုင်း ရွှေပြည် သေနတ်င ပေး ၊ ငသာတိုး ၊ ငသာတင်၊ ငသာ မွေး ၊ ငမြတ် လှေး ၊ င ရွေး ၊ င ပေ၊ ငသာတုတ်တိုလုဂ၊ င လှေး ကိုအကြပ်၊ င ရွှေ တောင်၊ င ရွှေဦး ၊ င ပံ၊ င ရွှေပဝ်၊ ငကံ ပေး ၊ င ရွှေပု၊ ငမြတ်ရာ၊ င ဝါတိုလုဂ၊ င မွေး သာကိုအကြပ်၊ ငရန် စေ၊ ငပဲ၊ ငကံကြီး ၊ ငကြီး ၊ ငနီ၊ ငမှိ၊ ငဆိုး ၊ ငတိုး တိုလုဂ၊ ငရန်ရှင်း ကိုအကြပ်၊ ငဝါ၊ ငမြတ်ရာ၊ ငမြတ်ဝန်၊ ငစံလှ၊ င ဝေ၊ ငနတ် ပေး ၊ ငသာဂုတိုလုဂ၊ ငတုတ်လှကိုအကြပ်၊ ငယ်၃၉၊ သထိန်း ၁ အကြပ် ၅ ပေါင်း ၅၅ ငအို့ ကျော်ကို သွေး သောက်ကြီး ခန့် တော်မူ၍ ရွှေပြည်တော် သေနတ်အစုဖြစ် စေ၊ ထပ်၍သမုတ်ပြဋ္ဌာန်း ဘွဲ့စု တော်မူသည်၊ ကျေး ဇူး သစ္စာ တော်မြတ်နှစ်ပါး ကို စောင့်သိ၍ သစ္စာ ဖြောင့် ဖြောင့် ရိုး ရိုး အမှုတော်ကိုကုန်တွင် အောင်ထမ်း ။

12 February 1806

(သက္ကရာဇ်) ၁၁၆၇ ခုတပို့တွဲလပြည့် ကျော် ၁၀ ရက် နေ့တွင်နာခံ ရာ
ဇ နော်ရထာပြန်။

(ရှေး ဟောင်း သုတေသန)

26 March 1806
တန်ခူး လဆန်း ၈ ရက် မြောက် သောတိထီ နိုက်အ သောက ဆေး ကိုသုံး ဆောင်အပ်
ကြောင်း ၊ မန်နတ်ရုပ်မန်နတ်သမီး ရုပ်တို့ကိုသမန်း မျက်ဖြင့် ကောင်း စွာထပ်
31 March 1806
ပြီး လျှင်တန်ခူး လဆန်း ၁၃ ရက် ဝိဒ္ဓါတိထိညည့်အခါဥယည် မြေ၌ မွေ့ လျော်ဘွယ်လုပ်
1 April 1806
ဆောင်တည်ထား၍တန်ခူး လဆန်း ၁၄ ရက် မြောက်ကာ မဝိဒ္ဓမည် သောတိထိ၌
ပူဇော်အပ် ကြောင်း ကိုရာဇမတ္တဏ်ကျမ်း ထွက်သည်နှင့်အညီလုပ် ဆောင်ပူဇော်
တော်မူမည်၊ အ သောတ ဆေး အ ဆောင်ယူ မန်နတ်ပူဇော်အခမ်း အနား ခန့်
ထား စီရင်ရှိသည်ကို စီရင်မြဲအတိုင်း စေ့ငု အောင်စီရင်၍ပူဇော်စေ၊ မင်း
ညီမင်း သား အမျိုး တော်မတ် တော်ပြည်သူပြည်သား တို့ကိုလည်း အမွေး အထုံပန်း
31 March 1806
နံ့သာများ နှင့်မန်နတ်တန် ဆောင်ကိုဝင်၍ပူဇော်ကြစေ၊ တန်ခူး လဆန်း ၁၃
1 April 1806
ရက်၁၄ရက်၁၅ရက်(၃)ရက်အတွင်း ကိုလည်း လူကြီးလူငယ် ယောကျာ်း မိန်း မတို့ကို
2 April 1806
အမွေး အထုံရည်၊ ရေကြည် ရေသန့်များ နှင့် ရေသွန်း သဘင် ပျော်ရွှင်ကစား ကြ
စေ၊ ရပ်စုကွက်စုလမ်း သေး လမ်း မများ ကို စေ့နှံ့ အောင် မောင်း ခတ် စေ၊
ခန့်ထား စီရင်ရန်ရှိသမျှကိုပြီး ပြေ အောင်စီရင်။
13 February 1806
သက္ကရာဇ် ၁၁၆၇ ခု တပို့တွဲလပြည့် ကျော် ၁၁ ရက် နေ့နား ခံစ မြောင်မှူး
ထွင်ပြန်။

(ရွှေး တောင်း သု တေသန)

ဘုန်း တော်အလွန်ကြီး မြတ် တော် မူလှ သော ဆင်ဖြူများ ရှင်လက်နက်စကြာသခင် အသျှင်ဘဝရှင်မင်း တရား ကြီး ဘုရား အမိန့် တော် ရှိသည်၊ ငါ ရွှေလက်ယက် တော် စုသွဲ့ တော် မူသည်၊ စုကြီး ရွှေပြည် ယေနတ်အမှုထမ်း တို့သည်ကာလရှည်မြင့်သဖြင့်အဝင်အထွက်မညီမညွတ်မရှင်း ပလင်း ရှိရာသည်၊ အစုအငန်း မယိုမယွင်း စေသင့်တိုင်း ပြည်အ ချေအမြစ်ဖြစ်သည်ကို ထောက် တော် မူ၍သား တော်အစည် မြေး တော် အဆက်မြစ် တော်အညွှန့်အခွန့်ရှည် စွာအမှုထမ်း သိမ်း သန့်တည်ထွန်း စေခြင်း ငှါ၊ ငါ အသျှင်ဧကရာဇ်မင်း မြတ်သည်လည်း ရှေးဘေး လောင်း တော်အ သောတမဟာရာဇာ ဒေဝါနံပိယတိဿမင်း ဘိုကဲ့သို့မင်း သာ မန်တို့ခံ ဝံ့ခဲ သော မူဒ္ဓါဘိသိက်ကိုနှစ်ကြိမ် မြော် စင်ခံ တော် မူ၍သဗ္ဗညုတဆုမြတ်ကိုပန်ဆင် တော် မူသည်နှင့်အညီသာ သနာ တော်မြတ် စီး ပွါးပြည်သူတို့၏ စီးပွါး များ မည်ကိုသာ ရည် တော် မူ၍ မင်း ကျင့်ရာ သောတရား အ ပေါင်း ကိုမပြတ်ကျိုး ကုတ်အား ငုတ်ဖြည့်ကျင့် တော် မူလျက်ခပ်သိမ်း သောပြည်သူ သတ္တဝါတို့အား တရား နှင့်အညီဆုံး မစီး အုပ် တော် မူသည်၊ ရှေး ဘုရား အ လေါင်း မင်း ကောင်း မင်း မြတ်တို့မှာလည်း မိဋ္ဌာန်ရည်ညွှန်း ၁ မှတ်ပြဋ္ဌာန်း သမှုမ ချွတ်မလွဲပြီး စီး မြဲဖြစ်သည့်အတိုင်း ရွှေပြည် ယေနတ်ငပဲ၊ ငအော၊ ငဖြိုး ၊ ငသာ လွင်၊ ငအေး ၊ ငပေါ ၊ ငအ၊ ငဆု ပေါ တို့လူဂ၊ ငအိကိုအကြပ်၊ ငကြာမို၊ ငရွှေ မှတ်၊ ငကြာဥ၊ ငကြာနု၊ ငနို၊ ငစံသူ၊ ငဟင်း ၊ ငပန်တို့လူဂ၊ ငရွှေစကိုအကြပ်၊ ငမြက်ခဲ၊ ငမြတ်စို၊ ငဘိုး ၊ ငခဲ၊ ငပေ၊ ငပိုက်၊ ငအေး ၊ ငဒီတို့လူဂ၊ ငကြာစံ ရွှန်း ကိုအကြပ်၊ ငကံပေး ၊ ငသာနု၊ ငတလုပ်၊ ငလာ၊ ငဆန်း ၊ ငရှန်း နိုဝ်၊ ငရှန်း အိုင်၊ ငကံပေး တို့လူဂ၊ ငဖြူကိုအကြပ်၊ ငမြတ်သာ၊ ငညို၊ ငနတ်ပေး ၊ ငနိုင်၊ ငမင်း ၊ ငချို၊ ငဖြူတို့လူရ၊ ငသာစံကိုအကြပ်၊ ငယ်ဥ [illegible]ာအကြပ် ၅ ပေါင်း ၅၅ ငမင်း ကို သွေး သောက်ကြီး ခန့် တော် မူ၍ ရွှေပြည် ယေနတ်အမှုဖြစ်စေ ထပ် ၍သမှုတ်ပြဋ္ဌာန်း သွဲ့စု တော် မူသည်၊ ကျေး ဇူး သစ္စာ တော်မြတ်နှစ်ပါး ကို စောင့် သိရို သေ စွာ ဖြောင့် ဖြောင့် ရိုး ရိုး အမှု တော်ကိုကုန်တွပ် အောင်ထမ်း ။

14 February 1806

(သက္ကရာဇ်) ၁၁၆၇ ခုတပို့တွဲလပြည့် ကျော် ၁၂ ရက် နေ့နံ ၁း ခ ရာဇ နော်ရထာတွင်ပြန်။

(ရှေး ဟောင်း သု တေသန)

ဘုန်း တော်အလွန်ကြီး မြတ် တော်မူလှ သော ဆင်ဖြူများ ရှင်လက်နက်စကြာသခင် အသျှင်ဘဝရှင်မင်း တရား ကြီး ဘုရား အမိန့် တော်ရှိသည်၊ ငါ့လက်ထက် တော်စု ဘွဲ့ တော်မူသည့်ဝုကြီး ရွှေပြည် သေနတ်အမှုထမ်း တို့သည်ကာလရှည်မြင့်သဖြင့်အဝင် အထွက်မညီမညွတ်မရှင်း မလင်း ရှိရာသည်၊ အစုအငန်း မယိုမယွင်း စေသင့်၊ ဘိုင်း ပြည်အခြေအမြစ်ဖြစ်သည့်ကို ယောက် တော်မူ၍သား တော်အစည် မြေး တော် အဆက်မြစ် တော်အဆွန့်အနွယ်ရှည်ဖွာအမှုထမ်း သီး သန့်တည်ထွန်း စေခြင်း ငှါ၊ ငါ အသျှင်ဧကရာဇ် မင်း မြတ်သည်လည်း ရှေး ဘေး လောင်း တော်အ သောတဓမ္မရာ ဇာ ဒေဝါနံ ပိယတိဿမင်း တို့ကဲ့သို့မင်း သာ မန်တို့ ခံ၀ံ့ခဲ သော မုဒ္ဒါဘိသိက်ကိုနှစ်ကြိမ် မြောက်စင်ခံ တော်မူ၍သဗ္ဗညုတဆုမြတ်ကိုပန်ဆင် တော်မူသည်နှင့်အညီသာသနာ တော်မြတ်စီပွါး ပြည်သူတို့စီပွါး များ မည်ကိုသာ ရည် တော်မူ၍ မင်း ၏ကျင့်ရာ သော တရား အပေါင်း ကိုမပြတ်ကျိုး ကုတ်အား ထုတ်ဖြည့်ကျင့် တော်မူလျက်ခဝ်သိမ်း သော ပြည်သူသတ္တဝါတို့အား တရား နှင့်အညီဆုံး မစိုး အုပ် တော်မူသည်၊ ရှေး ဘုရား အ လောင်း မင်း ကောင်း မင်း မြတ်တို့မှာလည်း မိဋ္ဌာန်ရည်ညွှန်း သမုတ်သမျှမ ချွတ်မလွဲပြီး စီး မြဲဖြစ်သည့်အတိုင်း ရွှေပြည် သေနတ်ငရွှဲ၊ ငဝွှဲ၊ ငရွှေး ၊ ငအောင် လှ၊ ငကို၊ ငရွှေ ပေတို့လူ ၆၊ ငရွှဲကြီး ကိုအကြပ်၊ ငရွှေကို၊ ငရွှေပို၊ ငမြတ်၊ ငထွာ တို့လူ ၄၊ ငလှေး ကိုအကြပ်၊ ငဖြိုး ၊ ငဝန်၊ ငထွေး ၊ ငကျော်ဦး ၊ ငအောင်၊ င ဝတို့လူ ၆၊ ငပေါကိုအကြပ်၊ ငလွန်း သူ၊ ငရွှေရ၊ ငငံရ၊ ငမြတ်သာဦး ၊ င အောင်တို့လူ ၅၊ ငလှကြီး ကိုအကြပ်၊ ငရွှန်း ၊ ငတို့၊ ငတုတ်ဖြူ၊ ငပြား ၊ ငရွှေစ တို့လူ ၅၊ ငငြိမ်း ကိုအကြပ်ငယ် ၂ ၆၊အတိမ်း၊၂ ၄အကြပ် ၅၊ပေါင်း ၅၅ ငအိပ်ကို ဒွေး သော် ကြီး ခန့် တော်မူ၍ ရွှေပြည် သေနတ်စုဖြစ် စေထပ်၍သမုတ်ပြဋ္ဌာန်း ဘွဲ့စု တော်မူ သည်၊ ကျေး ဇူး သစ္စာ တော်မြတ်နှစ်ပါး ကို စောင့်သိ၍ သစ္စာ ဖြောင့် ဖြောင့် ရိုး ရိုး အမှုတော်ကိုကုန်တွင် အောင်ထမ်း ။

14 February 1806

(သက္ကရာဇ်) ၁၁၆၇ ခုတပို့တွဲလပြည့်ကျော် ၁၂ ရက် နေ့နား ခ ရာ ဇ နော်ရထာပြန်။

(ရှေး ဟောင်း သုတေသန)

မြင်း တော်ခံလက်ျာပ တော့ ကျော်ကိုဆင် ကျေတိုက်တပ်ရွာပရယ်၊ မြင်း တော်ခံ ဇော်တသီ ညွှန်ကို မြောက်ဘက်တိုက်ပင်တင်ရွာကိုသနား [illegible] မည်၊ စစ်ကိုင်း မင်း ၊ ပြည်မင်း ၊ ပုဂံမင်း ၊ မိုး မိတ်မင်း တို့ဆက်သွင်း ချက်အတိုင်း သင့်ပြီ ။

15 February 1806

သက္ကရာဇ် ၁၁၆၇ ခုတပို့တွဲလပြည့် ကျော် ၁၃ ရက် နေ့နား ခံစ မြောင်မှူး ထွင်ပြန် ။

(ရှေး ဟောင်း သုတေသန)

ဒဝယ်နားခံ မနော် ရွှေတောင်ကို ခေါ်စေသည်၊ ရောက်နိုင်ရောက် ယောက် သင့်လျှက် မရောက်မလာ နေသည်မှာ ထပ်၍ ခေါ်စေ။

16 February 1806

သက္ကရာဇ် ၁၁၆၇ ခုတပို့တွဲလပြည့်ကျော် ၁၄ ရက် နေ့ နားခံ နော်ရထားတွင် ပြန်။

(ရှေးဟောင်းသုတေသန)

မြန်မာမြင်း စာရေးကြီး တို့ကအမှုထမ်း စည်းကြပ်တော်မူရာမြင်း စုစာရင်း တော်ဆက်သွင်း ရှိသည့်လူတို့ကိုသုံး ပါး မိဖုရား ထံဖြစ်သည် နုတ်ယူမည်ရှိခဲ့သည်၊ မြင်း စာရင်း ဆက်သွင်း ရာ မပါကျန် ရွှေမြို့တော် ရှိအစုသား တို့ကလဲလှယ်ပေးပြရမည့်အကြောင်း နှင့်ရှိနိုး သံတော်ဦး တင်ချက်အတိုင်း အမှုထမ်း သွဲ့စည်းတော်မူသည့်အမှုဖြစ်သည်။ မြင်း စာရင်း ဆက်သွင်း ရာ ပါသူတို့ကို မနှုတ်မယူ စေနှင့်၊ စာရင်း မဆက်မသွင်း ကျန်သူတို့ကိုသုံး ပါး မိဖုရား မှာ ပေး အဝ်ထမ်း ရွက်စေ။

17 February 1806

သက္ကရာဇ် ၁၁၆၇ ခုတပေါင်း လဆန်း ၁ ရက် နေ့နာ၁း ၆ စ မြောင်မှူး တွင်ပြန်။

(ရွှေး ဟောင်း သုတေသန)

နာပက်မြို့စား စောမယ်ကိုမိုး နဲ့တပ် တော်မှာအမှုတော်ကိုထမ်း စေ၊ အတွင်း ဝန်ကသင့်ရာခန့်ထားထမ်း ရွက်စေမည့်အကြောင်း နှင့်မှာထား ရှိသွား စေ။

18 February 1806
သက္ကရာဇ် ၁၁၆၇ ခု တပေါင်း လဆန်း ၂ ရက် နေ့နား ခံရာဇနော်ရထာ တွင်ပြန်။

(ရှေး ဟောင်း သုတေသန)

19 February 1806

အဝတ်ဖြူသည်မြတ်သောမင်း ဝတ်ကန်ဆာဖြစ်သည်၊ မှူး မတ်ပြည်သူဆင်း ရဲသား တို့မှာအမင်္ဂလာ၊ မင်္ဂလာမှုများ တွင်လူ သေလူရှင်မှစ၍အဝတ်ဖြူကိုမဝတ်မဆင် စေနှင့်၊ အဝတ်ဖြူမှာသနား တော်ခံရမှဝတ်ဆင်ကြစေ၊ ညီတော်ပုခန်း မင်း ထမ်း ဟောင်း လူတို့ကိုစစ်ကိုင်း မင်း ကိုသနား တော်မူသည်၊ စစ်ကိုင်း မင်း မှာ ထမ်း စေ၊ တာလီမြို့ကျန်သည် လော ဟော့၊ လောရန်း ၊ လောတွင်၊ လောမား ၊ ဂုံဆင်မြို့နွား သမား လောလှို၊ လောစ၊ လောဝေ၊ လောလီ၊ လောဝင်၊ လေါ ရန်ငယ်၊ လောတိမ်တို့ရောင်း ဝယ်ရန်ကုန်များ နှင့်ရွှေဘဝါး တော်အောက်လါ ရာသီ ပေါ်မြို့နယ်အတွင်း ထား ပြုတိုက်ခိုက်၍ ရွှေ ငွေအထည်အလိပ်ဆုံး ပျောက် ကြောင်း နှင့်ရွှေတိုက်ဝန်ကဒ္ဒိုး သံတော်ဦး တင်သည်၊ တိုက်ခိုက်သည့်ထား ပြုတို့ကိုသီ ပေါ်မြို့က တွေ့မိအောင်ဖမ်း ဆီး၍အပ်စေ၊ မအပ်နိုင်လျှင်တရုပ်တို့တွင်ထား ပြုတိုက်ခိုက်ရာ ပါသည်မှန်သမျှဥစ္စာကိုသီ ပေါ်မြို့ကအစား လျော်စေ။

19 February 1806

သက္ကရာဇ် ၁၁၆၇ခုတ ပေါင်း လဆန်း ၃ရက်နေ့နား ခံစ မြောင်မှူး တွင်ပြန်။

(ရွှေး ဟောင်း သုတေသန)

ကန့်ကောရွာမသူကြီး ငလွင် ကျော်ကကန့်ကောရွာနယ် မြေနှင့်ထီးလင်း လောင်း တောင်နယ် မြေမှာ ဝန်တောင်ထိပ်အ ရှေ့ဘက်ကိုထီးလင်း လောင်းတောင်နယ် မြေဖြစ်စေ၊ ဝန်တောင်ထိပ်အနောက်ဘက်ကိုကန့်ကောရွာနယ် မြေဖြစ်စေ၊

1802
(သက္ကရာဇ်၁၁)၆၄ခုနှစ်သမှတ်ပိုင်း ခြား တော်မူသည့်အတိုင်း ကန်ရွာ၊ မိုးစို ရွာများ သည်ဝန်တောင်ထိပ်အနောက်ဘက်နယ်တွင်ပါဝင်သည့် ကျေး ရွာဖြစ်၍ ဒဿမဘာဂအခွန်တော် ငွေကိုစိုက်ထုတ်ဆက်သွင်း ရှိပါသည်၊ ကန်ရွာ မိုးစိုရွာများ ကိုကန့်ကောရွာအပါအဝင် ကျေး ရွာစာရင်း မှမပြောင်း မသွင်း ရရှိခဲ့သည့် အကြောင်း နှင့်ရှိနိုး သံတော်ဦး တင်ချက်အတိုင်း ကန်ရွာ မိုးစိုရွာဆက်စုသင့်အ ခွန်တော်ကိုကန့်ကောရွာသူကြီး ကဆက်သွင်း ၍ရှိပြီး ဖြစ်သည်၊ ကန်ရွာ မိုးစိုရွာ နယ်မြေ ကျေးရွာများ ကိုကန့်ကောရွာနယ်တွင်စစ်တမ်း စာရင်း ဆက်သွင်း ၍ကန့်ကောရွာသူကြီး ထီးလင်း လောင်းတောင်နယ်တွင်ကန်ရွာစစ်တမ်း ပုံစံ ပါသည်ကိုသိမ်း ။

19, February 1806

သက္ကရာဇ်၁၁၆၇ခုတပေါင်း လဆန်း ၃ရက် နေ့နား ခံစ မြောင်မှူး တွင်ပြန်။

(ရှေး ဟောင်း သုတေသန)

ဟံသာဝတီမြို့ပဝ်လယ်ကင်း သုံး ရပ်မှာထား ရန်၅ါ ဝင်အ မြောက်ဝလုံး ကို
ဟံသာဝတီမြို့သို့ ပေး အပ်၍ထား စေ၊ မြင်း ငယ်ဖြူရိုး တွင်း ချင်ဆီ၊ ခွေး နက်
စစ်ချင်ဆီ ကို ရှာ၍သွင်း စေ၊ ဖြည်မြို့က ရောက်သည့်ရ သေ့အမိအဘတို့ကို ခေါ်၍ရ
သေ့နှင့်အတူ ရွှေဘဝါး တော် အောက်တွင် နေ စေ၊ မဟာဒါန်တိုက်ဝန် နေမျိုး ဇေ
ယကျော်ထင်ကို ဗောင်ပန်း ၉၊ တမာဍွက် ထောင် ၉၊ ရွှေစလွယ် ၉သွယ်၊ နား
တောင်း ရွှေသား ကြက်ရင်ဆူး ၂ထပ်ကဏ္ဍိုပါ ဝတ်လုံ့ဘွဲ့ဖြူ ရွှေမြိတ်ခံဘွဲ့သင်း ကျွစ်
တပ် မောက်တို့ ရွှေပိန်း ရွှေကုံး စိန် ထောင်ရ၊ ရွှေထိပ် ရွှေထွတ်ငှက်မနား စိန်
ပွင့် ၉၊ ပါး ကာနား ကာ မောက်ရူပါလည် ကွေး ၊ ရွှေကာ နောက်ကာကဏ္ဍိုပါနီ
ဘဲကွပ်ပိုး စုံသတ် မျည်း တိုကဏ္ဍိုပါနက်ဘဲကွပ်ပိုး စုံသပ်၊ မျည်း ရှည်ကဏ္ဍိုပါပြာဘဲကွပ်
ပိုး စုံသပ်၊ ကွမ်း ခွက်လဘက်အိုး တ ကောင်း ဗိတ်ရှစ် ထောင့်၊ ငွေ ထွေး အင်၊
ဓါး အ ဆောက်ကဏ္ဍိုပါ နက်မှုမ်း ရင်းဖျား ခွေး မ ခွေး ငယ်ရတန့်၊ ရွှေသား
ကျောက်အိမ်ပါ၊ ထမ်း စင်သံလျှင်း တလဲ ၉ဝန်း ၊ ဘိနပ်ကုလား ပန်း အိမ် ညောင်
ရွက်အတွင်း ကုလား ပန်း ၊ ထောင့်ထိပ်ဘ ယောင်း ပွင့်ခါး ပန်း ကမ္ဗတ်ကြာနုတ
မြုံချိုး ၊ ကမ္ဗတ်အတွင်း ပြင်ပွတ်ခြမ်း ၊ စက်ဘီလူ ခေါင်အတွင်း ကြယ်နား ကုလား
ပန်း ညောင်ရွက်တမြုံချိုး ၊ ကြက်ရင်ကုလား ပန်း ၊ အိမ် ညောင်ရွက်အတွင်း ကု
လား ပန်း ၊ ထောင့် ကျေး စေတိုင်၊ အ ဖြေမြင်း နား လျှောက် ၅ဝန်း ထုတ်၃
ဝန်း ၊ ထု ပြောက်အနီသုတ်၊ ခါး ပန်း စက်မှာလက်ဝဲလက်ယာ ၃ဝန်း စီ၊ နောက်
ထုပ်၃ဝန်း ၊ စက်အတွင်း ဆင်စွယ်ကြယ်၊ စက်နား ညောင်ရွက်ဆင်စွယ်၊ ကြက်ရင်
ကုလား ပန်း အိမ်ဆင်စွယ် ၂တန့်၊ လည်သီး ဆင်စွယ် မှော် သေ၊ ကျေး စေတိုင်ဆင်
စွယ်တပ်၊ ဘောင်ထိပ်ဘ ယောင်း ပွင့်ချပ်ဆင်စွယ်ထီး နီ ရွှေ ညောင်ရွက်တဆင့်
ညောင်ရွက် ရေ ၄ ရွှေထွတ်ကျိုင်း ဆင်စွယ်ထွတ် ၁၊ မြင်း ကကိုင်း ညောင်ရွက် ၅၊ သံ
ပုရာခွံရက် ဘောက်က တောင်ဆွဲဆက် ပါး ကာ ရွှေဇာဝါပိန်း ၊ နင်း နှင်း သိပ်
အိမ် မြှောင်ရင်ပတ်ကွင်း ငွေဇာဝါက တောင် ရွှေ ရေး ၊ စာမရိုရှုပ်ပန်း ခက်
ကိုက်အနား သံငှံ ရွှေပိန်း ဦး ခက်ထိပ် ဆောင်မြီး ဖြန်း ရင်ပတ်သက္ကလပ်ကြိုး ရွှေ
ကြယ်တပ်၊ စီး နှီး သက္ကဒါန်သက္ကလပ်တင်ရမ်း စက်ရွှန်း ၃ဆင့်သနား တော်မူသည်၊
စာချွန် ရေး မြဲ ရေး ၍သွင်း ၊ ကွပ်ရှာစား မင်း သမီး လျှောက်ချက်ကို ထောက်

၍ကွပ်ရွာနယ်အတွင်း ကင်း ကူး တို့အင်း အိုင်ကိုင်း ကျွန်း မြား ကိုမင်း ကျော် ရွှေ တောင်ဒဝယ်စိုလ်တို့တမသိမ်း မယူမလုပ်မ ဆောင်မတူး မပို့စေနှင့်၊ ကွပ်ရွာ စား မင်း သမီး ကစား မြိုင်း စား စေ၊ မင်း ကျော် ရွှေ တောင်ဒဝယ်စိုလ် တို့ကသိမ်း ခံ တောင်း ယူသမျှကိုလည်း ပြန် ပေး စေ၊ တောင်ဘက်မြင်း စာ ရေး ရဲလှရဲ ခေါင် ကျော်ကဆက်ပို့လာသူငပြား ၊ ငကြီး ၊ ငဝန်၊ ငဖြူဝင်း ၊ ငကြေး ၊ ငစံကြီး ၊ ငပြေ၊ ငညွန့်၊ ငထွန်း ဤသို့ ၉ ယောက်ကိုသစ္စာ တော် ပေး ၍ရပ်ရွာ ပြန် စေ၊ ငမြတ်နိုး ရှိခိုး သံ တော် ဦး တင်ချက်အတိုင်း လှေကြီး ဂ၊ နှေထိုး လှေ ငယ်၁၄ကို လှေ တော် များ နည်း သေနတ်ထား လှံတင် ဆောင် ရောင်း ဝယ် စေ၊ ကင်း ခွန် ကြေး ငွေကိုကင်း ကမကောက်မခံ စေနှင့်၊ ရွှေဘဝါး တော် အောက် ဆိုင်ရာဝန်အကြီး စာ ရေး တို့ထံ(သက္ကရာဇ်၁၁) ၄၅ခု စစ်တမ်း ထွက်အတိုင်း 1783 ပေး နှိမ် ဆောင်ရွက် စေ၊ တနှစ်ကိုငမြတ်နိုး က သေနတ် ၃၀ဆက် စေ။

20. February 1806

သက္ကရာဇ်၁၁၆၇ခုတ ပေါင်း လဆန်း ၄ရက် နေ့နား ခရာဇ နော်ရထာ ထွင်ပြန်။

(ရှေး ဟောင်း သုတေသန)

ဘုန်း တော်အလွန်ကြီး မြတ် တော်မူလှ သော ဆင်ဖြူများ ရှင်လက်နက်စကြာ သခင် အသျှင်ဘဝရှင်မင်း တရား ကြီး ဘုရား အမိန့် တော်ရှိသည်၊ ငါ့လက်ထက် တော်စု သွဲ့ တော်မူသည့်စုကြီး ရွှေပြည် သေနတ်အမှုထမ်း တို့သည်ကာလ ရှည်မြင့်သမြင့်အဝင် အထွက် မညီမညွတ်မရှင်း မလင်း ရှိရာသည်၊ အစုအငန်း မယိုမယွင်း စေနှင့်၊ တိုင်း ပြည်အ ခြေအမြစ်ဖြစ်သည်ကို ထောက် တော်မူ၍သား တော်အစည် ဖြေး တော် အဆက်မြစ် တော်အသွန့်အနွန့်ရှည် ရွာ အမှုထမ်း သိုး သန့်တည်ထွန်း စေခြင်း ငှါ၊ ငါ အသျှင်ဧကရာဇ်မင်း မြတ်သည်လည်း ရှေး ဘေး လောင်း တော်အ သော ကမ္ဘရာဇာ ဒေဒဝါန် ဝိယတိဿမင်း တို့ကဲ့သို့မင်း သာ မန်တို့ခံ ဝံ့ခဲ သော မုဋ္ဌါဘိသိက်ကိုနှစ်ကြိမ် မြောက်စင်ခံ တော်မူ၍သဗ္ဗညုတဉာဏ်မြတ်ကို ပန်ဆင် တော်မူသည်နှင့်အညီသာသနာ တော်မြတ်စီး ပွါး ပြည်သူတို့စီး ပွါး များ မည်ကိုသာ ရည် တော်မူ၍ မင်း ကျင့်ရာ သောတရား အပေါင်း ကိုမပြတ်ကျူး ကုတ်အား လုတ်မြှည့်ကျင့် တော်မူလျက်ခပ်သိမ်း သော ပြည်သူသတ္တဝါတို့အား တရား နှင့်အညီဆုံး မစီး အုပ် တော်မူသည်၊ ရှေး ဘုရား အလောင်း မင်း ကောင်း မင်း မြတ်တို့မှာလည်း မိဋ္ဌာန်ရည်ညွှန်း သမုတ် သမ္မုမချွတ်မလွဲပြီး စီး မြဲဖြစ်သည့်အတိုင်း ရွှေပြည် သေနတ်င ရွှေရ၊ ငကြာဘူး ၊ င ရွှေအိပ်၊ ငပြား တို့လူ ၄၊ ငသာ ရန်ကိုအကြပ်၊ ငအုပ်စံ၊ င ဖေ၊ ဝင်လှ၊ င ရော၊ ငမြတ်စံတို့လူ ၄၊ ငမိုး ရဲကိုအကြပ်၊ င လှောက်၊ ငစို၊ ငခို၊ ငပု လှေး တို့လူ ၄၊ င ရွှန်း ကိုအကြပ်၊ င ပေ၊ ငငြိမ်း ၊ ငအိုး ၊ င ရွှေတို့လူ ၄၊ ငထွန်း ငြိမ်း ကိုအကြပ်၊ င ပေ၊ ငကင်း ၊ ငမင်း ၊ င ရွှေနု၊ ငသာ ငတို့လူ ၅၊ ငငွဲကိုအကြပ်၊ ငယ် ၂ ၁၊ အထိန်း ၂၉အကြပ် ၅ ပေါင်း ၅ ၅ ငသာ မြတ်ကို ရွှေး သောက်ကြီး ခန့် တော်မူ၍ ရွှေပြည် သေ နတ်စုအဖြစ်ထပ်၍သမုတ်ပြဋ္ဌာန်း တော်မူသည်၊ ကျေး ဇူး သစ္စာ တော်မြတ်နှစ်ပါး ကို စောင့်သိရှိ သော စွာ ဖြောင့် ဖြောင့်ရိုး ရိုး အမှု တော်ကိုကုန်ထွင် အောင်ထမ်း ။

(သက္ကရာဇ်) ၁၁၆၇ ခုက ပေါင်း လဆန်း ၄ ရက် နေ့နံ၊ ခံ 20 February ရ၁ဇ 1806
နေ၇ရက်ပြန်။

(ရှေး ဟောင်း သုတေသန)

21 February 1806

သံတော်ဆင့်ရာဇကျော်သူမယား မိမင်းဦး တို့သေလွန်သည်မှာသား မြေး အ
ဆက်အခံမရှိဖြစ်သည်၊ ရာဇကျော်သူပိုင်သည့်သက်ရှိသက်မဲ့ဥစ္စာများ ကိုသိမ်း
တော်သဥ္စာကိုသနား တော်မူသည်။

21 February 1806

သက္ကရာဇ် ၁၁၆၇ ခုတပေါင်းလဆန်း ၅ ရက်နေ့နား ခံစ မြောင်မှူး ထွင်
ပြန်။

(ရှေး ဟောင်း သုတေသန)

ညီတော်ပခန်း မင်းသား မယား သေလွန်သည်မှာထွင့်ချာ ဒေဝီ သေလွန်သည်
ထွင်သဂြိုဟ်သည့်နည်း သဂြိုဟ်တော်မူမည်၊ အခမ်း အနား ခန့်ထား စီရင်ရန်ရှိ
သည်ကို ဝန်ထောက်နေမျိုး ကျော်ထင်၊ ဒိုင်း ဝန်မင်း ကျော်သီဟ၊ စာရေး ကြီး
တို့ကကြပ်မစီရင်သဂြိုဟ်စေ၊ ရွှေမြို့တော်မှာညီတော်အိမ်စောင့်ငခေါင်စကို
ရွှေဘဝါး တော်အောက်ခေါ်စေ၊ အနေဘက်ဘက်တိုက်ဝန်နေမျိုး သီဟနော်
ရထာကိုထီး နှီးဆင်ဖွယ်ထွင့်သနား တော်မူသည်၊ စာချွန်ရေး မြဲရေး ၍သွင်း ။

22 February 1806

သက္ကရာဇ် ၁၁၆၇ ခုတပေါင်း လဆန်း ၆ ရက်နေ့နား ခံရာဇနော်ရ
ထာထွင်ပြန်။

(ရှေး ဟောင်း သုတေသန)

ညီတော်ပုခန်း မင်း မယား သေလွန်သည်ကိုအိမ်ရှေ့မင်း လိုက်၍သင်္ဂြိုဟ်စေတမ်း ထွက်သော်လည်း ရွှေမြို့တော်မှာ မဟုတ်ဖြစ်သည်၊ အခန်း အနား လုပ်ဆောင်ပြီး ပြေလျှင်သင်္ဂြိုဟ်စေ၊ နား ခံပြော့ကြီး မှုး သေလွန်သည်မှာ ဒူး နေရာ နေတို့နည်း သင်္ဂြိုဟ်စေ၊ သား တော်ပုသိမ်မင်း မကျန်း မမာရှိသည်ကိုလွှတ်ငြိမ်း ချမ်း သာ အောင်မိုး မိတ်စော်ဘွား ဟောင်း ခန်း လိုင်နှင့် ယောမင်း သမီး ကလူထည့် ပြီး လျှင်မိုး မိတ်မြို့ရှိ ရွှေဦး တောင်နတ်ထိန်းကို ခေါ်၍ ရွှေဦး တောင်နတ်မှာ ပသချွတ်လွှဲစေ၊ မိုး မိတ်မင်း သား ကလည်း လူထည့်စေ၊ ဟံသာဝတီမြို့ ရေဝန်နော် ရတာ ကျော်ခေါင်ကို ဗောင်ပန်း ၆၊ တမာ ရွက် ထောင် ၆၊ ရွှေစလွယ် ၉သွယ်၊ နား တောင်း ရွှေသား ကြက်ရင်ဆူး ၂ထပ်၊ ကတ္တီပါဝတ်လုံဘွဲ့ဖြူ ရွှေမြိတ်ဂံ၊ ဘွဲ့သင်း ကျစ်တပ်မောက်တို ရွှေပိန်း ၊ ရွှေကုံး စိန် တောင်ရ၊ ရွှေထိပ် ရွှေထွင့်ငှက်မနား စိန်မွှင့် ၉၊ ပါး ကာနား ကာ မောက်ရှုပ်လည် ကွေး ၊ ရှေ့ကာ နောက်ကာကတ္တီပါ နီဘဲကွက်ပိုး စုံသတ်၊ မျည်း တိုခတ္တီပါနက်ဘဲကွပ်ပိုး စုံသတ်၊ မျည်း ရှည်ကတ္တီပါပြာဘဲကွပ် ပိုး စုံသတ်၊ ကွမ်း ခွက်လဘက်အိုး တကောင်း ပိတ်အဝန်း ၊ ငွေ ထွေး အင်၊ ဓါး အ ဆောက်ကတ္တီပါနက်မွှမ်း ၊ ရင်း ဖျား ငွေး မ ငွေး ငယ်ရတနာ့ ရွှေသား ကျောက် အိမ်ပါ၊ အိမ်ကတ္တီပါနက်မွှမ်း ၊ ရင်း ဖျား ငွေး မသံပတ်ရတနာ့ ရွှေသား ကျောက် အိမ်ပါ၊ ထမ်း စင်သံလျှင်း တလဲ ၆ ဝန်း ၊ ဘိနပ်ကုလား ပန်း အိမ် ညောင်ရွက်၊ ကု လား ပန်း ဘောင်ထပ်မှော်၊ ခါး ပန်း ကမွတ်နား ကြာနု တမြုံခြုံး၊ ကမွတ်နား အတွင်း ပြင်မွတ်ခြမ်း ၊ စက်ဇော့ကွင်း အတွင်း ကြယ်နား ၊ တုလား ပန်း ညောင် ရွက်တမြုံခြုံး ၊ ကြက်ရင်ကုလား ပန်း ညောင်ရွက်အတွင်း ကုလား ပန်း တောင့် ကျေး စေတိုင်အ ဖြေမြင်း နား လျှောက်၅ဝန်း ၊ ထုပ်၃ဝန်း ၊ ထု ပြောက်အနီ သုတ်၊ ခါး ပန်း စက်မှာလက်ဝဲလက်ယာ ၂ဝန်း စီ၊ နောက်ထုပ် ၂ဝန်း ၊ စက်အ တွင်း ဆင်စွယ်ကြယ်၊ စက်နား ညောင်ရွက်ဆင်စွယ်ကြက်ရင်ကုလား ပန်း အိမ်ဆင် စွယ် ၂ တန့်လည်သီး ဆင်စွယ် မှော်၊ ကျေး စေတိုင်ဆင်စွယ်၊ ထီး နီဆင်စွယ်ထွန့်၊ ကျိုင်း ဆင်စွယ်ထွန့်၊ မြင်း ကကိုင်း ညောင်ရွက် ၅၊ သံပရာ ခွံရက် ဘောက်က တောင် ဆွဲ၊ ဆက်ပါး ကာ   ရွှေဇာဝါပိန်း နင်း နှင်း သိပ်အိမ် မြွောင်ရင်ပတ်ကွင်း ငွေဇာဝါ၊ ကတောင် ရွှေ ရေး ၊ စာမရိရုပ်ပန်း ခက်တိုက်အနား သံငှံ ရွှေပိန်း ၊

ဦး ခက်ထိပ် ဆောင်း မြီး ဖြန်း ရင်ပတ်သက္ကလပ်ကြိုး ရွှေကြယ်တပ်၊ စီး နှီး သက္ကဒါန်၊ သက္ကလပ်တင်ရမ်း ဆက်ရွှန်း ဥဆင့်သနား တော်မူသည်၊ စာချွန် ရေး မြဲရေး ရှိသွင်း ။

23 February 1806

သက္ကရာဇ် ၁၁၆၇ ခုတပေါင်း လဆန်း ၇ ရက် နေ့နံ ၁း ခံစ မြောင်မျိုး ထွင်ပြန်။

(ရှေး ဟောင်း သုတေသန)

ဘုန်း တော်အလွန်ကြီး မြတ် တော်မူလှ သော ဆင်ဖြူများ ရှင်လက်နက်စကြာ သခင် အသျှင်ဘဝရှင်မင်း တရား ကြီး ဘုရား အမိန့် တော်ရှိသည်၊ ဝါလက်ထက် တော်စု ဘွဲ့ တော်မူသည့်စုကြီး ရွှေပြည် သေနတ်အမှုထမ်း ပြည်သည်ကာလ ရှည်မြင့်သဖြင့်အဝင် အထွက်မညီမညွတ်မရှင်း မလင်း ရှိရာသည်၊ အစုအဝန်း မယိုမယွင်း စေသင့်၊ တိုင်း ပြည်အ ချေမမြစ်ဖြစ်သည်ကို ထောက် တော်မူ၍သား တော်အစည် မြေး တော် အဆက်မြစ် တော်အညွန့်အဖွန့်ရှည်စွာ အမှုထမ်း သီး သန့်တည်ထွန်း စေခြင်း ငှါ၊ ငါ အသျှင်ဒေကရာဇ်မင်း မြတ်သည်လည်း ရွှေ ဘော: လောင်း တော်အ သောကဓမ္မရာ ဇာ ဒေဝါနံပိယတိဿမင်း တို့ကဲ့သို့မင်း သာမန်တို့ခံဝံ့ခဲ သော မုဒ္ဒါဘိသိက်ကိုနှစ်ကြိမ် မြောက်စင်ခံ တော်မူ၍သဗ္ဗညုတဆုမြတ်ကိုပန်ဆင် တော်မူသည်နှင့်အညီသာသနာ တော်မြတ်စီး ပွါး ပြည်သူတို့စီး ပွါး များ မည်ကိုသာရည် တော်မူ၍ မင်း ဏ်ကျင့်ရာ သော တရား အ ပေါင်း ကို မပြတ်ကျိုး ကုတ်အား ထုတ်ဖြည့်ကျင့် တော်မူလျက်ခပ်သိမ်း သော ပြည်သူသတ္တဝါတို့အား တရား နှင့်အညီဆုံး မ စိုး အုပ် တော်မူသည်၊ ရွှေ ဘု ရား အ လောင်း မင်း ကောင်း မင်း မြတ်တို့မှာလည်း မိဋ္ဌာန်ရည်ညွှန်း သမုတ် သမှုမချွတ် မလွဲပြီး စီး မြဲဖြစ်သည့်အတိုင်း ရွှေပြည် သေနတ်င ပေါ်ဖြူ၊ ငသာလှ၊ င လှေး ၊ ငစံမင်း ၊ ငမြတ်သာဦး တို့လူ ၅၊ ငပွင့်ကိုအကြပ်၊ င ကောင်း ကြိုင်၊ င တော၊ ငပိန်၊ ငသူ၊ ငသာဦး တို့လူ ၅၊ ငညိုကိုအကြပ်၊ င ရွှေသာ၊ ငလုံ၊ ငသာ ရ၊ ငပုတုတ်၊ င ပြေတို့လူ ၅၊ ငဘုန်း ကြွယ်ကိုအကြပ်၊ င ရေး ၊ ငပြား ၊ ငနီ၊ င လှောက်တို့လူ ၄၊ ငဘိုလူး ကိုအကြပ်၊ ငသာ လှေ၊ ငဖြူတုတ်၊ ငရွှဲ၊ ငအော၊ ငလှကြီး တို့ လူ ၅၊ ငငြိမ်း ကိုအကြပ်၊ ငယ် ၂၄ [illegible] ၂၆အကြပ် ၅ ပေါင်း ၅၅ ငွန်း ကို သွေး သော် ကြီး ခန့် တော်မူ၍ ရွှေပြည် သေနတ်အစုဖြစ် စေထိ၍သမုတ်ပြဋ္ဌာန်း ဘွဲ့စု တော်မူ သည်၊ ကျေး ဇူး သစ္စာ တော်မြတ်နှစ်ပါး ကို စောင့်သိ ရိုသေစွာ ဖြောင့် ဖြောင့် ရိုး ရိုး အမှုတော်ကိုကုန်တွင် အောင်ထမ်း ။

24 February 1806

(သက္ကရာဇ်) ၁၁၆၇ ခုတ ပေါင်း လဆန်း ၇ ရက် နေ့နား ခ   ရာဇ နေဝ်ရထာပြန်။

(ရှေး ဟောင်း သုတေသန)

ရတနာသိင်္ဃမြို့ရှိသည် တော်ပုခန်း မင်းသစ်ပလွေရင်း တောလယ်၊ ရေပင်တောလယ် မြေရပ်ကို င အောင်ပန်း နှင့်လွှတ်ကသင့်ရာခန့်ထား၍ တိုင်းတာစေ၊ ဝမ်းဘဲအင်း ရှိလယ် တောင်ဘက်ဇီး တောမြောင်း ရေယောက်လယ်၊ တပက်ဆွဲရွာ ရှိလယ်မြေရပ်ကိုလည်း သင့်ရာခန့်ထား၍ တိုင်းတာစေ၊ မန်နတ်ပု ဇော်၍ပြီး လျှင်ရတနာသိင်္ဃမြို့သို့ကြည်းကြောင်း ရွှေစက်တော်ဖြန့် ဘော်မူမည်၊လမ်းတ ကျောက်မည် မညွတ်ရှိသည်များကိုညီညွတ်သာယာ အောင်လုပ် ဆောင်ပြင်ဆင်စေ၊ စခန်းသင့်ရာကွန်းထောက်နန်းတော် ရတနာသိင်္ဃမြို့တွင်ကွန်းထောက်နန်းတော်များကိုလည်းတော်သင့် အောင်ဆောက်လုပ်စေ၊ ရွှေမြို့တော်မှာအိမ်ရှေ့မင်းကို စောင့်နေမြဲစောင့်နေစေ၊ မင်းကွန်းမှာဝန် ထောက်နေမျိုး ကျော်ထင်ကို စောင့်နေစေ၊ ဝင်းခင်း နောက်တော်လိုက်အစောင့်အနေမှစ၍ခန့်ထား စီရင်ရန်ရှိသမျှကို ပြေကုန်အောင်စီရင်၊ အစောင့်အနေစာရင်း ကိုလည်း သွင်း ။ မဟာမင်းလှကျော်စွာ မရှိကွယ်လွန်လျှင်အထက်ဥစ္စာ ငွေ ၆၅၂၀၊ လက်စွပ်ကွင်း ရေ ၄၆၊ ရွှေ ၁၀၀၊ အထည်အလိပ်ဥယည် ကျေးကျွန်လယ်ယာများ ကိုစာရင်း သီးသန့်၍ထိန်းသိမ်း သူတို့နှင့်ရှိ ကြောင်း ၊ မြေး ငမောင်ဥစ္စာ ငွေ ၉၆၅ရှိ၊ လက်စွပ်ကွင်း ရေ ၁၀၊ ရွှေ ၄၇ ကျော် ကျေးကျွန်အထည်အလိပ်များ ကိုလည်း သီးသန့်၍ထိန်းသိမ်း ရှိ ကြောင်း ၊ အထက်ဥစ္စာကို မြေး ငမောင်အိမ်ခြား နေသား သမီး တို့နှင့်ပြောဆိုကြရသည်တွင် မြေး ငမောင်မှာ ၃ စုအိမ်ခြား နေသား သမီး တို့မှာ ၄ စု၊ မဟာမင်းလှကျော်စွာက တော်မိလှမှာ ၂ စု ပေး ဝေစေ တရားသူကြီးစီရင်ကြောင်း နှင့်မိလှကရှိနိုး သံတော်ဦး တင်သည်၊ မတာမင်းလှကျော်စွာအမွေဥစ္စာမှာမှာတရားသူကြီး စီရင်ချက်မမှန်၊သား သမီး ဆိုသူတို့မယားကြီးသား သမီး မဟုတ်၊ အိမ်ခြား နေမိန်း မတို့သား သမီး များ သာဖြစ်သည်၊ အမွေစုရ ကောင်း သည်မကောင်း မဆိုစေနှင့်၊ မြေး ငမောင်မှာလည်း မဟာမင်းလှကျော်စွာ ရှိစဉ်အမွေဥစ္စာကိုခွဲဝေပေး၍ဥစ္စာထိန်း နှင့်အသီး အခြားဖြစ်သည်၊ ဘွား ထွေး မိလှရှိစဉ်အမွေပေး ကောင်း သည်မကောင်း စေနှင့်၊ မိလှမရှိမှမိလှသား သမီး တို့နှင့် မြေး ငမောင်တို့ခွဲဝေယူကြစေ ။

26 February 1806

26 February 1806

သဗ္ဗညုဘဇ် ဘ ဒြ ရခုတ ပေါင်း လဆန်း ၁၀ ရက် နေ့ နဝး ခံရဘဇ နေ ၁ ဟ
ရထ ဘတွင်ပြန်။

(ရှေး ဟောင်း သုတေသန ၊ အုပ်ချုပ်ပုံ ၊ တ ၊ ၁၉၇၀ ၊ ဗိုဒ်၃၄၉ / နိ ၊ စာ၅၀)

ကျွန်တော်ရင်း ငအိုင်စု ဒလမြို့မှာ ရှိသည်ကို ဒလမြို့သူကြီး ကအပ်စေ၊ ရတနာသိဃ် မြို့သို့ ရွှေစက်တော်ဖြန့်တော်မူမည်အမိန့်တော်ပါသည်မှာ အလှူတော်အတန်း တော်များ နှင့်ဖြစ်သည်၊ ရွှေစက်တော်မဖြန့်ပြီ၊ ခန့်ထား စေလွှတ်မိသည်ကိုသိမ်း ။

26 February 1806

သက္ကရာဇ် ၁၁၆၇ ခုတပေါင်းလဆန်း ၁၀ ရက်နေ့ညနေ ခံရာဇ နော်ရထာတွင်ပြန်။

(ရှေး ဟောင်း သုတေသန)

မြို့ဝန်လက်ဝဲဇေယ ရွှေတောင်ကို၄ဝ တော်သိရိဒေဝဗလ သွေး ယောက်မှာစာ ရင်း သွင်း ၍သွဲ့၊ သား မယား အသက် နေ့နံ စာရင်း ကိုလည်း သွင်း ၊ ဒူး နေ ရာမှာချ၍ခစား စေ၊ လက်ဝဲ ဇေယ ရွှေ တောင်ကိုကွမ်း ခွက်၊ လက်ဘက်အိုး ၊ တ ကောင်း ပိတ်အဝန်း ၊ မြင်း ကကိုင်း ညောင်ခွက်ရ၊ သံပရာခွံ့ရက် ဘောက် တ တောင်ဆွဲ၊ ဆက်ပါး ကာ ရွှေဇာဝါပိန်း ၊ နင်း နှင်း သိပ်အိမ် မြှောင်ရင်ပတ် ကွင်း ငွေဇာဝါ၊ က တောင် ရွှေ ရေး စာမရိုရှုပ်ပန်း ခက်ကိုက်၊ အနား သံငှ ရွှေပိန်း ဦး ခက်ထိပ် ဆောင်း မြီး ဖြန်း ရင်ပတ်သက္ကလပ်ကြိုး ရွှေကြယ်တစ်၊ စီး နှီး သက္ကဒါန်၊ သက္ကလပ်တင်ရမ်း စက်ရွှန်း ၃ဆင့်၊ ထီး နီဆင်စွယ်ထွင့်သနား တော်မူသည်၊ စာချွန် ရေး မြဲ ရေး ၍သွင်း ၊ သိန္နီစစ်ကဲလက်ဝဲစန္ဒသူမယား မိ ရှင်မသား ငမောင်တို့ကသိန္နီမြို့မှာလက်ဝဲစန္ဒသူ သေလွန်လျှင်သွား ၍ဘုတ်ကြည်း သဂြိုဟ်ပါသည်၊ လက်ဝဲစန္ဒသူပိုင်ထိုက်သည့်ပစ္စည်း ဥစ္စာ သေနတ်လက်နက်များ နှင့် ရွှေဘဝါး တော် အောက်ဆင်း လါမည်ရှိသည့်အတွင်း လက်ဝဲစန္ဒသူရှိစဉ် ရွှေဘုန်း တော်နိုလှုံ့ရသည့် ငွေ ၆၂ ကျော် ရွှေရဒ်၊ နွား ၂၂ များ နှင့်ဆက်ရန်ထား သည့် သေနတ် ၃၅လက်ကိုသိန္နီ စော်ဘွား အမတ်တို့သိမ်း ယူပါသည်၊ မယား ငယ်သမီး မိ မင်း အူကလည်း နေအိမ်နှင့်ဥစ္စာပစ္စည်း များ ကိုရသင့်သည့်အ နှောက်အရှက်ရှိ ခဲ့သည့်အကြောင်း နှင့်ရှိခိုး သံ တော်ဦး တင်သည်၊ လက်ဝဲစန္ဒသူရှိစဉ် ရွှေဘုန်း တော်ကိုနိုလှုံ့ရသည့် ရွှေ ငွေနွား ဆက်ရန် သေနတ်များ ကိုသိန္နီ စော်ဘွား အမတ် တို့ဆက်ရန်သိမ်း ယူသည်မှန်မမှန်စစ် ကြော၍သိမ်း ယူသည်မှန်လျှင်မသိမ်း မယူ စေ နှင့် သေနတ်ကိုတိုက် တော်သို့သွင်း စေ၊ ရွှေ ငွေနွား များ ကိုလက်ဝဲစန္ဒသူမယား သား တို့သို့ပြန်၍ ပေး စေ၊ မယား ငယ်သမီး တအ မှေ့ရသင့်သည်ဆိုသည့်စကား မှာ လည်း တရား သူကြီး တို့ ရှေ့တရား ထိုက်ရာစစ် ကြောစီရင် စေ။

27 February 1806

သက္ကရာဇ် ၁၁၆၇ ခုတ ပေါင်း လဆန်း ၁၁ ရက် နေ့နား ခံစ မြှောင် မှူး ထွင်ပြန်။

(ရှေး ဟောင်း သု တေသန)

ဗန်း မော်မြို့ဝန်စစ်ကဲတို့က ရောက်သည့်စာကိုဆက်သွင်း သည်မှာ ဗန်း မော်မြို့ စောင့်မင်္ဂလာသား တို့ကိုနား ခံသူရိန် ကျော် ခေါင်ကိုအအုပ်ခန့်ဗန်း မော် စော်ဘွား ဆင့်ဆိုရာနာခံ စောင့်နေ စေ၊ မင်္ဂလာတပ်မှူး င ရွှေတိုက်ကို ရွှေဘဝါး တော် အောက်အကျည်း ယူ စေ၊ ဗန်း မော်မြို့ဝန်ကို ရွှေဘဝါး တော် အောက်လာ စေ၊ စစ်ကဲနား ခံမြို့စာ ရေး တို့မှာဗန်း မော် စော်ဘွား ဆင့်ဆိုရာနာခံ၍ စောင့်နေထမ်း ရွက် စေ၊ ကင်း အ ကောက်မှာလည်း မင်္ဂလာသား တို့ကမ ကောက် စေနှင့်၊ စစ်ကဲနား ခံမြို့စာ ရေး အစုံအညီဗန်း မော် စော်ဘွား အဆင့်အဆိုကို ခံ၍ ကောက်ခံဆက်သွင်း စေ။

11 May 1806

သက္ကရာဇ် ၁၁၆၈ ခုကဆုန်လပြည့်ကျော် ၁၀ ရက် နေ့နား ခံဘယ ကျော်ထင် တွင်ပြန်။

13 May 1806

ထွန် တော်ရင်း မှာ ရွှေတိုက်ဝန်လုပ်စုအုတ်ကထင်း မရ၍အုတ်ဖို ရေဖြမဖုတ်ရ၊ ကျွန် ကြောင်း နှင့် ရွှေတိုက်ဝန်ကရွှံ့နိုး သံတော်ဦး တင်သည်၊ ယခုမိုး ကျပြီးဖြစ်သည်၊ ထင်း မရရှိ စေသင့်သည်မဟုတ်ထင်း လောက် အောင် ပေး၍ဖုတ် စေ၊ တလိုင်း အငြိမ့်တလိုင်း ဆိုင်း အတီး အကဟံသာ ဝတီမြို့ကတရန်၊ မုတ္တမမြို့ကတရန်၊ ရွှေဘဝါး တော် အောက်ဆက်ပို့လှာရမည့်အကြောင်း နှင့်မှာထား၍ဆက်လှာစေ၊ ဇေယ ရန္တသူကို ရွှေတိုက်စိုး သီရိ ဇေယ ကျော်ကို ရွှေတိုက်စာရေး နရာဝေ သော်ကိုလက် နက်တိုက်စိုး ရာဇဝေသူ ငသာနိုး တို့ကိုလက်နက်တိုက်စာရေး ခန့်။

13 May 1806

သက္ကရာဇ် ၁၁၆၈ ခုကဆုန်လပြည့်ကျော် ၁၂ ရက် နေ့နား ခရာဇ နော်ရထ တွင်ပြန်။

(ရှေး ဟောင်း သုတေသန)

စစ်ပြေး စစ်ရှောင်လူတို့သား မယား တို့ကိုတ ယောက်မကျန်ကုန်စင် အောင် ယခု နေ့မီး ပုံမှတိုက်၊ သေနတ်အုပ်တိုက်ဝန်မြို့စာ ရေး တို့မှာလည်း စစ်ပြေး စစ်ရှောင်လူတို့သား မယား များ ကိုတ ယောက်မကျန်ကုန်စင် အောင်အပ်စေ၊ သေနတ်အုပ်တိုက်ဝန်မြို့စား တို့ကိုရ အောင် တောင်း ၊ အိမ်ရှေ့စာ ရေး ကြီး တို့မှာလည်း တပယင်း မြို့ ကန်နီမြို့များ ကအုပ်စုသင့်စစ်ပြေး စစ်ရှောင်လူတို့သား မယား တို့ကိုရ အောင်ချည်း မှ တောင်း ၊ ပြည်မင်း တောင်ငူမင်း ပုဂံမင်း ပုခန်း မင်း မိုး မိတ်မင်း တို့ကိုယ့်မှတ် တော်မူ၍တိုင်း ရေး ပြည် ရေး များ ကိုလွှဲအပ်စီရင် စေသည်၊ စစ်ပြေး စစ်ရှောင်သူတို့သား မယား ကိုတ ယောက်မကျန်ရ အောင် တောင်း ၍ စီရင်ရမည်ဖြစ်၍တိုင်း ရေး ပြည် ရေး မဟုတ်သကဲ့သို့ ပေါ့ပေါ့လျော့လျော့စီရင်ကြ သော ကြောင့်ယခုတိုင်သင်း တို့စစ်ပြေး စစ်ရှောင်လူတို့သား မယား များ ကိုမစီရင် ကြောင်း နှင့်ရွှေနား တော်ကြား တော်မူရသည်၊ နောင်သည်ကဲ့သို့ကြား တော်မူရလျှင်နှစ်ခွန်း ချေရမည်မမှတ်နှင့်၊ မန်းစက်တော်ရာ နှစ်ဆူတွင်အမိုး တန် ဆောင်း ဆောက်လုပ်လျှာဒါန်း ပါရမည့်အကြောင်း နှင့်မြောက်နန်း တက်မိဘုရား ကင့်နိုး သံတော်ဦး တင်ချက်အတိုင်း ဆောက်လုပ်လျှာဒါန်း စေ။

14 May 1806

သက္ကရာဇ် ၁၁၆၈ ခုကဆုန်လပြည့်ကျော် ၁၃ ရက်နေ့နား ခံတော်စ မြောင်မှူး တွင်ပြန်။

(ရှေး ဟောင်း သုတေသန)

15 May 1806

ပဒုံမင်္ဂလာ သေနတ်စာရေး ကျေး ရွာသူကြီး ငယ်တို့က ပဒုံမြို့ (သက္ကရာဇ် ၁၁ 1783
၄၅ ခုအသည်စာရင်း တော်ပါလူတို့သည် ၁၅၀ ထမ်း လူတို့မှာ ဘွဲ့ရာပါစာရင်း ကျ
အပြင်အသည်အိမ်အများ ကိုလက်ခံသိမ်း ယူ၍ ဝင်း လှည့်အိပ်ဘန်ခန့်ထား မရှိ
ကြောင်း နှင့် လျှောက် သော ကြောင့် ၁၅၀ လူအုပ် သွေး သောက်ကြီး အကြပ်တို့နှင့်
မျက်နှာညီတိုက်ဆိုင်စစ်မေး လျှင် ငွေ တော်စါး ၁၅၀ ထမ်း ရင်း၁၈၄ အနက် သေလူ
၉၁ ကျန် ၉၃။ သား မြေး မှန်သူ ၃၇၂။ ဘွဲ့ရာပါ ၉၉၇။ ၃စု ၁၄၆၂ စာရင်း
တင်ဆက်သည်။ မင်္ဂလာ သေနတ်ထမ်း လူတို့မှာလည်း အိပ်လှည့်အိပ်ဘန်နှင့် နေ့ညမြဲ
စွဲထမ်း ရသည်ပင်ဖြစ်သည်။ ဘွဲ့ရင်း လူအနက်ကျန် ၉၃ သား မြေး ၃၇၂။ ၂စု
၄၆၅ လူတို့ကိုသာ ၁၅၀ မှာထမ်း ရွက်စေ။ တွဲဘက်သိမ်း ယူသည့် ၉၉၇ လူတို့စာရင်း
ကိုနှုတ်၍ ပဒုံမြို့နေအသည်ငယ်သား တို့နည်း မင်္ဂလာ သေနတ်စာရေး ကျေး ရွာ
သူကြီး ငယ်တို့ခန့်ထား ရုနာခံထမ်း ရွက်စေဆင့်ဆိုမည်စစ်ကိုင်း မင်း ပြည်
မင်း တောင်ငူမင်း ပုဂံမင်း ပုခန်းမင်း မိုးမိတ်မင်း တို့ဆက်သွင်း
ချက်အတိုင်း သင့်ပြီ။

15 May 1806

သက္ကရာဇ် ၁၁၆၈ ခုကဆုန်လပြည့်ကျော် ၁၄ ရက် နေ့နား ခံစ မြောင်မှူး
ထွင်ပြန်။

(ရှေး ဟောင်း သုတေသန)

ယွန်း စလင်း မြို့စောင့်တပ်မှူး ဗညား အိန္ဒ ကျော် လျှောက်ချက်ကို ထောက်၍အထက်ယွန်း စလင်း စောင့်ပေး ရင်း လက်နက်ကိုင် ၂၄၀ နှင့် ၅၀၀ ပြည့် အောင် ဟံသာဝတီမြို့ကထပ်ဖြည့် ပေး စေမည် သေနတ်မှာ (သက္ကရာဇ် ၁၁) ၆၇ ခုနှစ်ချို့ 1805
တပ်စုကမှုဏ္ဍမတိုက်တွင်သွင်း ထား ရှိသည် သေနတ်ကိုရှိရင်း သေနတ် ၁၉၁ နှင့် ၂၅၀ ပြည့် အောင် ပေး စေမည်၊ ဆေး ခဲယမ်း မီး ကျောက်များ ကိုလည်း သေနတ်နှင့် တော်သင့် အောင်ထုတ်ယူ စေသည်၊ လက်နက်ကိုင်လူတို့စား ရန်မှာလည်း မြိုင် တော့ကရိတ်ကို တော်ရှိစပါး တနှစ်စာတာလစာထွက်၍ထုတ်ယူ စေမည်၊ တောတောင်နေကရင်အများ ပျပ်ဝပ်ယဉ်ပါး သည်မှာလည်း ပျပ်ဝပ်ယဉ်ပါး အောင်မျှည်း ဖြောင့် သွေး ဆောင်ရမည်၊ စစ်ရေး စစ်မှုစုံစမ်း တမ်း ရွက်ရန်ရှိသမျှကိုမလစ်မဟင်း မယွင်း မယို စေရကြပ်ကြပ်တည်း တည်ဆင့်ဆိုအုပ်ထိန်း စီရင်၍အရေး အကြောင်း ရှိသမျှကိုမပြတ် လျှောက်ထား ပွှာမည်း ကြောင်း များ နှင့်ဆင့်ဆိုမှာထား ၍လာလူတို့ကိုပြန်သွား စေမည်၊ စကိုင်း မင်း ပြည်မင်း တောင်ငူမင်း ပုဂံမင်း ပုခန်း မင်း မိုး ဗိတ်မင်း တို့ဆက်သွင်း ချက်အတိုင်း သင့်ပြီ။

18 May 1806
သက္ကရာဇ် ၁၁၆၈ ခုနယုန်လဆန်း ၂ ရက် နေ့နား ခံစ မြောင်မှူး ထွင်ပြန်။
(ရှေး ဟောင်း သုတေသန)

သား တော်သမီး တော်များ မှာမြို့ရွာသနား တော်ခံရသူလည်း ရှိသည်၊ သနား တော်မခံရသေး ကျန်လပ်သည့်သူလည်း ရှိသည်၊ မြို့ရွာသနား တော်မခံရသေး ကျန်လပ်သည့်သား တော်သမီး တော်တို့ကိုမြို့ရွာသနား တော်ခံစေရမည်၊ မျိုး တော်မတ် တော်တို့စား နှင့်သည့်မြို့ရွာ များ မှာလည်း သား တော်သမီး တော်တို့ကိုသနား တော်မူသင့်သည့်မြို့ရွာဖြစ်လျှင်သား တော်သမီး တော်တို့စား သည့်မြို့ရွာများ နှင့်လဲလှယ်၍သနား တော်ခံရစေမည်၊ အိမ်ရှေ့မင်း စကိုင်းမင်း ပြည်မင်း တောင်ငူမင်း ပုဂံမင်း ပုခန်းမင်း မိုး မိတ်မင်း တို့က တော်သင့်အောင်ရွေး ချယ်ရုံထား ၍သွင်း ၊ သေနတ်ဆက် လျှော်စီး တို့တ သေနတ်အများ ဆက်ရန်ရှိသည်မှာသဘော်လုပ် သေနတ်ကိုပြေကုန်အောင်မရနိုင်ပါ၊ ရွှေဘဝါး တော်အောက်တွင်လုပ်ဆောင်ဆက်သွင်း ရပါလျှင် ပြေကုန်အောင်ဆက်သွင်း နိုင်ပါမည်၊ ပန်းဘဲတို့ကလည်း ကောင်း မွန်နိုင်လုံအောင်လုပ် ဆောင်ပါမည်၊ သေနတ် ၅လက်သွင်း ပြ၍ ရှိနိုး သံ တော်ဦး တင်သည်အတိုင်း ဒဝယ်ဖိုလ်ကိုပစ်၍စမ်း စေလျှင်နိုင်လုံသည်ဖြစ်သည်၊ စမ်း စေသည့် သေနတ်နည်း ချော မော ကောင်း မွန်နိုင်လုံ အောင်လုပ် ဆောင်ပြီး ပစ်၍စမ်း စေ၊ မကျိုး မပေါက်နိုင်လုံသည့် သေနတ်ကိုအတွင်း မှာ ဒေါင်း ပြတ်ဆိပ်ခတ်၍ လျှော်စီး တို့ဆက်စုသင့် သေနတ်ကိုဆက်သွင်း စေ။

21 May 1806

သက္ကရာဇ် ၁၁၆၈ ခုနယုန်လဆန်း ၅ရက် နေ့နား ခံရာဇာ နေဘ်ရထာတွင် ပြန်။

(ရှေး ဟောင်း သုတေသန)

21 May 1806

အထွဋ်း ဝန်မင်းကြီး မဟာသက်တော်ရှည်ကတပ်ရှိစာရင်း ရောက်သည့်လူတို့ သား မယား ကိုချမ်းသာစေ။

21 May 1806

သက္ကရာဇ် ၁၁၆၈ ခုနယုန်လဆန်း ၅ ရက် နေ့နား ဒံရာဇ နော်ရထာတွင် ပြန်။

(ရှေး ဟောင်း သုတေသန)

မြေခြာက်ဘက်တိုက်ရွာ ဝေး သူကြီး နဝဒေး ကိုမြိုတိုက် ဆောင် တော်မှာမြဲစွဲထမ်း ရွက် စေ၊ နဝဒေး အစား နဝဒေး ကို မေး ၍ တော်ယင်သူကိုရွာ ဝေး သူကြီး ခန့်။

23 May 1806

သက္ကရာဇ် ၁၁၆၈ ခုနယုန်လဆန်း ၇ ရက် နေ့နား ခံဘယ ကျော်ထင်တွင်ပြန်။

(ရွှေး ဟောင်း သုတေသန)

ဖိုလ်မှူး မင်းကြီး မဟာသက်တော်ရှည်ကတပ်မတော်သို့ပြန်ရောက်ကြောင်း နှင့် တပယင်းမြို့ပါမြင်းစီး ငညိုထွင်ဖိုရှိခိုး သံတော်ဦး တင်စာရင်း ပါသူတို့သား မယား ကိုချမ်းသာစေ၊ တပယင်းမြို့ ကန္နီမြို့များ ကတပ်ပြေး လူတို့မှာတပ်တော်သို့ပြန်ရောက်ကြောင်း ကိုအလျောက်အထား ရောက်သော်လည်း မလွတ်စေနှင့်၊ အမိန့်တော်အတိုင်း စီရင်၊ အောင်ပင်လယ်လမိုင်း ဝန်ခန့်ထား ရန်တော်သင့်သူကိုရွေး ချယ်၍သွင်း ၊ ကလေးမြို့ကျေး လောင်တောင်ရွာသူကြီး ငအဝ်ကျွယ်တပ်တော်မှာအမှုတော်ကိုထမ်း ရွက်ရှိခိုက်သား မယား တို့မှာကန့်ကောရွာသူကြီး ငလွှမ်း ကျော်ညိုငအောင်ထွေး တို့အစုစု ငွေ ၁၁၅ ဝိ စပါး ၆၁၀ ကျော်ချည်နှောင်ရိုက်နှက်တောင်း ယူသောကြောင့် ကျေး ရွာပျက်ပြား ရှိကြောင်း နှင့်မိုး နဲ့တပ်တော်မှာအစီရင်ခံကြောင်း ကိုဖိုလ်မှူး မင်းကြီး မဟာသက်တော်ရှည်ကရှိခိုး သံတော်ဦး တင်သည်၊ တပ်ပါလောင်တောင်ရွာသူကြီး ငအင်ကျွယ်သား မယား တို့မှာကန့်ကောသူကြီး ငလွှမ်း ကျော်ညိုငအောင်ထွေး တို့ကြေး ငွေစပါး တောင်း ယူသည်မှန်မမှန်စစ်ကြော၍ တောင်း ယူသည်မှန်လျှင် တောင်း ယူသမျှကြေး ငွေစပါး ကိုဥစ္စာရှင်သို့ပြန်ပေး စေ၊ အမိန့်တော်အာဏာ တော်ကိုမတည်တပ်ပါလူတို့သား မယား မှာ ကြေး ငွေစပါး တောင်း ယူသူကန့်ကောသူကြီး ငလွှမ်း ကျော်ညိုငအောင်ထွေး တို့ကို နှောင်မဝံ့ အောင်ရာဇဝတ်စီရင်၊ ငမြတ်သာကကျွန်တော်သ မက်ငလန်း အုပ်စုလှော်ကား (သက္ကရာဇ် ၁၁) ၆၇ ခု သေနတ်တဆယ်ကိုဆက် 1805 သွင်း ပြေပါသည်၊ သမက်ငလန်း သေလွန်သောကြောင့်နောက်ကိုဆက်လက်၍မသွား မလာမရောင်း မဝယ်နိုင်ပါ၊ လှော်ကားအမိန့်တော်ထွက်စာချွန်ကိုဆက်သွင်း ပါရမည့်အကြောင်း နှင့်ရှိခိုး သံတော်ဦး တင်ချက်အတိုင်း ဆက်သွင်း စေ၊ နောက်သေနတ်ဆက်ကိုလွှတ်စေ။

24 May 1806
သက္ကရာဇ် ၁၁၆၈ ခုနယုန်လဆန်း ၈ ရက်နေ့နား ခံစ မြောင်မှူး ထွင်ပြန်။

(ရှေး ဟောင်း သုတေသန)

မိုး ကုတ်ကြပ်ပြင် ကျေး ရွာကတစ် ပြေး တို့မှာ ရ၍ဆက်သွင်း သည့် သေနတ်ကိုလွှတ်မှာ ပြု၍သွင်း စေ၊ ကုလား ဖို့သေနတ်ကတစ် ပြေး ရှောင်စာရင်း တွင်မထွက်မပါ ပဋ္ဌာလဝန်သို့ကုလား ဖို့မြို့ရွာအစုများ ကတစ် ရှောင်လူတို့ကိုမိုး ကုတ်ကဘမ်း သည် တွင်လူထွက် ပြေး ၍ သေနတ်ကိုဆက်သည်မှာတစ် ရှောင်စာရင်း ကို စေ့ငု အောင် မဆက်မရောက် သော ကြောင့်ကုလား ဖို့သေနတ်တစ် ရှောင်စာရင်း သိရှိရသည် ဖြစ်သည်၊ ထပ် ပြေး တစ် ရှောင်စာရင်း ကိုမိုး နဲဗိုလ်ချုပ်မင်း ကြီး မဟာသက် တော်ရှည်သို့မှာထား ၍ စေ့ငု အောင်ဆက် စေ၊ ပဋ္ဌာလဝန်သို့ကုလား ကတစ် ရှောင် လူတို့ကိုလည်း ရ အောင် တောင်း ၍ စီရင်၊ ရမ္မဝတီမြို့အ ကောက်ဝန်င အောင်အစါး ခန့်ထား ပါရမည့်အ ကြောင်း နှင့် မြေစွန်း ဝန်ကရှိနိုး သံ တော်ဦး တင်သည်၊ ရ မ္မာဝတီအ ကောက်ဝန်အရာမှာ တော်သင့်သူကို ရွေး ၍ခန့်၊ မင်း ကွန်း နန်း တော်မှာအ ရှေ့မင်း ထက် လှေကား အမိုး ယွန်း ဆက်ကိုသစ်ပျဉ်နှင့်လုပ် စေ။

26 May 1806

သက္ကရာဇ် ၁၁၆၈ ခုနယုန်လဆန်း ၁၀ ရက် နေ့နား ခဘယ ကျော်ထင်တွင်ပြန်။

(ရှေး ဟောင်း သုတေသန)

တကောင်း မင်း သမီး က တောင်ပြုံး ကြီး နယ်အတွင်း ကွပ်ရွာ မင်း သမီး ကြ ညွှပ်မင်း သမီး တို့ကိုသနား တော်မူသည့် မြေအနောက် မြေတိုင်မဝိချမ်း တိုင်နက် ကဏ္ဍ ~ရွှ ပေါက်ပင်တူး မြောင်း တရား ထွေ့မြစ်တိမ်အ ရှေ့ဘက်အ နောက်ဘက်တွင် ကုန်း ကျင်း ရှိသည့် တောလယ် မြေရင်သည်အစုသား တို့ကို ပေး ရာမပါကျွန်လပ်ပါ သည်သနား တော်မြတ်ခံ၍အ မွေရ ငွေ ဝယ်ကျွန်တို့ကို ချထား လုပ် ဆောင်ပါရ စေ မည့်အ ကြောင်း နှင့်ရှိနိုး သံ တော်ဦး တင်ချက်အတိုင်း တောင်ပြုံကြီး နယ်တွင် မြေ တိုင်မဝိချမ်း တိုင်နက်ကဏ္ဍ ရွှေ ပေါက်ပင်တူး မြောင်း တရား ထွေ့မြစ်တိမ်အ ရှေ့ ဘက်အ နောက်ဘက်တွင်အစုသား တို့ကို ပေး ရာမပါကျွန်လပ်သည်အတွင်း ကုန်း ကျင်း ရှိသည့် တောလယ် မြေရပ်ကိုတ ကောင်း မင်း သမီး ကိုသနား တော်မူသည်၊ မြေ တိုင်း အမတ်ကတိုင်း တာချ ပေး စေ၊ ကျိဝန်ဒဝယ်ဗိုလ်တို့က မလုပ် စေနှင့်။

28 May 1806

သက္ကရာဇ် ၁၁၆၈ ခုနယုန်လဆန်း ၁၂ ရက် နေ့နား ခံရာဇာ နော်ရထာ တွင်ပြန်။

(ရှေး ဟောင်း သုတေသန)

29 May 1806

သီဟိုဠ်တရဟန်း တို့နှင့်ဝင့်ဆောင်ပါသည့်ဓါတ်တော် မွေတော်ဗိဋကတ်တော်များ ကို မှူး မတ်သင့်ရာခန့်ထား၍ကြိုဆိုစေ၊ လမ်း ခရီး တလျှောက်မြို့ကျေး ရွာများ ကလည်း ဆွမ်း ရေချမ်း ပန်း ပေါက်ပေါက်နှင့်ပူဇော်ကန်တော့ကြစေ။

29 May 1806

သက္ကရာဇ် ၁၁၆၈ ခုနယုန်လဆန်း ၁၃ ရက် နေ့နား ခံဘယ ကျော်ထင်တွင် ပြန်။

(ရှေးဟောင်း သုတေသန)

သံလျှင်မင်း သား ထမ်း ငမြတ်ပုံ ရွှေမြို့တော် နေ ငရွှေငြိမ်း ပန်းတနော် မြို့နေ ငဝင်း တို့ရှိခိုး သံတော်ဦး တင်ချက်အတိုင်း ငမြတ်ပုံနှင့် ငွေထိုး လှေငယ် ၆၀၊ ငရွှေငြိမ်း နှင့် ငွေထိုး လှေငယ် ၄၀၊ ငဝင်း နှင့် ငွေထိုး လှေငယ် ၂၀ ကို လှေတော်မှူး နည်း သေနတ်ဓါး လှံတင် ဆောင် ရောင်း ဝယ်စေ၊ ကင်း ခွန် ကြေး ငွေကိုကင်း က မကောက်မခံ စေနှင့်၊ ရွှေဘဝါး တော် အောက်ဆိုင်ရာဝန် အကြီး စာရေး တို့ထံ (သက္ကရာဇ် ၁၁) ၄၅ ခု စစ်တမ်း ထွက်အတိုင်း ပေး ချိန် 1783 ဆောင် ရွက်စေ၊ တနှစ်ကို ငမြတ်ပုံက သေနတ် ၆၀၊ ငရွှေငြိမ်း က သေနတ် ၄၀၊ ငဝင်း က သေနတ် ၂၀ ဆက် စေ။

31 May 1806

သက္ကရာဇ် ၁၁၆၈ ခု နယုန်လဆန်း ၁၅ ရက် နေ့ နား ခံရာဇ နော်ရထာ ထွင်ပြန်။

(ရှေး ဟောင်း သု တေသန)

ဝန်ထောက်နေမျိုး ကျော်ထင်ကစန္ဒမုနိဘုရား မှာရှိရင်းတန်ဆောင်းကို သိမ်း၍ဘုံ ၅ဆင့်တန်ဆောင်း ကောင်းမွန်နိုင်လုံ အောင်ကိုယ်စား တော်အသစ် ဆောက်လုပ်ပါရမည့်အကြောင်း နှင့်ရှိနိုး သံတော်ဦး တင်ချက်အတိုင်း ဆောက်လုပ်စေ။

1 June 1806

သက္ကရာဇ် ၁၁၆၈ ခုနယုန်လပြည့်ကျော် ၁ ရက်နေ့နား ခံဘယ် ကျော်ထင် ထွင်ပြန်။

(ရှေးဟောင်းသုတေသန)

3 June 1806

သီရိဥတ္တမကျော်သူ သေလွန်ရာမှာဒူး နေရာ နေတို့ သေလွန်လျှင်သင်္ဂြိုဟ်သည့်နည်း သင်္ဂြိုဟ်စေ၊ သီဟိုဠ်ရဟန်း နှစ်ပါး တို့တွင်ပါသည့်ပိဋကတ်စာကိုသာသနာပြုဆရာ တော်တို့ထံပို့စေ၊ ဆရာတော်ကမြန်မာဘာသာပြန်၍ဆက်သွင်းစေ။

3 June 1806

သက္ကရာဇ် ၁၁၆၈ ခုနယုန်လပြည့်ကျော် ၃ ရက် နေ့နား ခံရာဇ နော်ရထာ တွင်ပြန်။

(ရှေး ဟောင်း သုတေသန)

လက်ျာဒိပ္ပကိုနာဂရိမှူး ခန့်ထား ထမ်း ရွက် စေမည်၊ စစ်ကိုင်း (မင်း) ပြည်မင်း တောင်ငူမင်း ပုဂံမင်း ပုခန်းမင်း မိုးမိတ်မင်း တို့သွင်းချက်အတိုင်း သင့်ပြီ။

3 June 1806

သက္ကရာဇ် ၁၁၆၈ ခုနယုန်လပြည့်ကျော် ၃ ရက် နေ့နံနက် ခံရာဇနော်ရထာ ထွင်ပြန်။

(ရှေးဟောင်းသုတေသန)

4 June 1806

လက်ျာဒိပ္ပကိုနာရီမှူး အရာကနှုတ်၍ နောက်ဝင်း ဒိုင်း ကိုရေးမြဲရေး စေ၊ သံတော်ဆင့်စည်သူရာဇာ ကျော်ထင်ကိုနာရီမှူး ခန့်၊ ဟံသာဝတီ ရေဝန် တောင်း လက်ျာသူရ ကျော်မှာသနား တော်မူသည့်မဟာ နော်ရထာဘွဲ့ တော် နေရာအစီး အနင်း အဆောင်အရွက် ဗောင်း ဝတ်လုံစလွယ်များ ကိုသိမ်း ၊ အထက်သနား တော် မူရင်း ဒူး နေရာ နေတို့နည်း ဝတ်ဆင်စေ၊ သက်ကယ်ကျင်း ရွာနေငဖြူထွား သီး ငဝါ နှမမိကတူး လင်ငရွဲတို့ကို အောင်ပင်လယ်လမိုင်း စာရေး အဝန်း တို့ကလ မိုင်း အစုသား အောင်ပင်လယ်ကထွက် ပြေး သူ (များ ဖြစ်) ကြောင်း ကိုရှိခိုး သံ တော်ဦး တင်ချက်နှင့်သက်ကယ်ကျင်း မြင်း စီး ကျော်သူရန် အောင်ကို မေး လျှင် ငဖြူထွား သား ငဝါ နှမမိကတူး လင်ငရွဲတို့ (သက္ကရာဇ် ၁၁) ၄၅ ခုနဂါး 1783 တွင်း သူကြီး ပေး စာရင်း တွင်အင်တိုင်း မြင်း ပါဝင်သည်၊ နေရင်း နဂါး တွင်း ရွာတ (သက္ကရာဇ်)၁၁၅၃ ခုနှစ်သက်ကယ်ကျင်း ရွာသို့ ပြောင်း ရောက်သည်ကသည် 1791 ယခုတိုင် (သက္ကရာဇ် ၁၁) ၆၄ ခု ၆၇ ခုပြင်စာရင်း ဆက်သွင်း နေထိုင်သူဖြစ် 1802 ကြောင်း လမိုင်း အစုသား မဟုတ် ကြောင်း ကိုအစစ်ခံသည်၊ လမိုင်း စာရေး တို့ 1805 အစစ်ခံချက်တွင်လည်း လမိုင်း အစုရင်း သား မဟုတ်၊ အင်တိုင်း မြင်း အစုရင်း သား မှန် ကြောင်း ၊ အောင်ပင်လယ်လမိုင်း ကိုမင်း ကြီး နန္ဒ ကျော်ထင်အုပ်သည် ကာလ လမိုင်း မှာထမ်း ရွက်လိုပါသည်၊ လာ ရောက်ထမ်း ရွက်သူဖြစ်၍ (သက္ကရာဇ် ၁၁) ၆၄ ခုစာရင်း ဆက်ရာပါ ကြောင်း နှင့်အစစ်ခံချက်ရှိသည်၊ လမိုင်း အစု 1802 ရင်း သား မဟုတ်သည်ကိုလမိုင်း မှာထမ်း ရွက်လိုသည်လာ ရောက် သော်လည်း လက် ခံ၍ စာရင်း ဆက်သွင်း ရသာမည်မဟုတ်၊ ငဖြူထွား သား ငဝါ နှမမိတတူး လင် ငရွဲတို့ကိုအင်တိုင်း မြင်း စာရင်း ပါသည်အတိုင်း ဆိုင်ရာမြင်း စုမှာထမ်း ရွက် စေ၊ (သက္ကရာဇ် ၁၁) ၆၄ ခုလမိုင်း စာရင်း ဆက်သွင်း ပါဝင်သည်ကိုသိမ်း ၊ ပန်လက် 1802 ရွာစား ဒေဝကာမဏိကို ဝင်ထွက်မြဲဝင်ထွက်ခယမ်း ထမ်း ရွက် စေ။

သက္ကရာဇ် ၁၁၆၈ ခုနယုန်လပြည့်ကျော် ၄ ရက် နေ့ညနား ခံဘယ ကျော်ထင် 4 June 1806 တွင်ပြန်။

(ရှေး ဟောင်း သုတေသန)

တိုင်ထား မြို့စား သီရိ ဒေဝ ကျော်သူကို အနောက်ဝန်ခန့်။

5 June 1806

သက္ကရာဇ် ၁၁၆၈ ခုနယုန်လပြည့်ကျော် ၅ ရက် နေ့နား ခံစ မြောင်မှူး တွင်ပြန်။

(ရှေး ဟောင်း သုတေသန)

7 June 1806

လောကမှန်ကင်း တိုက် နေရှင်ဥတ္တမဘဝ ပြောင်း ရာတွင်စာ ဝေများ ကိုရလို သည်ဆိုသူ ရဟန်း နှစ်ဦး တို့အမှုကို စစ် ကြော၍ထိုက်ရာစီရင်၊ စစ် ကြောစီရင်ချက် ကိုလည်း သွင်း ။

7 June 1806

သက္ကရာဇ် ၁၁၆၈ ခုနယုန်လပြည့် ကျော် ၇ ရက် နေ့ညနား ခဘယ ကျော်ထင် တွင်ပြန်။

(ရှေး ဟောင်း သုတေသန)

မင်း ညီမင်း သား တို့ကို ဥပုသ် ဆောက်တည် စေရမည်။ တယောက်မကျန်ယခုအ
တွင်း တော်သို့ဝင်ကြစေ။

8 June 1806

သက္ကရာဇ် ၁၁၆၈ ခုနယုန်လပြည့်ကျော် ၈ ရက် နေ့နား ခ၈ မြောင်မှူး တွင်
ပြန်။

(ရှေး ဟောင်း သုတေသန)

ပဒုမ်မင်း ထမ်း ငအောင်၊ ငအေး တို့က (သက္ကရာဇ်) ၁၁၆၆ ခုနှစ် လှေကြီး ၄ 1804
နွေထိုး လှေငယ် ၁၆၊ ၂၀ စု လှေ ၂၀ ကို သေနတ်ဆက်အမိန့်တော်ထွက်စာချွန်နှင့်
တောက်ကား ရောင်း ဝယ်ပါသည်၊ (သက္ကရာဇ် ၁၁) ၆၇ ခုနှစ်ဆက်စုသင့် သေ 1805
နတ်တော်ကိုလည်း ဆက်သွင်း ပြေပါသည်၊ နောက်ကိုမသွား မလာ မရောင်း မ
ဝယ်နိုင်ပါ၊ လှေစာချွန် ၂၀ အနက် ရေမြှမ်း ရာစာချွန် ၂ ပါပါသည်၊ ကျန်စာချွန်
၁၈ ကိုဆက်သွင်း ပါရမည့်အကြောင်း နှင့်ရှိခိုး သံတော်ဦး တင်ချက်အတိုင်း မသွား
နိုင်သည့် လှေစာချွန်ကိုဆက်သွင်း စေ၊ နောက် သေနတ်ဆက်ကိုလွတ် စေ၊ ရွှေဘဝါး
တော် အောက် ကျော်သူ ကျော်လာ ရောက်သည်မှာ ဗိုလ်မှူး ဗိုလ်ချုပ်တို့က လျှောက်စာ
ထား စာမပါဖြစ်သည်၊ မည်သည့်အကြောင်း နှင့်လာ ရောက်သည် ကျော်သူ ကျော်
အုပ်စုလူတို့ကို မည်သည်မှာအပ်ခဲ့ရသည်၊ ရွှေဘဝါး တော် အောက်ပါသည်မှူး ကိုသိ
တော်မူသာ အောင်စစ်၍သွင်း ။

9 June 1806

သက္ကရာဇ် ၁၁၆၈ ခုနယုန်လပြည့်ကျော် ၉ ရက် နေ့နား ခရာဇ နော်ရထာ
တွင်ပြန်။

(ရွှေ ဟောင်း သုတေသန)

ထွင်း သင်း တိုက်ပြည် ဘော်သာရွာမှာရွာစား ငကြွင်း အမှုတော်ကို မထမ်း မရွက်နိုင်ဖြစ်သည်၊ ငကြွင်း ကိုရွာစား အရာတနှုတ်၊ အတွင်း ပန်းဘဲပညာ ကျော်ထင်၊ ဗညား စကြာ ကျော်၊ ဗလပညာ ကျော်တို့နှင့်အတွင်း လုပ်ပန်းဘဲတစုကိုအထက်သနား တော်မူရင်း အင်း နှင့်ပြည် ဘော်သာရွာကိုတဝတည်း သနား တော်မူသည်၊ စိမ်း မျိုး ယိုမျိုး များ နှင့် တောင်ငူမြို့တဆက်မြသရက်သီး ကိုအ နေခက်ဂုံး ကသွင်း မြဲအတိုင်း သွင်း စေ၊ အရွေ့ကမသွင်း စေနှင့်၊ ငပိုး လည်ကိုသံကြိုး တပ်၍အကျည်း ယူ စေ၊ ငပိုး မယား ကိုလည်း ခေါ်၍ငပိုး ကပို့ရောက်သမျှကိုစစ်၊ စော်ဘွား မြို့စား တို့အမတ်အမှုဆောင်တို့ကိုလည်း ခေါ်၍စစ်၊ ကျီစိုး ငရဲကိုလည်း ခေါ်စေ၊ မင်း ရဲမင်း လှ ကျော်ထင်ကိုလွှတ်သို့တက်၍ စစ်ကိုင်း မင်း ၊ ပြည်မင်း ၊ တောင်ငူမင်း ၊ ပုဂံမင်း ၊ ပုခန်း မင်း ၊ မိုး မိတ်မင်း တို့အဆင့်အဆိုကိုခံ၍ ဒိုင်း ဝန်နှင့်တိုင်ပင်စီရင် စေ၊ တုရင်သာရ ကျော်အုပ်ထိန်း သည့်မြို့ရွာများ မှာတုရင်သါရ ကျော်အစ်ကိုတုရင်သာဂသူကိုခန့်၍ ရွှေပြည် သေနတ် ၁၀၀ ပေး အပ်အုပ်ထိန်း စေ။

10 June 1806

သက္ကရာဇ် ၁၁၆၈ ခုနယုန်လပြည့် ကျော် ၁၀ ရက် နေ့နား ခံဘယ ကျော်ထင်တွင်ပြန်။

(ရှေး ဟောင်း သုတေသန)

မိုးနဲမြို့မှာ ငအောင်ဘော်သား အဘတစုနှင့် ကြွေးမြီချသူ ကြေးငွေပန္နါစား ယူသူတပ်မှူး စစ်ကဲနားခံအရာရှိတို့ကို ရွှေဘဝါး တော် အောက်အကျည်း ယူစေ၊ ယင်းတို့သား မယားတို့ကိုလည်း ခေါ်၍သင်းတို့တွင်ဥစ္စာပစ္စည်း ရှိသမျှကိုမီး နှင့်ကြပ်တင်၍ကုန်စင်အောင် တောင်း၊ ငပိုသား သမီး တို့ကိုလည်း ခေါ်၍ တောင်း၊ ပုံချိ ကျော်စွာမှာအဖြောင့်အစစ်ခံသူဖြစ်သည်၊ ချမ်း သာ စေ၊ မိုးနဲတပ် တော်မှာဝန် ထောက်မင်း ကြီး နော်ရထာကိုအုပ်ချုပ်စီရင်နှင့်စေ၊ မိုးနဲတပ် တော်မှာနားခံငရအစား ကျော်သူ ကျော်ကိုနား ခံခန့်၊ နား ခံ ကျော်သူ ကျော်ကလည်း ကြား သိသမျှကိုမှတ်သား ၍ ရွှေဘဝါး တော် အောက်လှူစေ လွှတ်လျှောက်ထား စေ၊ စစ်ရေး စစ်မှုတို့ကိုဗိုလ်မှူး စစ်ကဲတို့က လျှောက်စေ။

11 June 1806

သက္ကရာဇ် ၁၁၆၈ ခုနယုန်လပြည့်ကျော် ၁ ရက် နေ့နား ခံစ မြောင်မှူး တွင်ပြန်။

(ရှေး ဟောင်း သုတေသန)

ငပင်၊ ငမှို့၊ ငစံအင်း တို့ကိုယခုညသစ်တော်သို့ပို့။

11 June 1806

သက္ကရာဇ် ၁၁၆၈ ခုနယုန်လပြည့်ကျော် ၁၁ ရက် နေ့နာ ၁း ခံစ မြောင်မှူး ထွင်ပြန်။

(ရှေး ဟောင်း သုတေသန)

မင်းလှကျော်သူ၊ မဟာသီရိဥဇနာ၊ နေမျိုးနော်ရထာ ကျော်ထင်တို့ကိုသစ်တောသို့ပို့မည်မှာချမ်းသာပေးတော်မူသည်၊ ယခုအတွင်းတော်သို့ဝင်စေ။

11 June 1806

သက္ကရာဇ် ၁၁၆၈ ခုနှယုန်လပြည့်ကျော် ၁၁ ရက်နေ့ညနား ခစ မြောင်မှူး ထွင်ပြန်။

(ရှေးဟောင်းသုတေသန)

ဘုန်း တော်အလွန်ကြီး မြတ် တော်မူလှ သောသန္တန်ဆ၀်မင်း သခင်ဆင်ဖြူများ ရှင်လက်နက်စကြာသခင်အသျှင်ဘ၀ရှင်မင်း တရား ကြီး ဘုရား အမိန့် တော်ရှိသည်၊ ရွှေလက်ထက်တော် စုတွဲ တော်မူသည့် စုကြီးရွှေပြည် သေနတ်အစုအမှုထမ်း တို့သည်ကာလရှည်မြင့်သဖြင့်အ၀င်အထွက် မညီ မညွတ် မရှင်း မလင်း ရှိရာသည်၊ အစုအငန်း မယုံမယွင်း စေသင့်၊ တိုင်း ပြည်အ ချေဘာမြစ်ဖြစ်သည်ကို ထောက် တော်မူ၍သား တော်အစဉ် ၊မြဲ တော်အဆက်မြစ် တော်အညွှန့်အခွန့်ရှည်စွာအမှုထမ်း သီး သန့်တည်ထွန်းစေခြင်း ငှါဝါအသျှင်ကေရာဇ်မင်း မြတ်သည်လည်း ရွှေ ဘော ‌လောင်း တော်အသောကဓမ္မရာဇာ ဒေ၀ါနံပိယတိဿမင်း တို့ကဲ့သို့မင်း သာမန်တို့ခံ၀န့်ဲ သောမုဒ္ဒါဘိသိက်ကိုနှစ်ကြိမ် မြောက်စင်ခံ တော်မူ၍သဗ္ဗညုတဆုမြတ်ကိုပန်ဆင် တော်မူသည်နှင့်အညီသာသနာ တော်မြတ်စီး ပွါး ပြည်သူတို့စီး ပွါး များ မည်ကိုသာရည် တော်မူ၍မင်း ၏ကျင့်ရာ သောတရား အ ပေါင်း တို့ကိုမပြတ်ကျိုး တုပ်အား ထုတ်ဖြည့်ကျင့် တော်မူလျက်ခ၀်သိမ်း သောပြည်သူသတ္တ၀ါအ ပေါင်း တို့အား တရား နှင့်အညီဆုံး မဖုံး အုပ် တော်မူသည်၊ ရွှေ ဘုရား အ လောင်း မင်း ကောင်း မင်း မြတ်တို့မှာလည်း ဗန္ဓာန်ရည်ညွှန်း သမုတ်ပြဋ္ဌာန်း သမျှမ ယွတ မလွဲပြဲ စီး မြဲဖြစ်သည့်အတိုင်း ရွှေပြည် သေနတ်ငမြတ်လှ၊ ငရွှေတုတ်၊ ငသာနှောင်း ၊ ငရွှေဝါ၊ ငသာလှ၊ ငမင်း လှ၊ ငထွန်း အောင်၊ ငတိုး တို့လူ ၈ ငလှကိုအကြပ်၊ ငမြတ်ဒွဲ၊ ငရွှေရင်၊ ငမြတ်ရှင်၊ ငမြတ်စို၊ ငရွှေမှုံတို့လူ ၅ ငမြတ် ကျော်ကိုအကြပ်၊ ငဝိုင်း ၊ ငရွှေမှုံ၊ ငလှော်၊ ငထွေး ၊ ငလည်ရောက်၊ ငခြင်း ညို၊ ငနု၊ ငခွေး ၊ ငစိုတို့လူ ၉ ငအေး ကိုအကြပ်၊ ငသာဖြူ၊ ငထွန်း ဖြို၊ ငလည်ဒွဲ၊ ငနွမ်း ၊ ငမှတ်၊ ငကွယ်၊ ငရွှေရင်၊ ငတက်တိုး ၊ ငကျောက်ခဲတို့လူ ၉၊

ကိုသွေး သောက်ကြီး ခန့် တော်မူ၍ ရွှေပြည် သေနတ်အစုဖြစ် စေထ၀်၍သမုတ်ပြဋ္ဌာန်း တော်မူသည်၊ ကျေး ဇူး သစ္စာ တော်မြတ်နှစ်ပါး ကို စောင့်သိရို သေစွာ ဖြောင့်ဖြောင့်ရိုး ရိုး အမှုတော်ကိုကုန်တွင် အောင်ထမ်း ။

11 June 1806

သက္ကရာဇ် ၁၁၆၈ ခုနယုန်လပြည့်ကျော် ၁၁ ရက် နေ့နား ခံစ မြောင်မှူး ထွင်ပြန် ။

(ရွှေ ဟောင်း သုတေသန)

ငရနဲ၊ ခေါသန္တီ၊ စည်ပုဏ္ဏရာ၊ ထန်းတပင်၊ ညောင်စည်၊ သင်းပေါင်းကျွင်း မြို့ကျေး ရွာများ မှာ ရွှေတောင်လက်ဝဲ ကျော်ကိုဝန်ခန့်ထား ထိန်းသိမ်း အုပ်ချုပ်စေမည်၊ စစ်ကိုင်းမင်း၊ ပြည်မင်း၊ တောင်ငူမင်း၊ ပုဂံမင်း၊ ဝုခန်းမင်း၊ မိုးမိတ်မင်း တို့သွင်း ချက်အတိုင်း သင့်ပြီ။

12 June 1806

သက္ကရာဇ် ၁၁၆၈ ခုနယုန်လပြည့်ကျော် ၁၂ ရက်နေ့ နားခံ ရာဇနော်ရထာတွင်ပြန်။

(ရွှေး ဟောင်း သုတေသန)

နေမျိုး နော်ရထာ ရွှေတောင်ကို ရွှေဘဝါးတော်အောက်လာစေ၊ နေမျိုး နော်ရထာ ရွှေတောင်အုပ်ချုပ်၍ ပင်း၊ နတ်မောက်၊ ကျောက်ပန်းတောင်း၊ ပုပ္ပါး၊ တောင်သာ၊ စလေ၊ ပုခန်း ငယ်မြို့များမှာ ပျံချီ ကျော်စွာကို ဝန်ခန့်၍ အုပ်ချုပ်ထိန်းသိမ်းစေ၊ တောင်ငူမြို့ကကင်း ခွန်ငွေအခွန်ကွမ်းသီးများကို ဆက်သွင်းသည်မှာကင်း ခွန်ငွေကို တောင်ငူမင်းမှာသွင်းစေ၊ အခွန်ကွမ်းသီးကိုနန်းတော်မှာတဝက် တောင်ငူမင်းမှာတဝက်ဆက်သွင်းစေ။

13 June 1806

သက္ကရာဇ် ၁၁၆၈ ခုနယုန်လပြည့်ကျော် ၁၃ ရက် နေ့နား ခဘယ ကျော်ထင် ထွင်ပြန်။

([illegible] ဟောင်းသုတေသန)

14 June 1806

ကျောက်ပန်းတောင်းမြို့စား၊ စုံးမြို့စား၊ လမိုင်းဝန်တို့သည်မှူးမတ်ဖြစ်လျှက်တိုင်းရေးပြည်ရေးကို မမျှော်မထောက်မလျှောက်မထားတန်လျှောက်ထားသူများဖြစ်သည်၊ ကျောက်ပန်းတောင်းမြို့စားမှာ မင်းလှကျော်သူဘွဲ့၊ စုံးမြို့စားမှာ နေမျိုးနော်ရထာကျော်ထင်ဘွဲ့၊ လမိုင်းဝန်မှာ မဟာသိရိဥဇနာဘွဲ့ကိုနှုတ်၊ ဘွဲ့ဟောင်းရှိသူတို့မှာ ဘွဲ့ဟောင်းနှင့်ထမ်းရွက်စေ၊ ဘွဲ့ဟောင်းမရှိသူတို့မှာ ငယ်မည်ပျောက်ဘွဲ့နှင့်ထမ်းရွက်စေ၊ မင်းရဲမင်းလှကျော်ထင်ကို မုတ္တမမြို့ဝန်ခန့်၊ အခွန်ဝန်၊ စစ်ကဲ၊ နားခံ၊ မြို့စာရေးမှာ အမှုတော်ကိုကြိုးပမ်းထမ်းရွက်နိုင်သူကိုရွေး၍ခန့်၊ နေမျိုးနော်ရထာနှင့်အခွန်ဝန်၊ စစ်ကဲ၊ နားခံ၊ မြို့စာရေးတို့ကို ရွှေဘဝါးတော်အောက်လာစေ။

14 June 1806

သက္ကရာဇ် ၁၁၆၈ ခုနယုန်လပြည့်ကျော် ၁၄ ရက်နေ့ နားခံစမြောင်မှူးထွင်ပြန်။

(ရှေးဟောင်းသုတေသန)

ပင်း မြို့ဝန်ပုံချို ကျော်စွာတို့ ၁၅၀ တော်သိဂိ နေဘ်ရထာ သွေး သောက်မှာစာ ရင်း သွင်း ရှိဘွဲ့၊ သား မယား အသက် နေ့နံ စါရင်း ကျယ်ကိုလည်း သွင်း ၊ ပုံချို ကျော်စွာကိုကွမ်း ခွက်လဘက်အိုး ၊ တ တောင်း ဗိတ်အဝန်း ၊ ခါး အ သောက်ကတ္တီပါ စိမ်း မှန်း ၊ ရင်း ဖျား ခွေး မ ခွေး ငယ်၅တန့်၊ ရွှေသား ကျော်ကအိမ်ပါကတ္တီ ပါစမ်း မှန်း၊ ရင်း ဖျား ခွေး မယ်ပတ်၅တန့်၊ ရွှေသား ကျောက်အိမ်ပါ၊ မြင်း ကကြိုင်း ညောင်ရွက်၅၊ သံပရာခွံ့ရက် ဘောက်က ဒေတာင်ဆွဲဆက်၊ ပါး တာ ရွှေဇာဝါ ဗိန်း နင်း နှင်း သိပ်၊ အိမ် မြှောင်ရင်ပတ်ကွင်း ငွေဇာဝါက တောင် ရွှေ ရေး ၊ စါမဂ္ဂိရူပ်ပန်း ခက်ကိုက်အနား သံငှ၊ ဦး ခက်ထိပ် ဆောင်း မြီး ဖြန်း ၊ ရင်ပတ် သက္ကလပ်ကြိုး ရွှေကြယ်တပ်၊ စီး နှီး သဖ္ဖ ဒါန်သက္ကလပ်တင်ရန်း ၊ ကိ ရွှန်း ၃ဆင့်၊ ထီး နီဆင်စွယ်ထွတ် ၁သနား တော်မူသည်၊ စါချွန် ရေး မြဲ ရေး ရှိသွင်း ၊ ပုံချို ကျော်စွာ ကို ဒူး နေရာမှာ ချ၍ ခစား စေ။

17 June 1806

သက္ကရာဇ် ၁၁၆၈ ခု ဝါဆိုလဆန်း ၃ရက် နေ့နား ခံစ မြောင်မှူး ထွင်ပြန်။

(ရှေး ဟောင်း သုတေသန)

လောကမှန်ကင်း တိုက် နေရှင်ဥက္ကမဘာဝ ပြောင်း ရာတွင်စာ ပေအသုံး အဆောင်များ ကိုရလိုသည်ဆိုသူသိဂ္ဂိပညာ၊ရှင်နန္ဒ၊ရှင်မဉ္ဇူ၊ဥ္သင်အါသဘာတို့ စစ် မေး ထွက်ဆို ချက် ကောက်ခံစီရင်ချက်ကိုဆက်သွင်း သည်မှာ ဓမ္မစေတီ၊ ပရိဘောဂစေတီများ သည် သင်္ဃိကအရာဖြစ်သည်၊ သင်္ဃာမှန်သူတို့သာကိုး ကွယ်သုံး ဆောင်ထိုက်သည်၊ သင်္ဃာမဟုတ်သူတို့ကိုး ကွယ်မသုံး ဆောင်ထိုက်၊ ဓမ္မစေတီ၊ ပရိဘောဂစေတီကို ပေး သူလည်း မပေး ပိုင်၊ ယူသူလည်း မယူပိုင်၊ ကျွန်နွား လယ်ယာဥယျာဉ် ရွှေ ငွေအဝတ်ပုဆိုး လူတို့ အသုံး အဆောင်ဖြစ်လျှင်သား မြေး (ရှိလျှင်) သား မြေး တို့ဆက်ခံထိုက်သည်၊ သား မြေး မရှိလျှင်အသာမိကမင်း ဘဏ္ဍာသာဖြစ်ထိုက်သည်၊ ဓမ္မစေတီ၊ ပရိဘောဂ စေတီများ ကိုယခုဆိုကြသည့်ရဟန်း နှစ်ဦး ပင်မရထိုက်၊ သင်္ဃာမှန်သူတို့သာကိုး ကွယ်သုံး ဆောင် စေ၊ သုံး ဖြတ် တော်မူချက်ကိုသင့်မသင့်ဆရာ တော်တို့မှာ လျှောက် စေ၊ ဆရာ တော်တို့မိန့်ဆိုချက်ကိုသွင်း ၊ မင်း ညီမင်း သား မိဘုရား မှူး တော် မတ် တော်တို့က မြေသယ်ရန်အသီး သီး ဆက်သကြသည် လှေငယ်များ ကိုအတွင်း တော် သို့သွင်း စေ။

18 June 1806

သက္ကရာဇ် ၁၁၆၈ ခုဝါဆိုလဆန်း ၄ ရက် နေ့နား ခံရာဇာနော်ရုံဌာတွင်ပြန်။

(ရှေး ဟောင်း သုတေသန)

19 June 1806

30 June 1806

သက္ကရာဇ် ၁၁၆၈ ခု ဝါဝင်ကန် တော့မှာ ရွှေမြို့ တော်သို့သွား ၍ကန် တော့ဆက်သမြဲ ဆက်သကြ စေ၊ ဆင့်ဆိုနှိုး ဆော်မည်သွင်း ချက်အတိုင်း သင့်ပြီ၊ မိတ္တီလာမြို့ ကျေး ရွာ နေငမွေး သာ ငစံထွား ငချမ်း ငရွှေပေ ငမြတ်ထွား ငရွှေလု ငမြတ်နေ ငငြိမ်း ငထွန်း အောင် ငမြတ်ပုံ ငစုံ ငရွှဲ ငထွန်း ကျော် ငကျိုင် ငဝိန် ငသာ ငလှ ငစံလှ ဘော် ငဝန် ငကြာလွမ်း ငတုတ်ကြီး ငမြတ်ကြာ ငမှတ် ငမြတ်သာထွန်း ငဘွယ် ငကြောင် ငအိပ် ငမြတ်ထင် ငဝဲ ငသာငြိမ်း ငမောင် ငခွေး ငညိုပု ငမြတ်ထွေး ငဘော်တို့အိမ် ပေါင်း ၃၅လူတို့က (သက္ကရာဇ် ၁၁) ၄၅ ခုအသည်စာရင်း တော်ပါဝင်သည့်အတိုင်း ဒဿမ ဘာဂအခွန် တော် ငွေဆက်သွင်း ၍လက်ခွဲတံဆိပ်စာချွန်နှင့်ရှိပါသည်၊ မိတ္တီလာမြို့ စား မင်း သမီး မှာထမ်း ဟောင်း ထီး မိုး ယဉ်ခံလူတို့နည်း ထမ်း ရွက်ပါရမည့် အကြောင်း နှင့်ရှိခိုး သံ တော်ဦး တင်ချက်အတိုင်း ထမ်း စေ၊ ပုခန်း ကြီး မြို့ ကျေး မြတ်ကိုင်း ရွာ နေ င အေး က (သက္ကရာဇ်) ၁၁၆၅ ခုနှစ် လှေကြီး ၁၀ လှေငယ် ၂၀ နှစ်စု လှေ ၃၀ ကို သေနတ်ဆက်အမိန့် တော်ထွက်စာချွန်နှင့် ဘောက်ကား ရောင်း ဝယ်ပါသည်၊ ဆက်စုသင့် သေနတ် တော်ကိုလည်း ဆက်သွင်း ပြေပါသည်၊ နောက်ကိုမ သွား မလာမ ရောင်း မဝယ်နိုင်ပါ၊ လှေစာချွန် ၃၀ အနက်မီး သင့်ရာ ၂၆ ပါ ပါသည်၊ ကျန်စာချွန် ၄ ကိုဆက်သွင်း ပါရမည့်အကြောင်း နှင့်ရှိခိုး သံ တော်ဦး တင် ချက်အတိုင်း မသွား နိုင်သည့် လှေစာချွန်ကိုဆက်သွင်း စေ၊ နောက် သေနတ်ဆက်ကို လွတ် စေ။

19 June 1806

သက္ကရာဇ် ၁၁၆၈ ခု ဝါဆိုလဆန်း ၅ ရက် နေ့နား ခံဘယ် ကျော်ထင်ပြန်။

(ရှေး ဟောင်း သု တေသန)

1804
အိမ်ရှေ့ထမ်း လှေစီး ငနက်က (သက္ကရာဇ်) ၁၁၆၆ ခုနှစ်အမိန့်တော်ထွက်နှင့်
1805
နွေထိုး လှေငယ် ၃၅ ဘောက်ကား ရောင်း ဝယ်ပါသည်၊ (သက္ကရာဇ် ၁၁) ၆၇ ခု
နှစ်ဆက်စုသင့် သေနတ် တော်ကိုဆက်သွင်း ပြေကုန်ပါသည်၊ နောက်ကိုဆက်သွင်း၍ မ
သွား မလာမ ရောင်း ဝယ်နိုင်ပါ၊ အမိန့်တော်ထွက်စာချွန် ၃၅ ကိုဆက်သွင်း ပါရ
မည့်အကြောင်း နှင့်ရှိခိုး သံတော်ဦး တင်ချက်အတိုင်း မသွား နိုင်သည့် လှေစာ
ချွန် ၃၅ ကိုဆက်သွင်း စေ၊ နောက် သေနတ်ဆက်ကိုလွှတ် စေ၊ အိမ်ရှေ့ထမ်း ငရွှေ
1804
နီးက (သက္ကရာဇ် ၁၁) ၆၆ ခုနှစ်အမိန့်တော်ထွက်နှင့် လှေကြီး ၅၊ နွေထိုး လှေ
1805
ငယ် ၃၅၊ ၂ စု လှေ ၄၀ ကို ဘောက်ကား ရောင်း ဝယ်ပါသည်၊ (သက္ကရာဇ် ၁၁)
၆၇ ခုဆက်စုသင့် သေနတ်ကိုလည်း ဆက်သွင်း ပြေကုန်ပါသည်၊ နောက်ကိုဆက်လက်၍
မသွား မလာမ ရောင်း ချမဝယ်နိုင်ပါ၊ အမိန့်တော်ထွက်စာချွန် ၄၀ ကိုဆက်သွင်း
ပါရမည့်အကြောင်း နှင့်ရှိခိုး သံတော်ဦး တင်ချက်အတိုင်း မသွား နိုင်သည့် လှေစာ
ချွန် ၄၀ ကိုဆက်သွင်း စေ၊ နောက် သေနတ်ဆက်ကိုလွှတ် စေ၊ မောက်မယ်တပ်မှူး ဘ
ယသေနရာဇာအုပ်စုတွင်ဝင်း တော်လေး မျက်နှာဒိုင်း ဝင်း ကိုယ်ရံယွန်း စု
ဝင်း ကောင်ဟန်အစုအမှုထမ်း တို့ရှိနေသည်များ ကိုမိုး နဲ့ဗိုလ်ချုပ်ကစစ်ကြော
ရှင်း လင်း၍ဆိုင်ရာစုရှင်ငန်း ရှင်စုယိန်း စုအုပ်သို့ပေး အပ်သိမ်း ခေါ်
စေ၊ လောကမှန်ကင်း တိုက်နေရှင်ဥက္ကမစာပေအသုံး အဆောင်များ ကိုရှင်
သီရိပညာ ရှင်နန္ဒ ရှင်မဉ္ဇူ ရှင်အာထဘတို့ရလိုသည် မေတ္တာစာဆက်သွင်း
လျှောက်ထား ကြသည်ကိုဆုံး ဖြတ် တော်မူချက်အတိုင်း ဆရာ တော်တို့ကလည်း သင့်
ကြောင်း နှင့်စာဆက်သွင်း သည်၊ ရှင်ဥက္ကမစာ ပေများ ကိုစေ့ငု အောင်တပည့်
ရဟန်း သာမဏေတို့ကို မေး ၍ မကြွင်း မကျန် စေရ၊ ဝိဋကတ်တိုက် တော်သို့သွင်း
စေ။

20 June 1806
သက္ကရာဇ် ၁၁၆၈ ခု ဝါဆိုလဆန်း ၆ ရက် နေ့နား ခံစ မြောင်မှူး ထွင်ပြန်။
(ရွှေ ဟောင်း သုတေသန)

၄ ရွှေစက (သက္ကရာဇ်) ၁၁၆၆ ခုနှစ်အမိန့်တော်နှင့် လှော ၁၅ ရောင်း ဝယ်ပါ 1801
သည်၊ (သက္ကရာဇ် ၁၁) ၆၇ ခုနှစ်ဆက်စုသင့်သေနတ်ကိုလည်း ဆက်သွင်း ပြေပါ 1805
သည်၊ နောက်ကိုမသွား မလာမရောင်း မဝယ်နိုင်သော ကြောင့်အမိန့်တော်
ထွက်စာချွန်ကိုအတွင်း တော်သို့ဆက်သွင်း မည်မင်း ကွန်း သို့ဆောင်ယူခဲ့ပါသည်၊
မဆက်မသွင်း ဖြစ်သည်နှင့်မင်း ကွန်း နေမိဦး အိမ်မှာအပ်ထား ခဲ့ရာမိဦး
အိမ်ကိုမီး လောင်သည်တွင်အမိန့်တော်ထွက်စာချွန် ၁၅ မီး လောင်ရာပါပါသည်၊
နောက် သေနတ်ဆက်လွှတ်ပါရမည့်အကြောင်း နှင့်ရှိခိုး သံတော်ဦး တင်သည်၊ အိမ်
ရှင်မိဦး တလည်း အမိန့်တော်ထွက်စာချွန် ၁၅ ကိုအပ်ထား ကြောင်း မီး လောင်
ရာပါကြောင်း နှင့်အစစ်ခံချက်ရှိသည်၊ အမိန့်တော်စာချွန်မီး သင့်ရာပါ၍ မ
ရောင်း မဝယ်ရဖြစ်သည်၊ နောက်ဆက်စု သေနတ်လွှတ်စေ၊ ရွှေမြို့တော်အနေဘံ
ပြင်တရုပ်တန်း ရုပ်နေငမှဲ့ ငရွှေရေး ငသာမြတ်တို့က (သက္ကရာဇ်) ၁၁၆၄ 1802
ခုနှစ်အမိန့်တော်နှင့် နွေထိုး လှောငယ် ၂၀ ဘောက်ကား ရောင်း ဝယ်ပါသည်၊ 1803
(သက္ကရာဇ် ၁၁) ၆၅ ခု ၆၆ ခု ၆၇ ခုဆက်စုသင့်သေနတ်တော်ကိုလည်း ဆက်သွင်း 1804
ပြေပါသည်၊ နောက်ကိုမသွား မလာမရောင်း မဝယ်နိုင်ပါ၊ အမိန့်တော်ထွက် 1805
လှောစာချွန် ၂၀ အနက်မီး သင့်ရာ ၈ ပါပါသည်၊ ကျန် ၁၂ စာချွန်ကိုဆက်သွင်း ပါရ
မည့်အကြောင်း နှင့်ရှိခိုး သံတော်ဦး တင်ချက်အတိုင်း ဆက်သွင်း စေ၊ နောက်
သေနတ်ဆက်ကိုလွှတ်စေ၊ သား တော်သတိုး မင်း ရဲ ကျော်စွာကိုပန်း တိမ်း မြို့၊
မင်း ရဲသီဟ ကျော်ကိုမဟာ ဒါန်တိုက် ကျောက်ရင် တောင်သာမြို့၊ မင်း ရဲနရ ကျော်
ကိုပဒ္ဒနဂိုမြို့၊ မောင်ကျွတ်ကိုမဘဲမြို့၊ မင်း ရဲမြတ်စောကို ဆောမြို့၊ မောင်ထွက်ကို
မင်း တပ်မြို့၊ မင်း ရဲစည်သူကို ခါးသန့်မြို့၊ မင်း ရဲသိခ်သူကို ကျော်စည်တိုက် ရေနံ့သာ
မြို့၊ မင်း ရဲရာဇာသူကိုနတ်မောက်မြို့၊ မောင်ရွှေခက်ကိုယင်း ခဲမြို့၊ မောင်ကြ
စည်ကိုမဟာ ဒါန်တိုက်ဘုရား ထု ကျောက်တလုံး ရွာ၊ သီရိမြတ်မဟေသီး တော်ကို
တောင်ဘက်တိုက်ထရံကာမြို့၊ နတ်ကန်ရှင်မင်း သား တော်ကို တောင်ဘက်တိုက်သာ
ဂရမြို့၊ မင်း ရဲသီဟကိုအင်ထောက်သာမြို့၊ မင်း ရဲသိခ်ကိုသပြေခုနစ်ရွာအစား
ကျောက်ပန်း တောင်း မြို့၊ မောင်နိုင်ကို တောင်ခွင်မြို့အစား မိုး တား မြို့၊
သမီး တော်သီရိသမုဒ္ဒဝတီကို မြောက်ဘက်တိုက် ပြော့ရွာ ညောင်ပင်ကန်၊ သီရိသု

မာလာကိုတွင်း သင်း တိုက်ကျား အိုနန္ဒကိုင်း နှစ်ရွာ၊ သိင်္ဃုသိုဂါဝတီကို မလဲးရွာ ပုလဲနှစ်ရွာ၊ သီရိသုဝဏ္ဏဝတီကို မော်တိုမြို့၊ တရုပ် မော်မြို့စားသမီး တော်အငယ်ကို ကေါင်းတို မြို့၊ သီရိသုကောသမ္ဘဝတီကို မြောက်ဘက်တိုက် ဗွေမ်းပကါး ရွာ၊ သီရိသံမါဝတီကို မဟါဒါန်တိုက် ဝါးပတ် ချောင်း ရွာ။ သီရိသုဇာဝတီကို တောင်ဘက်တိုက်သက်ပန်း ရွာ၊ ရွှေကညွှတ်ကို တွင်း သင်း တိုက်မန်း ဇရိတ်ရွာ။ သီရိဟရိဝတီကို မြောက်ဘက်တိုက်ကြခတ်မုံညင်း ချောင်း ရွာ၊ ရွှေသဠာကိုဆင် ကျေးတိုက်မန်ကျည်း ကြပ်ရွာ၊ သီရိ ဟေမာဝတီကို ဆင် ကျေးတိုက်စိုင်နံ ရွာ၊ သီရိအာသာဝတီကို မြောက်ဘက်တိုက်ဆင် ကျေးတိုက်အုန်း တော အောင်သာရွာ၊ သီရိစိတ္တဝတီကို မြောက်ဘက်တိုက် မဟာ ဒါန်တိုက် ပြောင်နှစ်ရွာ၊ ရှင် ရွှေစက်ကို ကျော်စည်တိုက် ရွှေခုံတိုင်ရွာ၊ မင်း ဟေမာသမီး တော်ကို မြောက် ဘက်တိုက်ရွာထစ်ကြီး ရွာ၊ သီရိမြတ်စွာဝတီကို မဟာ ဒါန်တိုက်ကျိုး မနား ရွာသနား တော်ခံ စေမည်၊ ရန်ထား ဆက်သွင်း ချက်အတိုင်း သင့်ပြီ၊ မြို့ရွာ နှုတ်သည့်မှူး မတ် တို့မှာ ဇိတ်သင် ရန်ကို မဟာ ဒါန်တိုက်လဝကဲ ရွာ၊ သီဟနန္ဒ ကျော်ထင်ကို မြောက်ဘက် တိုက်နန်ရွာ၊ စည်သူသီရိရာဇာကို မြောက်ဘက်တိုက်ဂုံသာ ရွာ၊ ဝေါကြီး မှူး ရွှေ တောင်ရန္တ ကျော်ထင်ကို မဟာ ဒါန်တိုက်ကန် တော် မင်း ကျောင်း ရွာ၊ ရွှေ တောင် သိခ်ီနော်ရထာကို မြောက်ဘက်တိုက် ပေါက် ဆောက်ရွာသနား တော်ခံ စေမည်ရန် ထား ဆက်သွင်း ချက်အတိုင်း သင့်ပြီ။

22 June 1806

သက္ကရာဇ် ၁၁၆၈ ခု ဝါဆိုလဆန်း ၈ ရက် နေ့နား ခံဘယ် ကျော်ထင်တွင်ပြန်။

(ရွှေ ဟောင်း သု တေသန)

ဗညား သီရိရတ်ကိုအထရံမြို့စား အရာအသနား တော်ခံစေမည်၊ စကိုင်း မင်း ပြည်မင်း တောင်ငူမင်း ပုဂံမင်း ပုခန်းမင်း မိုး မိတ်မင်း တို့ဆက်သွင်း ချက်အတိုင်း သင့်ပြီ၊ ပုဂံမင်း ထမ်း သီရိစည်သူ လှေစီး င ရွှေဦး တို့က (သ
က္ကရာဇ်) ၁၁၆၆ ခု နွေထိုး လှေငယ် ၂၀ ကိုအမိန့်တော်ထွက်နှင့် ဘောက်ကား 1804
ရောင်း ဝယ်ပါသည်၊ (သက္ကရာဇ်၁၁) ၆၇ ခုနှစ်ဆက်စုသင့် သေနတ်ကိုလည်း ဆက် 1805
သွင်း ပြေကုန်ပါသည်၊ နောက်ကိုမသွား မလာမ ရောင်း မဝယ်နိုင်ပါ၊ လှေခွက်ရင်း လှေစာချွန် ၂၀ အနက်စာချွန် ၃ မှ ရေမြန်း ရာပါပါသည်၊ ကျန်၁၇ စာချွန်ကိုဆက်သွင်း ပါရမည့်အကြောင်း နှင့်ရှိခိုး သံတော်ဦး တင်ချက်အတိုင်း ဆက်သွင်းစေ၊ နောက် သေနတ်ဆက်လွှတ်စေ။

24 June 1806
သက္ကရာဇ် ၁၁၆၈ ခု ဝါဆိုလဆန်း ၁၀ ရက် နေ့နား ခံရာဇာနော်ရထာတွင် ပြန်။

(ရှေး တောင်းသုတေသန)

သောမြတ်၊ ငမှိုင်း ၊ ငခွေးညို၊ သောလှ၊ သူတို့ကသောမြတ်နှင့်နွေထိုး လှေငယ် ၄၀၊ ငမှိုင်းနှင့်နွေထိုး လှေငယ် ၂၀၊ ငခွေးညိုနှင့်လှေငယ် ၃၁၊ သောလှနှင့်နွေထိုး လှေငယ် ၃၉၊ သူနှင့်လှေကြီး ၅ နွေထိုး လှေငယ် ၃၀၊ ငမှိုင်းနှင့် ၄၀ကိုအမိန့်တော်နှင့် (သက္ကရာဇ်) ၁၁၆၆ခု 1804 နှစ် ဘောက်ကား ရောင်း ဝယ်ပါသည်၊ (သက္ကရာဇ် ၁၁၆၇) 1805 ခုဆက်စုသင့် သေနတ်ကိုလည်း ဆက်သွင်း ပြေပါသည်၊ နောက်ကိုဆက်လက်၍ မသွား မလာမ ရောင်း မဝယ်နိုင်ပါ၊ အမိန့်တော်ထွက်စာချွန်ကိုဆက်သွင်း ပါရမည့်အကြောင်း နှင့်ရှိနှိုး သံတော်ဦး တင်ချက်အတိုင်း သွင်းစေ၊ နောက် သေနတ်ဆက်လွှတ် စေ၊ ငဆောင်၊ ငမြတ်ပုံတို့က ငဆောင်နှင့်နွေထိုး လှေငယ် ၃၀၊ ငမြတ်ပုံနှင့်နွေထိုး လှေငယ် ၄၀၊ (သက္ကရာဇ်) ၁၁၆၅ 1803 ခုအမိန့်တော်နှင့် ဘောက်ကား ရောင်း ဝယ်ပါသည်၊ (သက္ကရာဇ် ၁၁) ၆၆ခု 1804 ၆၇ခု 1805 ဆက်စုသင့် သေနတ်ကိုလည်း ဆက်သွင်း ပြေပါသည်၊ နောက်ဆက်လက်၍ မသွား မလာမ ရောင်း မဝယ်နိုင်ပါ။ အမိန့်တော်ထွက်စာချွန်ကိုဆက်သွင်း ပါရမည့်အကြောင်း နှင့်ရှိနှိုး သံတော်ဦး တင်ချက်အတိုင်း သွင်း စေ၊ နောက် သေနတ်ဆက်လွှတ် စေ။

24 June 1806

သက္ကရာဇ် ၁၁၆၈ခု ဝါဆိုလဆန်း ၁၁ရက် နေ့နံနက် ခံရာဇာနေဉ်ရထာတွင် ပြန်။

(ရွှေး ဟောင်း သုတေသန)

မင်း ရဲမင်း လှ ကျော်ထင်က ပဒွန ဂိုရ်မြို့မှာ နေစဉ် သေနတ် ၁၀၀ တိုက် တော်က ထုတ်အပ်သည့် သေနတ်အနက်တဝက် ၅၀ ကိုသွင်း၍ ၅၀ သေနတ်မှာ မုတ္တမမြို့သို့ ဆောင်ယူပါရမည့်အကြောင်း နှင့်ရှိခိုး သံတော်ဦး တင်ချက်အတိုင်း ဆောင်ယူစေ၊ အရပ်ရပ်မြို့ရွာများ ကနှစ်စဉ် ရွှေနန်း ငိုး နောက်ရုံး တော်မှာဆက်သွင်း မြဲအစဉ်ရှိသည်ကိုဆက်သွင်း သည့်မြို့ရွာကသာ ဆက်သွင်း၍ မဆက်မသွင်း ရှိနေသည့်မြို့ရွာအများ မဆက်မသွင်း ကြောင်း နှင့်အနောက်ဝန်အနောက်ဝန်စာ ရေး တို့ကရှိခိုး သံတော်ဦး တင်သည်၊ အစဉ်ဆက်မြဲရှိသည်ကို မဆက် နေ စေရမည် မဟုတ်၊ ဆက်မြဲမြို့ရွာကို စေ့ငု အောင်နှိုး ဆော်၍ နောက်ရုံး တော်မှာဆက်သွင်း မြဲဆက်သွင်း ကြစေ။

25 June 1806

သက္ကရာဇ် ၁၁၆၈ ခု ဝါဆိုလဆန်း ၁၁ ရက် နေ့နား ခံဘယ ကျော်ထင်တွင်ပြန်။

(ရှေး ဟောင်း သုတေသန)

မုတ္တမမြို့မှာသီဟနန္ဒသူကိုအခွန်ဝန်၊ လက်ဝဲကျော်ထင်ကျော်၊ စည်သူကျော်ထင်တို့ကိုစစ်ကဲ၊ ရန်ခွင်စက်၊ ဒေါပုံချီတို့ကိုနားခံ၊ ရွှေတောင်သာဂသူ၊ ရဲခေါင်တုရင်၊ ဥဒိန်ရန်အောင်၊ ငမြတ်သာတို့ကိုမြို့စာရေး ခန့်ထားထမ်းရွက်စေမည်သွင်း ချက်အတိုင်း သင့်ပြီ။

25 June 1806

သက္ကရာဇ် ၁၁၆၈ ခုဝါဆိုလဆန်း ၁၁ ရက် နေ့နားခံစ မြောင်မှူး ထွင်ပြန်။

(ရှေး ဟောင်း သုတေသန)

အိမ်ရှေ့ထမ်း ဘိုး သိန်း တန် လှေ ပဲ့နင်း ငမင်း ကျော်ဂိုး သံတော်ဦး တင်
ချက်အတိုင်း ငမင်း ကျော်နှင့် နွေထိုး လှေငယ်ရ ၅ ကို လှေတော်မှူး နည်း သေ
နတ်ဓါး လှံတင် ဆောင် ရေခေါင်း ဝယ် စေ၊ ကင်း ခွန် ကြေး ငွေကိုကင်း တမကော်
မခံ စေနှင့်၊ ရွှေဘဝါး တော် အောက်ဆိုင်ရာဝန်အကြီး စာရေး တို့ထံ (သက္ကရာဇ်
၁၁) ၄၅ ခု စစ်တမ်း ထွက်အတိုင်း ပေး ချိန် ဆောင်ရွက် စေ၊ တနှစ်ကို ငမင်း 1783
ကျော်က သေနတ်ရ ၅ ဆက် စေ၊ မင်း ဂုံမင်း ရွာ ကျော်ထင်က ပဒ္ဒနဂိုရ်မြို့တွင်ပြု
စုထား သည့်အမှုထမ်း လူ ၁၀၀ ကို မုတ္တမမြို့သို့ ခေါ်သွား ပါရ မည့်အကြောင်း နှင့်
ဂိုး သံတော်ဦး တင်ချက်အတိုင်း ခေါ်သွား လိုက်ထမ်း စေ၊ အမှုထမ်း လူစာ
ရင်း ကိုလည်း သွင်း ။

28 June 1806
သက္ကရာဇ် ၁၁၆၈ ခု ဝါဆိုလဆန်း ၁၄ ရက် နေ့နား ခံဘယ ကျော်ထင်တွင်ပြန် ။
(ရှေး ဟောင်း သု တေသန)

နေမျိုး ဇေယကို ရွှေဘဝါး တော် အောက်လာ စေ၊ တိုး လျှား နန်း ဆွန် စော်
ဘွားက ရွှေဘဝါး တော် အောက်အ လျှောက်အထား လာ ရောက်သူ ယည် အောင်
ခင်နှင့် ဝါသူ တို့ကို ကောင်း မွန် အောင် ကျွေး မွေး ၍ တော်သင့် ရာ နေ စေ။

29 June 1806

သက္ကရာဇ် ၁၁၆၈ ခု ဝါဆိုလဆန်း ၁၅ ရက် နေ့နား ခံဘယ ကျော်ထင်တွင်ပြန်။
(ရှေး ဟောင်း သု တေသန)

ကျွဲဝန်ဝန်စု ငွေခွန်ဝန်ဝန်စုအခွန်ထမ်း လူတို့နှင့် တောင်ပိုင် ကျေး ရွာများ
ကိုနွား ဝန်တင်ခန့်ထား မည် ၁၀၀၀၀ခန့်ထား ရန်မပြည့်မမီသည်နွား ကို
လည်း ငွေ တော်နှင့် ပေး ဝယ် စေမည်၊ စာသွင်း ချက်အတိုင်း သင့်ပြီ။

3 July 1806

သက္ကရာဇ် ၁၁၆၈ ခု ဝါဆိုလပြည့်ကျော် ၄ ရက် နေ့နား ခံဘယ ကျော်ထင်တွင်
ပြန်။

(ရှေး ဟောင်း သုတေသန)

မုတ္တမမြို့ဝန်မင်း ရဲမင်းလှကျော်ထင်ရှိနိုး သံတော်ဦး တင်ချက်အတိုင်း မုတ္တမမြို့နယ်တွင်မြို့စား ရှိသည့်မြို့များ မှာအပေါ်ဝန်တရား စကား အခွန်အတုတ်များ ကိုသာမြို့စား တို့ကစီရင်စား ယူစေ၊ စစ်လက်နက်ကိုင်မင်း မှုမင်း ခင်းရာဇဝတ် ရေး နိုး သေး မီး ပွါး များ ကိုမုတ္တမမြို့ရုံး ကစီရင် စေ၊ မြို့စား တို့စား သည့်မြို့ရွာနယ်အတွင်း ကင်း များ မှာလည်း ရာဇဝတ် ကြောင်း လုံခြုံ အောင်မုတ္တမရုံး ကအား စောင့်အ နေခန့်ထား နေ စေ။

4 July 1806

သက္ကရာဇ် ၁၁၆၈ ခု ဝါဆိုလပြည့် ကျော် ၅ ရက် နေ့နား ခစ မြောင်မှုး တွင်ပြန်။

(ရွှေး ဟောင်း သုတေသန)

5 July 1806

မုတ္တမမြို့အဝင်တိုက်ကုလား မြို့လပ်သည်မှာ ဗညား သူရိန် ကျော် ခေါင်ကိုမြို့စား အရာသနား တော်ခံ၍ စောင့်နေထမ်း ရွက် စေမည်ဆက်သွင်း ချက်အတိုင်း သင့်ပြီ။

5 July 1806

သက္ကရာဇ် ၁၁၆၈ ခုဝါဆိုလပြည့်ကျော် ၆ ရက် နေ့နား ခံရာဇနော်ရထာ ထွင်ပြန်။

(ရှေး ဟောင်း သုတေသန)

ရွှေမြို့တော် နေ ငရွှေဦး ၊ ငပန်း ဖြူတို့ရှိခိုး သံတော်ဦး တင်ချက်အတိုင်း ငရွှေဦး ၊ ငပန်း ဖြူတို့နှင့် လှေကြီး ၂၊ နှေထိုး လှေငယ် ၁၀ ကို လှေတော်မှူး နည်း သေနတ်ဓါး လှံတင် ဆောင် ရေခွင်း ဝယ်စေ၊ ကင်း ခွန် ကြေး ငွေကိုကင်း ကမ ကောက်မခံစေနှင့်၊ ရွှေဘဝါး တော် အောက်ဆိုင်ရာဝန်အကြီး စာရေး တို့ 1783
ထံ (သက္ကရာဇ် ၁၁) ၄၅ ခု စစ်တမ်း ထွက်အတိုင်း ပေး ချိန် ဆောင်ရွက်စေ၊ ငရွှေဦး ၊ ငပန်း ဖြူတို့ကတနှစ်ကို သေနတ် ၁၆ လက်ဆက် စေ၊ ဘိသိက် တော်ဆက်ပုဏ္ဏား ငလှေ သေလွန်ရာမှာ ဘိသိက် တော်ဆက် ပုဏ္ဏား တို့ သေလွန်လျှင်သဂြိုဟ်သည့်စာတမ်း ထွက်အတိုင်း သဂြိုဟ် စေ၊ ဒဝယ်မြို့မှာ ရာဇသင်္ကြန်ကို ဝန်ခန့်ထား အုပ်ချုပ်ထိန်း သိမ်း စေသည်၊ နှစ်လရှည်ကြာပြီဖြစ်သည်၊ ရာဇသင်္ကြန်ကို ရွှေဘဝါး တော် အောက် ခေါ်မည်၊ ရာဇသင်္ကြန်အစား နေမျိုး ကာမဏိသင်္ကြန်ကို ဒဝယ်မြို့ဝန်ခန့်ထား မည် ဆက်သွင်း ချက်အတိုင်း သင့်ပြီ။

6 July 1806

သက္ကရာဇ် ၁၁၆၈ ခုဝါဆိုလပြည့်ကျော် ၇ ရက် နေ့နား ခံဘယ ကျော်ထင်တွင် ပြန်။

(ရှေး ဟောင်း သုတေသန)

ရွှေလက်ထက် တော်မင်္ဂလာ၊ အမင်္ဂလာအခမ်း အနား ခန့်ထား စီရင်သမျှ၏ ထမ်း စာရင်း များ ကို ပေမှာတင်၍အ သေအချာထား စေမှသား တော်အ စဉ် မြေး တော်အဆက်အနွန့်ရှည်စွာဥ ဒါန်း မော်ကွန်း ထွန်း ပမည်ဖြစ်သည်၊ ခန့်ထား စီရင်သမျှစာတမ်း ကို စေ့ငု အောင်စုရုံး၍ ရွှေဘဝါး ထော် အောက် ဆက်သွင်း စေ၊ ဟံသာ ဝတီအခွန်ဝန် ဟောင်း ကျော်သူ ရန်ခွင် ပေါ် မြွေရာမှာ ရှိသည်ကို ခေါ် စေ၊ အ ဝေး မြို့ရွာအရာအထူး နှင့်ခန့် တော်မူသူတို့အရာကကျွလွတ် လျှင် ရွှေဘဝါး ထော် အောက်လာ ရောက်ရမည်ဖြစ်လျှက်မလာမ ရောက် တောတွင်း ကျေး ရွာ နေသူတို့ကိုလည်း ခေါ် စေ။

8 July 1806

သက္ကရာဇ် ၁၁၆၈ ခုဝါဆိုလပြည့်ကျော် ၉ရက် နေ့နား ခံစ မြောင်မှူး တွင် ပြန်။

(ရှေး ဟောင်း သုတေသန)

သိန္နီမြို့နယ်အတွင်း မှာရှိသည့် ကျောက်ပုတ်ကိုအိမ် ရွှေထမ်း ငရွှေသား ကို မေး၍ စည့်အိုး နှင့် ၄ထမ်း ၅ထမ်း ရွှေဘဝါး တော် အောကာအပျှောင် ရောက်အောင် ဆောင် ယူစေ၊ ငရွှေပိုနှင့်ဆိုင်း တီး မိန်း မမိကြွား တို့ကျူး လွန်စပ်ရှက်သည့်အမှုမှာစစ် ချက် ကြောချက် ဖြောင့်ညီ၍ ရှိပြီး ဖြစ်သည်၊ ငရွှေပိုကိုပိန်း ထိုး၍သစ် တောသို့ပို့၊ မိကြွား ကို စာထိုး၍အ နောက်တံခါး မှာဖြည့်၊ ပေး ဝယ်ရင်း ငွေ တော်ကိုလည်း တောင်း၍သွင်း ၊ အကြီး အကြပ်ခန့်ထား သူ့သံ တော်ဆင့် ကျော်ထင်သင်္ခယာနှင့် အနောက်ဝန်စာ ရေး တို့ကိုထိုး စံရှိရာ စီရင်၊ အနောက်ဝန်မှာခန့်ထား တော် မမှုမိကအမှုဖြစ်သည်၊ ချမ်း သာ စေ။

10 July 1806

သက္ကရာဇ် ၁၁၆၈ ခု ဝါဆိုလပြည့် ကျော် ၁၁ ရက် နေ့နံနက် ခံဘယ် ကျော်ထင်ထွင် ပြန်။

(ရှေး ဟောင်း သုတေသန)

ပုသိန်မြို့ဝန်မှာသိရှိ ကျော်သူကိုမြို့ဝန်ခန့်၊ ရွှေတောင်သီဟကျော် ခေါင်ကို ရွှေ တဝါး တော်အောက် လာစေ။

11 . July 1806

သက္ကရာဇ် ၁၁၆၈ ခုဝါဆိုလပြည့်ကျော် ၁၂ ရက် နေ့နား ခရာဇ နော်ရထာ ထွင်ပြန်။

(ရှေး ဟောင်း သုတေသန)

ရှမ်းပြည် မြေလဝ်မြို့ရွာများ တွင်ငဝိုတို့တံစိုး ကြေး ငွေစား ယူကြသည်၊ ခန့်ထား ပေး ကုန်ရသည့်အမှုများ မှာစစ်ချီစစ်တက်အတွင်း ဖြစ်သည်၊ နေ့ရက်ရှည်ကြာ စေရမည်မဟုတ်၊ ယခု နေ့ပြီး ပြေအောင်စစ်ကြော၍သွင်း ၊ မကွရာမင်းသား ကလျှောစီး ငမြတ်ရာနှင့် လှေ ၄ စင်း ကိုနန်း စဉ်အိမ် ရှေ့ လှေ တော်များနည်း အကြေအညာကင်း အကောက်လွတ် ဘောက်ကား ရောင်း ဝယ်ပါရမည့်အကြောင်း နှင့်ရှိနိုး သံတော်ဦး တင်ချက်အတိုင်း ဘောက်ကား ရောင်း ဝယ်စေ။

12 July 1806

သက္ကရာဇ် ၁၁၆၈ ခု ဝါဆိုလပြည့်ကျော် ၁၃ ရက် နေ့နား ခံဘယ် ကျော်ထင်တွင်ပြန်။

(ရှေး ဟောင်း သုတေသန)

မိုး နဲတပ် တော်မှာ ကြေး ငွေစား ယူသည် စါရင်း တင်ချက်တွင် ပါသမျှလူတို့သား မယား များ မှာ စာ ရင်း ဝင် ရွှေ ငွေအထည်အလိပ်များ ကို ရ အောင် တောင်း ။

13 . July 1806

သက္ကရာဇ် ၁၁၆၈ ခု ဝါဆိုလပြည့်ကျော် ၁၄ ရက် နေ့ နား ခံစ မြောင်မှူး တွင် ပြန် ။

(ရှေး ဟောင်း သုတေသန)

မင်းကြီး မထာသက်တော်ရှည်ကို ရွှေဘဝါးတော်အောက်ခေါ်စေ၊ မိုးနဲ့တပ်တော်မှာဝန်ထောက်မင်းကြီး နော်ရထာကိုဗိုလ်မှူး၊ တုရင်သာရကျော်၊ နေမျိုး နော်ရထာ ရွှေတောင်တို့ကို စစ်ကဲ၊ ကျော်ထင် ဇေယသူကိုဗိုလ်တပ်စာရေး ခန့်၊ ငွဲတော်ချက်မိဖြူ သေလွန်သည်မှာ ဒုး နေရာတို့ သေလွန်လျှင်သဂြိုဟ်သည့်နည်း သဂြိုဟ်စေ၊ လှေစီး ငဦး ကာတ လှေစင်း ရေ ::၃အမိန့်တော်နှင့် ဘောက်ကား ရောင်းဝယ်ပါသည်၊ (သက္ကရာဇ်) ၁၁၆၇ခုနှစ်ဆက်စုသင့်သေနတ်ကိုလည်း ဆက်သွင်း 1805 ပြေကုန်ပါသည်၊ နောက်ကိုဆက်၍မသွား မလာမ ရောင်း မဝယ်နိုင်ပါ၊ လှေ၁၃စင်းအမိန့်တော်ထွက်စာချွန် ၁၃အနက် ရေပြွန်း ရာ၄ စောင်ပါပါသည်၊ ကျန်စာချွန် ၉ စောင်ကိုဆက်သွင်း ပါရမည့်အကြောင်း နှင့်ရှိခိုး သံတော်ဦး တင်ချက်အတိုင်း ဆက်သွင်း စေ၊ နောက် သေနတ်ဆက်လွှတ် စေ။

14 July 1806

သက္ကရာဇ် ၁၁၆၈ ခု ဝါဆိုလပြည့်ကျော် ၁၅ ရက် နေ့နား ခံရာဇ နော်ရထာ ထွင်ပြန်။

(ရွှေး ဟောင်း သုတေသန)

တောင်ဘက်မြင်း အစုသား မင်း လှရွာ နေ ငခွေး ၊ ငဝက်၊ ငပိုက်၊ သပြေဝ ရွာ နေ ငပြောင်၊ ရမည်းသင်း မြို့နေ ငသွဲ၊ ဝက်ထိုး ရွာ နေ ငပေါက်၊ ငတပုပ်၊ သခွေး ရွာ နေ ငကြင်ဥ၊ မြို့လှ နေ ငထွန်း ၊ ငတောင်း ၊ ကျောက်မြို့ နေ ငဝံပန်း တို့တ၊ ရမည်းသင်း မြို့ဝန်တုရင်သာရ ကျော်နှင့်အမှုတော် တောင်း ရာထမ်း ရွက် ပါရမည့်အကြောင်း နှင့်ရှိခိုး သံတော်ဦး တင်ချက်အတိုင်း ထမ်း ရွက် စေ၊ ရွှေ တိုက်ရှိ သေနတ်စုတွင်အိမ်တန်ဆာ ပျက်စီး ယိုယွင်း သည်ကို ကောင်း မွန် အောင်ပြင် ဆင်လုပ် ဆောင် စေ၊ မိုး နဲ့ ဗိုလ်မှူး မင်း ကြီး နော်ရထာ ကျော်ပုဂံမင်း မှူး မတ်တို့ကို ပေး မှာ ရန် စာကို စီကုံး ဆက်သွင်း ချက်အတိုင်း သင့်ပြီ၊ မိုး ပျည်း မြို့အ မတ်ဆိုင် စော၊ မိုင်း ခန်း သား ငစဲ၊ အမတ် ပေါ်ရှင်၊ စာ ရေး လဲခန်း ၊ အ မတ်တစုတို့က မိုး ပျည်း မြို့သည်မြို့ရွာ ပျက်ပြား ၍အမှုတော်ထမ်း မရရှိသည်ကို ဒိုင်း ဝန်အအုပ်ကိုခံ၍သိမ်း သွင်း ပြုစုပါရမည့်အကြောင်း နှင့်ရှိခိုး သံတော်ဦး တင် ချက်အတိုင်း မိုး ပျည်း မြို့ပျက်ပြား ရှိသည်ကို ဒိုင်း ဝန်မင်း ကျော်သီဟတအုပ်ချုပ်၍ မြို့ရွာဖြစ်ပွါး အောင်သိမ်း သွင်း ပြုစု နေထိုင်ထမ်း ရွက် စေ။

15 July 1806

သက္ကရာဇ် ၁၁၆၈ ခုဝါခေါင်လဆန်း ၁ရက် နေ့နား ခဘာယ ကျော်ထင်တွင်ပြန်။

(ရှေးဟောင်း သုတေသန)

လက်ယာ ရွှေတောင်အမိ မိအောင်နှင့်ငသာဖြူမယား မိနှောင်းတို့ကြေး ငွေ အမွေမှုကို ရွှေဘဝါးတော် အောက်တရားရုံး တွင်ဆိုပါရမည့်အကြောင်း နှင့်လက်ယာ ရွှေတောင်ကရှိနိုးသံတော်ဦး တင်ချက်အတိုင်း ရွှေဘဝါးတော် အောက်တရါးရုံးတွင်တရါးလိုက်ရါဆိုစေ၊ တံဆိပ်ငန်းသီရိရာဇသူကမိဦး သမီး မိဝါတို့နှင့်ညီ ငချမ်း ငြိမ်းတို့ ရွှေမြို့တော်မှစကိုင်း မင်းစာရေးကြီး ကျော်ထင်ရွှေတောင် စည်သူ ရှေ့ဆိုကြသည့်ကျွန်မှုစကား မပြီး မပြတ်ရှိပါသည်အဆို ကောက်ချက်များ နှင့် ရွှေဘဝါးတော် အောက်တရားရုံး တော်မှာဆိုပါရမည့်အကြောင်း ကိုရှိနိုးသံ တော်ဦး တင်ချက်အတိုင်း အဆို ကောက်ချက်များ နှင့်ရွှေဘဝါးတော် အောက်တ ရား ရုံး တွင်တရား လိုက်ရာဆိုစေ။

16 July 1806

သက္ကရာဇ် ၁၁၆၈ ခုဝါခေါင်လဆန်း ၂ ရက် နေ့နား ခစမြောင်မျိုး တွင်ပြန်၊ တရားစာရေး ငမြတ်ဘူး တွင်လည်း ပြန်။

(ရှေး ဟောင်း သုတေသန)

ရွှေဘဝါး တော်အောက်မှ စိုက်ပျိုး ရန်ကျည်ပင်ငယ်ကို ရှင်အောင်အိုး နှင့်ပျိုး ၍ အကောက်တော်ဆက် လှေများ တွင်ဟံသာဝတီမြို့ဝန်ကတင် ဆောင်ဆက်သလိုက် စေ၊ ကျောက်နွား၊ နွား ပိုက်၊ နွား မ ရသမျှ ရှာယူ၍ မိုး ကောင်း မြို့ဝန်က ရွှေဘ ဝါး ထော် အောက်ဆက်လာ စေ။

17 July 1806

သက္ကရာဇ် ၁၁၆၈ ခုဝါခေါင်လဆန်း ၃ ရက် နေ့နား ခံ ရာဇ နော်ရထာ တွင်ပြန်။

(ရှေး ဟောင်း သုတေသန)

မဟာမုနိဘုရား မှာသီဟိုဠ်ရောက် ဗောဓိပင်စိုက်ပျိုး သည် နောက်အ ရှေ့မဟာဂုံအနီး အပါး ပေါက်ရောက်သည့် ဗောဓိပင်သည်ထူး ပြား သည့် ဗောဓိပင် ဖြစ်သည်၊ မဟာဂုံနား နီး ၍ သင့်မည်မဟုတ်၊ သီဟိုဠ်ရောက် ဗောဓိပင်နှင့်အ နေအထား တော် အောင်သင့်ရာ ပြောင်း ၍ စိုက်စေ။

18 July 1806

သက္ကရာဇ် ၁၁၆၈ ခုဝါခေါင်လဆန်း ၄ ရက်နေ့နား ခံဘယ ကျော်ထင်တွင် ပြန်။

(ရှေး ဟောင်း သုတေသန)

ပြည်မြို့ ကျေး ကန်ဆည် တောကစလင်း ခုနစ်သင်း ပြည် လေး သင်း အောက်မား တော်များ နှင့် အောက်ငင်ခဲ့သည့်အတိုင်း ၁၃ အဖွယ်ပြင် ပေါ် ၂ ခန့်ဆင် တော် ရောက်သည်ကို ရွှေမြို့ တော်ကျုံး မှာသွင်း မြဲသွင်း ၍ ကြော့ဘမ်း စေ၊ ဆင်ဝန် အောက်မား ဝန်တို့လည်း လိုက် စေ၊ လုံအရှင်ရ အောင်ရမှာ ဝတီမြို့ဝန်သို့မှာ ၍ဆက်လှာ စေ၊ မိန်မစိုး ရွှေတောင်မိုး ၊ ရွှေတောင်သူ၊ ရွှေတောင်ပေါ် တို့က မြဲဝတီမြို့မှာသွား ၍ ရေတန် တံတား စရပ် ဆောက်လုပ်လှူဒါန်း ပါရမည့် အကြောင်း နှင့် ရှိခိုး သံ တော်ဦး တင်ချက်အတိုင်း မြဲဝတီမြို့မှာသွား ၍ ရေကန် တံတား စရပ် ဆောက်လုပ်လှူဒါန်း စေ။

20 July 1806

သက္ကရာဇ် ၁၁၆၈ ခုဝါခေါင်လဆန်း ၆ရက် နေ့နား ခရာဇ နော်ရထာ တွင်ပြန်။

(ရှေး ဟောင်း သုတေသန)

တောင်ငူမြို့နှင့် ကျောက်မော်မြို့နယ် မှုစစ် ကြောထွက်ဆိုချက်ကိုဆက်သွင်း သည်မှာ ဗါရာဏသီနန်း တော် တောင် ချောင်း မြောက်ဘက်ကို တောင်ငူမြို့နယ် မြေ၊ ချောင်း တောင်ဘက်ကို ကျောက်မော်မြို့နယ် မြေဖြစ်စေ အမိန့်တော်နှင့်ဖြစ်သည်၊ အစစ်ခံချက်ဝင် ကျေး ရွာများ သည် တောင်ငူမြို့နယ်တွင်ပါသည်ဖြစ်မည်၊ ကျောက်မော်မြို့နယ်တွင်ပါသည်ဖြစ်မည်နှစ်မြို့ပိုံကိုထုတ်၍ ပိုံပါရာနယ် မြေဖြစ်စေ။

21 July 1806

သက္ကရာဇ် ၁၁၆၈ ခု ဝါခေါင်လဆန်း ၇ ရက် နေ့နား ခဘယ ကျော်ထင်တွင် ပြန်။

(ရှေး ဟောင်း သု တေသန)

ငမြတ်ရာကိုသံတော်ဆင့်အရာကနှုတ်၊ အထွင်း တော်သို့မဝင်မထွက်စေနှင့်၊ ဘွဲ့အစုအငန်း အစီး အနင်း အဆောင်အရွက်များကိုနှုတ်၊ နာရီဗဟိုတီး သည်မှာ ရွှေဘဝါး တော်အောက်နှင့် ရွှေမြို့တော်မကွဲစေသင့်ဖြစ်သည်၊ ရွှေဘဝါး တော်အောက်မှာနည်း ရွှေမြို့တော်မှာတီး စေ၊ သံတော်ဆင့်စည်သူရာဇကျော်ထင်ကိုသွား၍ ပြသစေ၊ မကွရာမြို့နယ်တွင်မင်း ရဲကွမ်း ဆေး၊ တမှတ်၊ မြောင်း ဆုံးဆီး တောမှစ၍ ပျက်စီးသည့်ဆည် တော်မြောင်း တော်များကို ကျောက်ဆည်ကိုး ခရိုင်ဆည်ရေသောက်ကျေး ရွာများ ကျောက်ဆည်ဝန်တို့ကနှိုး ဆော်သည်ကိုဆည်မြောင်း မလုပ်မဆောင်ကပ်နီ နေသူတို့မှာလယ်တော်လုပ်သား မှစ၍ မည်သူမဆိုလယ်ကိုမလုပ်စေနှင့်၊ ဆည်မြောင်းလုပ်သူတို့ကိုသာလယ်ရှင်လယ်လုပ်ဆောင်မြဲလုပ်ဆောင်စေ၊ ဆည်မှုမြောင်းမှုကိုလည်း ဒိုင်းဝန်ကအုပ်ချုပ်စီရင်စေ။

22 July 1806

သက္ကရာဇ် ၁၁၆၈ ခုဝါခေါင်လဆန်း ၈ ရက်နေ့နား ခံစ မြောင်းမှုး ထွင်ပြန်။

(ရွှေး ဟောင်း သုတေသန)

ဒေါသန္တီမြို့ဝန် မြေဒူး မြို့ဝန် ပဥ္စလာမြို့ဝန်တို့က ရှိခိုး သံတော်ဦး တင်ချက်ကိုဆက်သွင်း သည်မှာ မြို့ဝန်တို့ထံ ဝင် ရောက်သူတို့အသက်စည်း စိမ်ကိုချမ်း သာ ပေး အပ်တော်မူသည်၊ ရွှေဘဝါး တော် အောက်ပို့လှာ စေ၊ သစ္စာ တော် ပေး ပြီး ရှင်မြို့ဝန်တို့သို့အပ်၍အမှုတော်ကိုထမ်း စေ၊ မဝင်မ ရောက်ဘမ်း ဆီး ရာမိသူတို့ကိုစီရင်စုမြို့ရွာတွင်ကြား မြင်သမျှ ကြောက်ရွံ့ အောင်အဆုံး စီရင် စေ။

24 . July 1806

သက္ကရာဇ် ၁၁၆၈ ခု ဝါခေါင်လဆန်း ၁၀ ရက် နေ့နာ: ခံဘယ် ကျော်ထင်တွင် ပြန်။

(ရှေး ဟောင်း သုတေသန)

မိုး နဲ့ဗိုလ်မှူး မင်းကြီး မဟာသက်တော်ရှည်မင်းကြီး နော်ရထာတို့က ရှိခိုး သံတော်
ဦး တင်စေလွှတ်သူ ရဲ့ခေါင်းပလကျော်ထွင်ပါသည့်တရုပ်ဘာသာစကားမြင်ရေး စာနှစ်
24 July 1806
စောင်ကို (သက္ကရာဇ် ၁၁၆၈ ခု) ဝါခေါင်လဆန်း ၁၀ ရက်နေ့စကား ပြန်သိဝရာမ
ကျော်ထင်၊ ··ဦး တို့ပြန်ဆိုချက်ဘုရား ၊ (စကြူကြီး စာအတွက်) ရွှင်လိမ်မြို့နယ်ကျည်ချီ
စော်ဘွား တောက်စွာကျကြား ရောက်ပါသည်၊ အိမ်ရှေ့ဝန်မင်း ၊ (သက္ကရာဇ်
12 June 1806
၁၁၆၈ ခု) နယုန်လပြည့်ကျော် ၁၂ ရက်နေ့ မိုင်စည်ဝန်ထံအုတိန်ပုံချီတုရင်တို့မြန်မာ
စာနှင့်လာ ရောက်၍အကြောင်း အရာကိုသိရပါသည်၊ ကောဝိလက စော်ဘွား တောက်
စွာကုန်ကိုသတ်သည့်အမှုများ လည်း ယခုမှသိရပါသည်၊ တံဆိပ်များ ကိုလည်း ပေး အပ်ပါ
လာ၍ရပါသည်၊ စော်ဘွား ကိုသတ်သည်မှာလည်း ကောဝိလလူတို့သတ် ကြောင်း ကိုလည်း
အတတ်သိရပါသည်၊ မြန်မာပြည်နှင့်တရုပ်ပြည်မှာ ချစ်ကြည်၍ မိတ်သဟာရဖြစ်သည်အတိုင်း
အထူး မရှိပါ၊ ယိုး ဒယား ဇင်း မယ်ကိုလည်း မကူမညီလိုပါ၊ အထက်လက်နက်ကိုင်လူများနှင့်
ဆင့်ရာခံသည်မှာလည်း တောက်စွာကုန်အမှု ကြောင့်သာလာပါသည်၊ တပြည်နှင့်တပြည်
စပ်ကြား မှာအနှောက်အယှက်မရှိပါ၊ တောက်စွာကျနှင့်စဆည်စ ညောင်တို့မြို့ရွာကိုအုပ်
ချုပ်ပြီး လျှင်အသျှင်နှစ်ပါး ပြည်အကြား ကျေး ဇူး သစ္စာရှိသည်နှင့်အညီ ကောဝိလကလည်း
နေပြည်တော် ကျေး ရွာကိုမနှောက်မယှက်ရပါပြီ၊ စုံတူကစာ ရောက်သည့်အတိုင်း ကူးယူ
၍ကြား ရောက်လိုက်ပါသည်၊ ကြာခြည်နန်း နေ ၁၃ နှစ် (သက္ကရာဇ် ၁၁၆၈ ခု) နယုန်
14 June 1806
လပြည့်ကျော် ၁၄ ရက်နေ့ကူး ယူသည့်စာ၊ (စကြူငယ်စာအတွက်) (သက္ကရာဇ် ၁၁၆၈ ခု)
24 April 1806
ကဆုန်လဆန်း ၈ ရက်နေ့အနောက်ဝန်စသည် စော်ဘွား တောက်စွာကျ၊ အုတိန်တို့မြန်
မာစာများ ကိုသိကြရသည့်အတိုင်း စုံတူထံ ပေး ပို့ပါ၊ စုံတူကစကား မပြန်မရောက်ပါ
သေး ၊ ဇင်း မယ်သား ကောဝိလလူထွင်မှိုင်း တုံမှိုင်း လှုင်စော်ဘွား မှာ ပျောက်သည့်
တံဆိပ်များ ကိုကြံရှာ၊ ဆင်စွယ်လက် ဆောင်နှင့်စုံတူထံပို့သည်မြန်မာဗိုလ်မင်း တို့ကစါကိုလည်း
ပို့ပါသည်၊ စုံတူကစကား မည်သို့မဆင့်မဆိုပါသေး ၊ ကြာခြည်နန်း နေ ၁၃ နှစ် (သက္ကရာဇ်
14 June 1806
၁၁၆၈ ခု) နယုန်လပြည့်ကျော် ၁၄ ရက်နေ့ကူး ထား သည့်စာ၊ ၎င်း တရုပ်စာနှင့်အတူ
ပါသည့်မိုင်း လျှည်ဘာသာစာသုံး ဆောင်ကိုရှမ်း သိ ခံသောမင်း ၊ သိန္ဓိအမတ်သွယ်ထိုင်
တို့ပြန်ဆိုချက်စကား ဘုရား ၊ မိုင်း လျှည်စော်ဘွား ကြီး ရှိခိုး အစီရင်ခံပါသည်ဝန်ရှင်
11 June 1806
တော်မင်း ကြီး ဘုရား ၊ (သက္ကရာဇ် ၁၁၆၈ ခု) နယုန်လပြည့်ကျော် ၁၁ ရက်နေ့ဥတည်

မင်းအမိန့်တောက်စုံတုထံရောက်ကြောင်း စုံတုကဗိုလ်မှူး ရောဂရှင်တော်တံရောက်သည်၊ ရောဂရှင်တော်ကား လူသုံး ယောက်ရောက်ပါသည်၊ ဝန်မင်း ဗိုလ်မှူး အူတိန် ပျံချိတုရင်တို့က မိုင်းဆည်စုံတုထံ ရောက်သော ကြောင့်လုပ်ရည်ကြံရည်မှား မှာ ကောဝိလကမိုင်းလျည်(စော်ဘွား တောက်ဖွာကုန်ကိုသတ်သည်)၊ လူကိုလည်း မိုင်းလျည်မြို့သို့ လွှတ်လိုက်ပါသည်၊ မိုင်းလျည်း စော်ဘွား ကိုသတ်သူလက်သည်တို့ကိုရမှ ဖြေရှင်း မည် တော(င) သည်၊ ကောဝိလလုတို့တလည်း သတ်သူကိုရှာကြံ ပေး ပါမည်ခံဝန် ပြောဆိုပါယည်၊ ကောဝိ(လ) ဘက်ကလည်း မကူမညီ၊ မတိုက်မဖျက်၊ မထိုး မခုတ်သာ၊ နေထွက်ဘုရင်အသျှင်တိုင်းပြည် မြန်မာကျွန်တော်မျိုးတို့နှင့်မကွဲမပြား မိတ်ဆွေဖြစ်သည်၊ မိုင်းလျည်း စော်ဘွား မှူး မတ်တို့လည်း အစွန်အနား ကြသည့်မြို့ရွာဖြစ်သည်နှင့်အညီငြိမ်ဝပ်သာယာလုံခြုံ အောင်အု(ပ်) ထိန်း စီရင်ရမည် ကောဝိလက နှောက်ရှက်ဖျက်ဆီး လာလျှင်နိုင်နင်း အောင်ခုခံတိုက် လံဘမ်းဆီး သတ်ညှစ်ရမည်၊ ငါတို့ဆီသို့လည်း နေ့ညည့်လူ၊ စာ၊ စေရမည်၊ မြန်မာတပ် တော်ချီတက်လာလျှင်ငြိမ်သက် အောင်သာပြုစုရမည်၊ ခိုက်ရန်မဖြစ်စေနှင့်၊ ဥတည် မင်းဆီကအမိန့်အမှာ၊ မိုင်းဆည်မြို့ဗိုလ်မှူး ထံသို့စာ ရောက်လာသည်ဖြစ်၍ မိုင်းဆည် ဗိုလ်မှူး ကဥတည်မင်း အမိန့်အမှာအရ နှင့်

မိုင်းလျည်းမြို့စော်ဘွား အမတ်တို့ထံ မိုင်းဆည်တစာ ရောက်သည်နှင့် ငင်း စ(ာ) ကိုသတ်သည်တွင်တပ် တော်က စေသူလူရှစ် ယောက်သား တို့ကြား သည်၊ ငင်း စာအရကို ရေး ကူး၍ ပေး ရမည်မိုင်းလျည်း စော်ဘွား အမတ်တို့ဆိုလျှင်ငင်း စာအရကိုလည်း မိုင်းလျည်း ဘာသာ ရေး ကူး ၍မြန်မာသံရှစ် ယောက်တို့တွင် ပေး လိုက်ပါသည်၊

(မန်း တက် သမိုင်း စါစု)

မိုး နဲ ကြောင်း ချီဗိုလ်တပ်နား ခံ ကျော်သူ ကျော်အာစိရင်ခံချက်ကိုဆက်သွင်း သည်
မှာ မြေလပ် စော်ဘွား မြို့စား တို့က ခေါ်၍ ရောက်သည့်အမတ်တို့သည်မြို့မှုမြို့တာ
ကို ဆောင်ရွက်သူများ မဟုတ်ဖြစ်သည်၊ မြို့ရွာပြန် စေ၊ အမှုဆောင်အမတ်တို့ကို ခေါ်
၍စစ်၊ ကြေး ငွေလည်း မကုန်မကျ စေနှင့်၊ မိုး ကောင်း မြို့ဝန် နေမျိုး သီရိစည်
သူ စစ်ကဲတို့က ဝေသာလီတိုး လှျား နန်း ဆွန်အ ကြောင်း အရာ လျှောက်ထား ချက်၊
တိုး လှျား မြို့ကလာသူ သေည တောင်ခင်း စစ် မေး ထွက်ဆိုချက်ကို ထောက်၍ မိုး ကောင်း
မြို့ဝန်သို့မှာထား ပြီး လျှင်လာသူတို့ကိုပြန်သွား စေမည်ဆက်သွင်း ပျက်အတိုင်း သင့်
ပြီ။

25. July 1806

သက္ကရာဇ် ၁၁၆၈ ခု ဝါခေါင်လဆန်း ၁၁ ရက် နေ့နား ခစ မြောင်မှူး တွင်
ပြန်။

(ရွှေ ဟောင်း သုတေသန)

အုတ် တော်လုပ်ရန်ထင်း အများ လိုသည်မှာလက်ယာ ကျော်ထင်နှင့်ထင်း ခုတ်တက် စေသည့်လူ ၂၃ဝပြင်မင်း မိဿုရား မင်း သား မင်း သမီး ထမ်း ကသည် ၅ဝ၅၊ စား တော်ကဲအုပ်စုကသည် ၃ဝ၊ ၂ စုကသည် ၅၃၅ကို ခန့်ထား၍ ခုတ်ယူ စေမည်၊ ရန်ထား ဆက်သွင်း ချက်အတိုင်း သင့်ပြီ၊ ထင်း ကိုအလျင်အမြန် ရောက် အောင်ချယူ စေ၊ နန်း တော် ဆောက်ရန်သစ် တော်မှာအညာသစ် တောနှင့်နီး သည်လက်နက် ကိုင်မင်း မှုမရှိ၊ မြို့ရွာ ရွာများ ကိုလွှသစ်ရဆုပ် ဂဆုပ် ၉ဆုပ်တလုံး လျှင် ဒိ ၂ ကျ သစ် ပေါင်း ၃ဝဝဝအဘိုး ငွေသင့် ၁ဝ၅ါ၊ ကွန်း သစ်၊ သည်မ၊ သည်ထွေး ၊ သည် ရုံရဆုပ်ခွဲ ဂဆုပ်ဘလုံး လျှင်၁ဝစိကျသစ် ပေါင်း ၁ဝဝဝအဘိုး ငွေ၁ဝဝါ၊ ၂ စုသစ် ၄ဝဝဝအဘိုး ငွေ၂ဝ၅ါပေး အပ်၍ ချယူ စေမည်၊ ရန်ထား ဆက်သွင်း ချက်အတိုင်း သင့်ပြီ၊ သစ်ဘိုး ငွေ တော်ကိုအတွင်း တော်မှာထုတ်ယူ စေ၊ ခဲတူး ကသည်း ခေါင်း ယောမရုံ စစ် မေး ထွက်ဆိုချက်ကိုဘက်သွင်း သည်မှာခဲတူး ကသည်း ဘို့ကိုခဲကိုတူး ဘော် ချက်လုပ်၍ဆက်သည်မဟုတ်၊ ဝယ်ချမ်း ဆက်သွင်း ရ ကြောင်း ကိုစစ်ချက်ထွက်သည်၊ ခဲ တူး အစုကိုနှုတ်၊ ခဲတူး ကသည်း တို့ကိုမင်း တုံး မင်း သား ကိုသနား တော်မူသည်၊ ခဲတူး အစုသား မှန်သမျှတို့ကို စေ့ငုကုန်စင် အောင်စစ် ကြော နှုတ်ယူ၍မင်း တုံး မင်း သား သို့အပ်၊ ကွပ်ရွာနယ်အတွင်း သင့်ရာ မြေလပ်တွင်တိုင်း တာချ ပေး ၍ နေထိုင်ထမ်း ရွက် စေ။

25. July 1806

သက္ကရာဇ် ၁၁၆၈ ဝါခေါင်လဆန်း ၁၁ရက် နေ့နား ခံစ မြောင်မှူး တွင် ပြန်။

(ရွှေ့ း ဟောင်း သုတေသန)

သီရိသူဟေမာ အဘပုံရှိ ကျော်ထင် သေလွန်ရာမှာ ပျည်အဘုံး ကမွတ် ရွှေထည့်၍ သင်္ဂြိုဟ်စေ၊ ထီး ဖြူတော်ဒုယင် တော်ချုပ်သူရနန္ဒ ကျော်၊ စန္ဒ ကျော်သူ၊ ဗန္ဓုသီရိ၊ စိဗ္ဗမြဲတို့ကို ရွှေမြို့တော် ပေါက် ပေါက်တန်း ကသည်ရွာသစ်ကြီး ရေခက်အစုန်အဆန် ကူး တို့၂ ငှ့်တွင်း သင့်း တိုက်ပြည် တော်သာရွာနယ်တွင်ဆိပ်ကသည်မြင်း မူ ရေခက် အစုန်အဆန်ကူး တို့၂ ရပ်ကိုသနား တော်မူရပါသည်မှာ ရွှေမြို့ (တော်) ပေါက် ပေါက်တန်း ကသည်ရွာသစ်ကြီး ရေခက်အစုန်အဆန်ကူး တို့ကိုသာထီး ဖြူတော်ဒုယင် တော်ချုပ်လူတို့ကစား စေ၊ ပြည် တော်သာနယ်တွင် (ဆိပ်) ကသည်မြင်း မူ ရေခက် အစုန်အဆန်ကူး တို့ကိုပြည် တော်သာရွာစား ပညာ ကျော်ထင်၊ ပညာစဏ္ဍ ကျော်၊ ဗလပညာ ကျော်တို့နှင့်အတွင်း တော်လုပ်ပန်း ဘဲတို့ကစား စေ။

26 July 1806

သက္ကရာဇ် ၁၁၆၈ ခု ဝါခေါင်လဆန်း ၁၂ ရက် နေ့နံ ခရာဇ နန်ရထာ တွင်ပြန်။

(ရှေး ဟောင်း သုတေသန)

အတွင်သည်မခြား မနား တချက်တည်း ဖြစ်သည်ကိုယခု ၁၄၇ ခုသက္ကရာဇ်ကိုဖြိုသည့်ကျမ်း ဂန်မရှိထွက်ဆိုပြန်သည်မှာ ရှေ့နှောင်း စကား မညီမညွတ်မမှန်မကန် သောဖြစ်သည်၊ မှန်ကန် အောင်ဆိုကြ စေဦး ။ 544 BC

သက္ကရာဇ် ၁၁၆၈ ခုသတင်း ကျွတ်လပြည့် ကျော် ၉ ရက် နေ့နား ခဘယ ကျော်ထင် ထွင်ပြန်။ 5 October 1806

(ရှေး ဟောင်း သုတေသန)

ဆင်ပေါင်ဝဲရွာ နေကြွယ်ရှိနိုး သံတော်ဦး တင်ချက်အတိုင်း နွှေထိုး လှေငယ် ၂၀ ကိုလှေတော်များ နည်း သေနတ်ထား လှံတင် ဆောင် ရောင်း ဝယ်စေ၊ ကင်း ခွန်ကြေး ငွေကိုကင်း ကမ ကောက်မခံ စေနှင့်၊ ရွှေဘဝါး တော် အောက်ဆိုင်ရာဝန်အ
ကြီး စာရေး တို့ထံ (သက္ကရာဇ် ၁၁) ၄၅ ခုစစ်တမ်း ထွက်အတိုင်း ပေး ချိန် ဆောင် 1783
ရွက်စေ၊ တနှစ်ကိုကြွယ်က သေနတ် ၂၀ ဆက်စေ။

6 October 1806
သက္ကရာဇ် ၁၁၆၈ ခုသတင်း ကျွတ်လပြည့်ကျော် ၁၀ ရက် နေ့ နှ၁း ခဝ မြောင် မှုး ထွင်ပြန်။

(ရှေး ဟောင်း သုတေသန)

ဆရာတော်တို့ကို ရွှေမြို့တော် ကျောင်း သို့ပြန် စေ၊ ရပ်စုကွက်စုသား တို့ကိုလည်း ပြန်ကြ စေ၊ တည်ထား စောင့်နေ စေသည့်နာရိကိုလည်း သိမ်း စေ။

7 October 1806

သက္ကရာဇ် ၁၁၆၈ ခုသတင်း ကျွတ်လပြည့်ကျော် ၁ ရက် နေ့နံ ၁း ခံရာဇ နော် ရထာတွင်ပြန်။

(ရှေး ဟောင်း သုတေသန)

ဆင်ဖြူတော်အကြောင်း အရာကိုအလျှောက်အထား လာသူ မြေထဲမြို့စား လူငမန်း ဦး ငညိုတို့ကိုဆင်ဖြူတော်ရှိရာပြန်သွားစေ၊ ဆင်ဖြူတော်ကိုဆက်လှာသည့်ကာလလည်း ငပန်း ဦး ငညိုတို့နှင့်ဆင်ဖြူတော်ကိုဘမ်းရာပါသူငကတိ ငထော် ငမောင် ငတီ ငဘတ် ငစည်လာ ငချမ်းသာ ငတီတို့တစုကိုဆင်ဖြူတော်နှင့် အတူ ရွှေဘဝါး တော် အောက်ကြွပ်မလိုက်လှာစေ။

9 October 1806

(သက္ကရာဇ်) ၁၁၆၈ ခုသတင်း ကျွတ်လပြည့် ကျော် ၁၃ ရက် နေ့နား ခစ မြောင်မှူး ထွင်ပြန်။

(ရှေး ဟောင်း သုတေသန)

ငတော ငလောတို့ရှိခိုး သံတော်ဦး တင်သည့်အမှုကိုစကိုင်း မင်း ပြည်မင်း
တောင်ငူမင်း ပုဂံမင်း ပုခန်း မင်း မိုး မိတ်မင်း တို့က စစ်ကြောစီ
ရင်၊ စစ်ကြောစီရင်ချက်ကိုသွင်း၊ ရွှေမြို့တော် နေအိမ် ရှေ့ထမ်း စည်သူသီရိ
ငနက်တို့ရှိခိုး သံတော်ဦး တင်ချက်အတိုင်း စည်သူသီရိနှင့် လှေကြီး ၃ နွေထိုး လှေ
ငယ် ၂၆၊ ငနက်နှင့် လှေကြီး ၃ နွေထိုး လှေငယ် ၂၆ ကို လှေတော်များ နည်း သေ
နတ်ဓါး လှံတင် ဆောင် ရေခင်း ဝယ်စေ၊ ကင်း ခွန် ကြေး ငွေကိုကင်း ကမကောက်
မခံစေနှင့်၊ ရွှေဘဝါး တော် အောက်ဆိုင်ရာဝန်အကြီး စာရေး တို့ထံ (သက္ကရာဇ်
၁၁) ၄၅ ခုစစ်တမ်း ထွက်အတိုင်း ပေး ချိန် ဆောင်ရွက် စေ၊ တနှစ်ကို စည်သူသီရိ 1783
တ သေနတ် ၃၅၊ ငနက်က သေနတ် ၃၅ ဆက် စေ။

10 October 1806

သက္ကရာဇ် ၁၁၆၈ ခုသတင်း ကျွတ်လပြည့် ကျော် ၁၄ ရက် နေ့နံ ခရာဇ
နော်ရထာတွင်ပြန်။
(ရှေး ဟောင်း သုတေသန)

ငထာ၊ ငတော၊ ငမောက်တို့ လျှောက်ထား ကြသည့်အမှုကိုအိမ်ရှေ့မင်း ရွှေဘဝါး တော် အောက်လာ၍ စကိုင်းမင်း၊ပြည်မင်း၊တောင်ငူမင်း၊ပုဂံမင်း၊ပခန်းမင်း၊ မိုး မိတ်မင်း တို့နှင့်တိုင်ပင်စီရင်စေ၊ စီရင်ချက်ကိုလည်း သွင်း၊ မင်း ရဲ့ဝှကို တောင်ခွင်မြို၊ မင်း မောင်ကိုတွင်း သင်း တိုက်ကူး တို့ဆိပ်ဆင်တဲရွာလပ်သည်ကို သနား တော်ခံ စေမည်ဆက်သွင်း ချက်အတိုင်း သင့်ပြီ။

12 October 1806

သက္ကရာဇ် ၁၁၆၈ ခုတန် ဆောင်မုန်း လဆန်း ၂ ရက် နေ့နား ခံစ မြောင်မှူး တွင်ပြန်။

(ရှေး ဟောင်း သုတေသန)

တန်ဆောင်တော်များနှင့် မင်းမိဘုရား၊ မင်းသမီးတို့တန်ဆောင်များကို
14 October 1806
သက္ကရာဇ် ၁၁၆၈ ခုတန်ဆောင်မုန်းလဆန်း ၄ ရက်နေ့နံနက်အတွင်း တော်သို့
သွင်း၍ပြစေ၊ တန်ဆောင်တော်အထမ်း အဆောင်အလှူတော်ပူဇော်ပွဲထီး တန်
ခွန်တိုင်မှစ၍ ခန့်ထားစီရင်ရန်ရှိသမျှကိုပြီး ပြေအောင်စီရင်၊ ရွှေမြို့တော်
နေစကိုင်း မင်းစီးပွဲ ပြုလှေစီး ငသာအား၊ ငလှောက်တို့ရှိနိုး သံတော်ဦး
တင်ချက်အတိုင်း ငသာအား၊ ငလှောက်တို့နှင့် လှေကြီး ၃ နွေထိုး လှေငယ် ၆ ရက်ကို
လှေတော်များနည်း သေနတ်ဓါး လှံတင် ဆောင်ရောင်း ဝယ်စေ၊ ကင်းခွန်
ကြေးငွေကိုကင်းကမကောက်မခံစေနှင့်၊ ရွှေဘဝါး တော်အောက်ဆိုင်ရာဝန်
1783
အကြီး စာရေး တို့ထံ (သက္ကရာဇ် ၁၁) ၄၅ ခုစစ်တမ်းထွက်အတိုင်း ပေးချိန်ဆောင်
ရွက်စေ၊ တနှစ်ကိုငသာအား၊ ငလှောက်တို့က သေနတ် ၇၆ ဆက်စေ။

13 October 1806
သက္ကရာဇ် ၁၁၆၈ ခုတန်ဆောင်မုန်းလဆန်း ၃ ရက်နေ့နား ခရာဇ နော်
ရထာထွင်ပြန်။

(ရှေး ဟောင်း သုတေသန)

တန်ဆောင်တော်ခုကိုဆင်ကြီး ရွှေကူဘုရား၊ ရွှေကွန်အုပ်ဘုရား၊ ရွှေစကါးဘုရား၊ ရွှေလင်းပင်ဘုရား၊ နွယ်တော်ဘုရား၊ မဟာမုနိဘုရား၊ ဂူကြီးဘုရား၊ အောင်မြေလောကဘုရား၊ မင်းထွန်းပုထိုးတော်ကြီးဘုရား၊ စက်တော်ရာဘုရား၊ စကိုင်းမင်းကောင်းမှုဘုရား၊ စန္ဒါမုနိဘုရား၊ ရှင်ဖြူရှင်လှဘုရားများ မှာတတိုင်စီညီထွန်းပူဇော်စေ၊ မင်းမိဘုရားသားတော်သမီးတော်တို့တန်ဆောင်များမှာသဒ္ဓါစေတနာရှိရာညီထွန်းပူဇော်ကြစေ၊ အလှူတော်ထီးနှန်ကိုမင်းထွန်းပုထိုးတော်ကြီးမှာဆွဲလှူစေ၊ မိစိမ်းကလင်ငဘုန်းတိုးမသေဒ္ဓိ (သက္ကရာဇ်) ၁၁၆၇ ခုနှင့်အမိန့်တော်နှင့်လှေ ၂၅ ဘောက် 1805 ကားရောင်းဝယ်ပါသည်၊ ဆက်စုသင့်သေနတ်ကိုလည်း ဆက်သွင်းပြေပါသည်၊ နောင်ကိုဆက်လက်၍မသွားမလာမရောင်းမဝယ်နိုင်ပါ၊ အမိန့်တော်ထွက်စာချွန်တော် ၂၅ အနက်ရေမြုပ်မီး ရာ ၂ မီး လောင်ရာ ၃ ပါပါသည်၊ ကျန်စာချွန် ၂၀ ကိုဆက်သွင်းပါရမည်အကြောင်း နှင့်ရှိခိုးသံတော်ဦးတင်ချက်အတိုင်း သွင်းစေ၊ နောက်သေနတ်ဆက်လွှတ်စေ၊ ရွှေမြို့တော်နေငထွား ရှိခိုးသံတော်ဦးတင်ချက်အတိုင်း ငထွားနှင့်လှေကြီး ၂ စီးထိုး လှေငယ် ၄ ဂ ကိုလှေတော်များနည်း သေနတ်မါးလှံတင်ဆောင်ရောင်းဝယ်စေ၊ ကင်းခွန်ကြေးငွေကိုကင်းကမကောက်မခံစေနှင့်၊ ရွှေတဝါးတော်အောက်ဆိုင်ရာဝန်အကြီး စာရေးတို့ထံ (သက္ကရာဇ် ၁၁ 1783 ၄၅ ခုစစ်တမ်းထွက်အတိုင်း ပေးချိန်ဆောင်ရွက်စေ၊ တနှစ်ကိုငထွားက သေနတ် ၅၂ ဆက်စေ၊ ငရွှေပြည်ရှိခိုးသံတော်ဦးတင်ချက်အတိုင်း ငရွှေပြည်နှင့်နှစ်စီး လှေငယ် ၁၀ ကိုလှေတော်များနည်း သေနတ်မါးလှံတင်ဆောင်ရောင်းဝယ်စေ၊ ကင်းခွန်ကြေးငွေကိုကင်းကမကောက်မခံစေနှင့်၊ ရွှေတဝါးတော်အောက်ဆိုင်ရာဝန်အကြီး စာရေးတို့ထံ (သက္ကရာဇ် ၁၁) ၄၅ ခုစစ်တမ်းထွက်အတိုင်း 1783 ပေးချိန်ဆောင်ရွက်စေ၊ တနှစ်ကိုငရွှေပြည်က သေနတ် ၁၀ ဆက်စေ။

14 October 1806

သက္ကရာဇ် ၁၁၆၈ ခုတန်ဆောင်မုန်းလဆန်း ၄ ရက်နေ့ နာခံဘယကျော် ထင်သွင်ပြန်။

(ရှေးဟောင်းသုတေသန)

ငလာ၊ ငတော၊ ငမောက်တို့စစ်ကြောထွက်ဆိုချက်တွင် ငမောက်စကားအရင် ရပ်ကွယ်ပျက်သူဖြစ်သည်အမှန်မယူသာ၊ ငလာ၊ ငတော လျှောက်ချက်အတိုင်း အမှန် ဖြစ်သည်၊ ငမောက်က ပေးကမ်းသည့်ပန့်ဘလက် ဆောင်ကိုစားယူ၍ စစ်ချက်ပြု လုပ် လျှောက်ထားသူအသည်ဝန်စာရေးကြီး ငပုတို့အရာက နှုတ်မည်၊ စားယူသ မှုကြေး ငွေမြင်း နွားမျှားကိုလည်းပြန်ပေးစေမည်၊ စာရေး ငပေး၊ င ပေါ်တက်တို့မှာ မစစ်မကြောရ၊ ဆင့်ဆိုလျှင်သာဆင့်ဆိုချက်အတိုင်း ရေးမှတ်ပါရ သည် ပြောင်ဆို၍ရှိသည်၊ စားယူသမှုကြေး ငွေကိုပြန်ပေးစေမည်၊ ငဝင်းမ ယား မိဘရက်တို့မှာလည်း စစ်ကြောစေနိုင်း ခန့်ထားသူမဟုတ်အမှုသည်တို့ပေး ကမ်းလာသည့်အမှုဖြစ်သည်၊ စားယူသမှုပြန်ပေးစေမည်၊ ငဝင်းသား ငရွှေ မြတ်ကိုပေးသည့်မြင်း မှာမြင်းရှင်ကိုအမိန့်တော်ရင်းအတိုင်း စစ်ကြော၍ပြန် ပေး စေမည်၊ အသိမ်းအရုံး ခန့်ထားသူ ခင်လူး ဗိုလ်ငအောင်ဗိုတို့နှင့်ပါသူတို့ မှာ စေနိုင်း ရာမှတ်စာပါလူတို့ကိုသာ မဘမ်းမဆီး ကျေးရွာနေအလွတ်လူတို့ကို ဘမ်းဆီးပြီး လျှင်သူ့သမီး သူ့မယားမျှားကို မှုဒိမ်း ဒန္ဒမပြုမကျင့်တန်ပြုကျင့်သူ မျှားဖြစ်သည်၊ မှုဒိမ်းပြုကျင့်သမှုလူကိုအဆုံး စီရင်မည်၊ ငမောက်နှင့်အပေါင်း အဘော် ငဝေကြီး၊ ငသာညိုကြီး၊ ငဖွဲကြီး၊ ငရွှေးတို့နှင့်သူ့ခိုးဓါးပြလူကစုတို့ကို လည်း တွေ့မိအောင်ဘမ်းဆီး၍အဆုံး စီရင်မည်၊ အိမ်ရှေ့မင်း၊ စကိုင်းမင်း၊ ပြည်မင်း၊ တောင်ငူမင်း၊ ပုဂံမင်း၊ ပုခန်းမင်း ကိုးသွင်းချက်အတိုင်း သင့် ပြီ၊ ဆင်ပေါင်ဝဲသူကြီး ကျော်ထင်သူရကဆက်သည့်ကြိုး ကိုကြေး တိုက်အနီး အပါး သင့်ရာ တွင်မှိုး လုံ့အောင်တိုက်ဆိုက်၍ထား စေ၊ ဇပြစ်ရည်ကာလရှည်၍သကာကျသည်ကိုဒေါ တရုဆား ခေါ်သည်၊ တာတရုဆားကိုဟံသာဝတီမြို့ဝန်အရာ ၄ိတို့ကရှာယူပြီး လျှင် ရွှေဘဝါး တော် အောက်ဆက်လှာရမည့်အကြောင်း နှင့်မှာထား၍ဆက်လှာစေ။

15 October 1806

ဘကြ္ကရာဇ် ၁၁၆၈ ခုတန် ဆောင်မုန်း လဆန်း ၃ ရက် နေ့နား ခစ မြောင် မျှး ထွင်ပြန်။

(ရေး ပေါင်း သုံ တောသန)

19 October 1806

ကြော၊ ငွေပြည့်၊ ငွေဖြူကိုကကြောနှင့် နှေထိုး လှော်ငယ် ၃၁၊ ငွေပြည့်နှင့် လှော်ကြီး ၂၊ နှေထိုး လှော်ငယ် ၄၀၊ ငွေဖြူနှင့် နှေထိုး လှော်ငယ် ၅၀ အမိန့်တော်နှင့် ဘောက်ကား ရောင်း ဝယ်ပါသည်၊ ဆက်စုသင့်သေနတ်ကိုလည်း ဆက်သွင်း ပြေပါသည်၊ နော်ကိုဆက်လက်၍ မသွား မလာနိုင်ပါ၊ အမိန့်တော်ထွက်စာချွန် တော်ကိုဆက်သွင်း ပါရမည့်အကြောင်း နှင့်ရှိခိုး သံတော်ဦး တင်ချက်အတိုင်း သွင်း စေ၊ နောက် သေနတ်ဆက်လွှတ်စေ၊ ငချမ်း အောင်၊ ငရွှေစတို့က (သက္ကရာဇ်)၁၁ ၆၇ ခု ငချမ်း 1805
အောင်နှင့် နှေထိုး လှော်ငယ် ၂၅၊ ငရွှေစနှင့် နှေထိုး လှော်ငယ် ၁၇ အမိန့်တော်နှင့် ဘောက်ကား ရောင်း ဝယ်ပါသည်၊ (သက္ကရာဇ် ၁၁) ၆၈ ခုဆက်စုသင့်သေ 1806
နတ်ကိုလည်း ဆက်သွင်း ပြေပါသည်၊ နောက်ကို မသွား မလာ မရောင်း မဝယ်နိုင်ပါ၊ အမိန့်တော်ထွက်စာချွန်ကိုဆက်သွင်း ပါရမည့်အကြောင်း နှင့်ရှိခိုး သံတော်ဦး တင်ချက်အတိုင်း သွင်း စေ၊ နောက် သေနတ်ဆက်လွှတ်စေ၊ ရွှေမြို့တော်မှ သူခိုး လုဆိုး ပေါ်ထွက်ခိုး ယူကြောင်း ကို ရွှေနား တော်မြတ်ကြား တော်မူသည်၊ သူခိုး လုဆိုး တို့ကိုအိမ် ရှေ့မင်း ကမိ အောင်ဘမ်း ၍ ရွှေဘဝါး တော် အောက်ဆက်လာ စေ၊

20 October 1806

သာသနာပြုဆရာ တော်နှင့်ဆရာ တော်တို့ကို (သက္ကရာဇ်) ၁၁၆၈ ခုတန် ဆောင်မုန်း လဆန်း ၁၀ ရက် နေ့ ရွှေဘဝါး တော် အောက်မင်း ထွန်း သို့ ရောက် အောင်ပင့်စေ၊ ယခု နေ့ညပွဲစ၍ သွင်း စေ၊ အတီး အကတို့ကို ကျိုဝန်တထမင်း ကျွေး စေ။

19 October 1806

သက္ကရာဇ် ၁၁၆၈ ခုတန် ဆောင်မုန်း လဆန်း ၉ ရက် နေ့နား ခံရာဇ နော်ရထာထွင်ပြန်။

(ရှေး ဟောင်း သုတေသန)

20 October 1806

7 November 1806

လစဉ်အသုံး တော်စာရင်း ဆက်သွင်း သည်မှာ နောက်လတစ်၍ ပို့ တော်လရက် အတိုင်း သာ မှတ်သား ဆက်သွင်း စေ၊ အစဉ် ခေါ် ဟောင်း သက္ကရာဇ်လရက်ကို မဆက်မသွင်း စေနှင့်။

20 October 1806

သက္ကရာဇ် ၁၁၆၈ ခုတန်ဆောင်မုန်း လဆန်း ၁၀ ရက် နေ့နား ခံဘယ ကျော်ထင်တွင်ပြန်။

(ရှေး ဟောင်း သုတေသန)

ရွှေးကြီး ၊ လက်ရွှေးကြီး ၊ လက်သစ် ၊ ပြည်လုံးအံ့လှော်ကား တော်လေးစင်း
တွင် ကျောက်စေတီ တော်ပခွယ် ကျောက်ကိုတင်၍ စကိုင်းသို့ပို့စေ ၊ ရွှေးကြီး လှော်
ကား တော်မှာ ရွှေးကြီးသားတို့တလှည့်ရနိုင် လှေသင်း သားတို့ကတလှည့်သည့်ပို့
25 October 1806
စေ ၊ နှစ်စဉ်လှူမြဲမသိုး သင်္ကန်း ကိုယက်လုပ်လှူဒါန်း မြဲယက်လုပ်လှူဒါန်း စေ ၊ ကထိန်
သင်္ကန်း ကိုလည်း ရွှေမြို့တော်သို့ပို့၍ အိမ်ရှေ့မင်း ကလှူမြဲလှူစေ ၊ ရွှေမြို့တော်နေ
ငဝင်း ဖိုးနိုး သံတော်ဦး တင်ချက်အတိုင်း ငဝင်း နှင့်လှေကြီး ၂ နွေထိုး လှေငယ်
၂ ခုကို လှေတော်မျှား နည်း သေနတ်ဓါး လှံတင်ဆောင်ရောင်း ဝယ်စေ ၊ ကင်း
ခွန်ကြေး ငွေကိုကင်း ကမကောက်မခံစေနှင့် ၊ ရွှေဘဝါး တော်အောက်ဆိုင်ရာ
1783
ဝန်အကြီး စာရေး တို့ထံ (သက္ကရာဇ် ၁၁) ၄၅ ခုစစ်တမ်းထွက်အတိုင်း ပေးနှိုန်
ဆောင်ရွက်စေ ၊ တနှစ်ကိုငဝင်း က သေနတ် ၂၉ ဆက်စေ ၊ ခွန်ရုံ မိုင်းပန် မင်္ဂလါ
လမိုင်း စုကမိန်း မငယ် ၃၀ ရွှေး ဧကောက်ခန့်ထား ၍ မိဘုရား စည်တော်စုံအတီး
အမှုတ်တွင်သွင်း စေ ၊ မငြိုး မရမ်း ကြစေနှင့်။
21 October 1806
သက္ကရာဇ် ၁၁၆၈ ခုတန်ဆောင်မုန်း လဆန်း ၁၁ ရက် နေ့နာ: ခံစမြောင်
မှူး တွင်ပြန်။
(ရှေးဟောင်းသုတေသန)

ကျောက်စေတီတော်ပစ္စယာ ကျောက်ကိုသယ်ယူ၍ စကိုင်းသို့ရောက်လျှင် အောင်
မြေ လောကဘုရား ကျွန်သီး တော်တို့နှင့် စကိုင်းမြို့ကလူတို့ကို စကိုင်းမြို့အုပ်မြို့စာ
ရေးတို့ကြပ်မ၍ချစေ၊ တခုနှင့်တခု မထိမခိုက် မကျိုး မပျက်စေနှင့်၊ ကုန်းသို့
ရောက်လျှင်လည်း တော်သင့်သည့်နေရာတွင် ကြော်ဝရွာစား စည်သူကျော်
စွာပြသရာကြာကိုကြာအလိုက် ဘောင်းကို ဘောင်း အလိုက်ဝါးမျိုး တခုစီစည်၍ထား
စေ၊ ပန်းတောင်းမြို့ နေငစံမင်း ရှိခိုးသံတော်ဦး တင်ချက်အတိုင်း ငစံမင်း
နှင့် လှေကြီး ၁၀၊ နွေထိုး လှေငယ်၁၀ကို လှေတော်များနည်း သေနတ်ဓါး လှံတင်
ဆောင်ရောင်းဝယ်စေ၊ ကင်းခွန်ကြေး ငွေကိုတင်း တမကောက်မခံစေနှင့်၊
1783
ရွှေတဝါး တော် အောက်ဆိုင်ရာဝန်အကြီး စာရေးတို့ထံ (သက္ကရာဇ်၁၁)၄၅ခု
စစ်တမ်းထွက်အတိုင်း ပေးချိန်ဆောင်ရွက်စေ၊ တနှစ်ကို ငစံမင်းက သေနတ်
၄၀ဆက်စေ၊ ကျောက်စေတီတော်ပထမပစ္စယံ ကျောက်ကိုသယ်၍ပြီးလျှင် စကိုင်းမြို့
သို့ ရွှေစက်တော်ဖြန့်တော်မူ၍ စီစဉ်တော်မူမည်၊ ဘောင်တော်သမ္မန်တော်ဆွဲလှေ
ငင်လှေဝင်းခင်း နောက်တော်လိုက်အစောင့်အနေခန့်ထား စီရင်ရန်ရှိသည်
ကိုပြီးပြေအောင်စီရင်၊ လှော်ကားတော်ဇေရာခင်း မည်မှာ ဒသာဒမိမာသပွါး
10 November 1806
ဆဲသုဒ္ဓဒိန် ၅ရ၄ ပြိဿာရာသီ စန္ဒရမာသ ၅အသံ၊ နတ်တော်လဆန်း ၅ရက်နေ့က
စ၍ခင်းတော်မူမည်။

22 October 1806
သက္ကရာဇ်၁၁၆၈ခုတန်ဆောင်မုန်းလဆန်း ၁၂ရက်နေ့နံနက် ခရာဇ
နေ်ရထာဘွင်ပြန်။

(ရှေးဟောင်းသုတေသန)

23 October 1806

၄ ပေါက်တက်ကို ထောင်မှာအကျည်း ထား ၊ ၄ ပေါက်တက်၊ ၄ [illegible] ၊ ၄ ရွှေတူး တို့ ကိုအဆုံး စီရင်၊ ပန်းဘဲဝန်၊ နန်း ကံ ကျွေး ဝန်၊ ရဲ လှေ ဝန်တို့ကို ချမ်း သာ ပေး တော်မူသည်အကျည်း ကလွှတ်။

23 October 1806

(သက္ကရာဇ်) ၁၁၆၈ ခုတန် ဆောင်မုန်း လဆန်း ၁၃ ရက် နေ့ [illegible] ခံဘယ ကျော်ထင်ထွင်ပြန်။

(ရွှေ ဟောင်း သုတေသန)

မိုင်း တိတ်အမတ်ထမုံ တောင်ဝန်ယည်ကိုအရပ်ရပ်ဆိပ်တည်ပွဲကင်း ကူး တို့မှား က အကောက်အစား မရှိစေနှင့်၊ ရွှေဘဝါး တော်အောက်အကောက်တော်ကိုခံ၍ ဘောက်ကား ရောင်း ဝယ်စေ၊ သတိုး မင်း ခေါင်ကိုစလေမြို့ကိုသနား တော်ခံ စေမည်တွင်း သင်း တိုက်ဝန်မှာစလေမြို့အစား တော်သင့်ရာမြို့ရွာကိုသနား တော်ခံ စေမည်ဆက်သွင်း ချက်အတိုင်း သင့်ပြီ။

24 October 1806

သက္ကရာဇ် ၁၁၆၈ ခုတန် ဆောင်မုန်း လဆန်း ၁၄ ရက် နေ့နား ခံ စ မြောင် မှူး ထွင်ပြန်။

(ရှေး တောင်း သုတေသန)

မြဲဝတီမြို့တွင်စီး ပွါး တော်ဘဏ္ဍာ တော်မှု ကြောင့်မြဲဝတီမြို့ဝန်နှင့်စစ်ကဲနား ခံမြို့စာ ရေး ဒဂါး ခတ်နတ်ခွန်ခံကျွန်ရွာသူကြီး စာ ရေး လုလင်အမှုထမ်း ၆၀ သား တို့ကို ရွှေဘဝါး တော် အောက်အစစ်ား ကြောခံရမည်အ ခေါ်အချ ရောက်သည် အတွင်း အနေ ရောက်ကုလား တို့ ကျေး ရွာ မှာ ရှိ နေသူ ရနိုင် ငလက်ရုံး ဘွေ ငဝင်တုံ ငမြင် တော်လှုတို့နှင့်မြဲဝတီမြို့ ကျေး ရွာအတွင်း ရှိ နေသူ ကျွန် ရွာသူကြီး ဟောင်း ငဘသက်နှံ့တို့မငြိမ်မသက်ကူး သန်း စေပါရောက် ပေါက်သည့်အ မှုစစ် ကြောထွက်ဆိုချက်ရ ကြောင်း နှင့်မြဲဝတီမြို့ဝန်ကရှိခိုး သံတော်ဦး တင်သည် မှာအ ဝေး က ရောက်သည့်စကား ဖြစ်သည်၊ ရွှေဘဝါး တော် အောက်မြို့ဝန်ကိုအ ခေါ်ဆိုင်း ဂုဝ်စေသင့် သေး သည်မခေါ် စေနှင့်ဦး ။

25 October 1806

သက္ကရာဇ် ၁၁၆၈ ခုတန် ဆောင်မုန်း လဆန်း ၁၅ ရက် နေ့နား ငရာဇ နေဝ်ရထာတွင်ပြန်။

(ရွှေ့ ဟောင်း သုတေသန)

ဒိုင်း ဝန်မင်း ကျော်သီဟအုပ်စု ရွှေမြို့တော် နေငသာရဂ္ဂိုး သံတော်ဦး တင်
ချက်အတိုင်း ငသာရနှင့် လှေကြီး ၂၊ နေ့ထိုး လှေငယ် ၃ဝကို လှေထော်မျှား နည်း
သေနတ်ဓါး လှံတင် ဆောင် ရေခင်း ဝယ် စေ၊ ကင်း ခွန် ဈေး ငွေကိုကင်း တမ
ကောက်မခံ စေနှင့်၊ ရွှေဘဝါး တော် အောက်ဆိုင်ရာ ဝန်အကြီး စာရေး တို့ထံ
(သက္ကရာဇ် ၁၁) ၄၅ ခု စစ်တမ်း ထွက်အတိုင်း ပေး မြိန် ဆောင်ရွက် စေ၊ တနှစ် 1783
ကို ငသာရက သေနတ် ၃ ဖြဆက် စေ။

26 October 1806

သက္ကရာဇ် ၁၁၆၈ ခုတန် ဆောင်မုန်း လပြည့်ကျော် ၁ ရက် နေ့နံ ၁း ခံဘာ
ကျော်ထင်ထွင်ပြန်။

(ရှေး ဟောင်း သုတေသန)

ရတနာဆင်ဖြူတော်မကိုတင် ဆောင်ခဲ့ရင်း ဒေါင်ပိုး စား၍ ဆွေး မြည့်သည်
ကိုဖျက်သိမ်း ပြီး လျှင်ပျည်ကိုသင့်ရာသုံး စေ၊ သံကိုတိုက် တော်သို့သွင်း စေ၊ မိုးနဲ
ဗိုလ်မှူး မင်းကြီး နော်ရထာ သေလွန်သည်မှာလမိုင်း ဝန်မင်းကြီး နန္ဒကျော်
ထင် သေလွန်သည်တွင်သင်္ဂြိုဟ်သည့်နည်း သင်္ဂြိုဟ် စေ၊ မြင်း ဝန်မဟာမင်း ခေါင်ကို
မိုးနဲ ကြောင်း ချီဗိုလ်မှူး ခန့်၊ ရွှေမြို့တော် နေ ငကြာဥ၊ ငမြတ်သာတို့ရှိခိုး သံ
တော်ဦး တင်ချက်အတိုင်း ငကြာဥ၊ ငမြတ်သာတို့နှင့် နွေထိုး လှေငယ်၃၀ကို လှေ
တော်များ နည်း သေနတ်ဒါး လှံထင် ဆောင် ရောင်း ဝယ် စေ၊ ကင်း ခွန် ကြေး
ငွေကိုကင်း ကမကောက်မခံ စေနှင့်၊ ရွှေဘဝါး တော် အောက်ဆိုင်ရာဝန်အကြီး
ဓာရေး တို့ထံ (သက္ကရာဇ် ၁၁) ၄၅ ခု စစ်တမ်း ထွက်အတိုင်း ပေး ချိန် ဆောင် 1783
ရွက် စေ၊ တနှစ်ကိုငကြာဥ၊ ငမြတ်သာတို့က သေနတ် ၃၀ဆက် စေ။

သက္ကရာဇ် ၁၁၆၈ ခုတန် ဆောင်မုန်း လပြည့် ကျော် ၂ရက် နေ့နံနက် ခံစ 27 October 1806
မြောင်များ တွင်ပြန်။
(ရှေး ဟောင်း သုတေသန)

အလှူတော်ကြီး တွင်မင်း ညီမင်း သား မှူး တော်မတ် တော်ရပ်စုကွက်စုတလုပ်
ဆောင်သည့်အလှူများ ကိုပြီး ပြေ အောင်လုပ် ဆောင်၍လှူဒါန်း ကြ စေ၊ မင်း ညီ
မင်း သား တို့အလှူပြီး မှအလှူတော်ကိုလှူတော်မူမည်၊ ကျောက် စေတီ တော်ပဌမ
ပစ္စယသယ်ယူ၍ပြီး လျှင်ဆင်ဖြူတော်တန် ဆောင်း အရှေ့လက်ျာဘက်ကတန် ဆောင်း
ဆောက်လုပ်၍ မင်္ဂလာစည် တော်ကိုထား စေ။

28 October 1806

သက္ကရာဇ် ၁၁၆၈ ခုတန် ဆောင်မုန်း လပြည့် ကျော် ၃ ရက် နေ့နား ခံရာဇ
နေဘ်ရထားတွင်ပြန်။

(ရှေး ဟောင်း သုတေသန)

ရွှေမြို့တော်စည် တော်ရုံရှိစည် တော်ကြီး ကိုမင်း ထွန်း သို့ဆောင်ယူစေ။

29 October 1806

သက္ကရာဇ် ၁၁၆၈ ခုတန် ဆောင်မုန်း လပြည့်ကျော် ၄ ရက် နေ့နား ခံဘယ ကျော်ထင်တွင်ပြန်။

(ရှေး ဟောင်း သုတေသန)

ရဲ လှေတော်ကြီး မှာ ဝမ်း ကြမ်း ကောင်း မှန် အောင်ခင်း စေ၊ မြို့နန်း တော် မှာအနေ ဝက်ဝန်း ကျင်အတွင်း တံခါး တောင်ဘက်ကဖြစ် စေ မြောက်ဘက်ကဖြစ် စေ တော်သင့်ရာတွင် မြောက်နန်း တော် နေရန်အိမ်ကို မြောက်နန်း တော်ဝန် ကအလျှင်ပြီး အောင် ဆောက်လုပ် စေ၊ ရတနာဆင်ဖြူတော်ကို ပုဂံ ရောက်ကြို တော် မူမည်၊ ပုဂံမြို့မှ စ၍လမ်း တ လျှောက်တွန်း ထောက်နန်း တော်များ ကိုအမိန့်တော် ရင်း အတိုင်း ဆောင်ရွက် စေ၊ ပြာသာဒ်ဝန်း ကျင် သွေး သောက်ကြီး အမှုထမ်း တစုတို့ လျှောက်ချက်ကို ထောက်၍ ၁၅၀ထမ်း ရင်း လူတို့နှင့်သား မြေး တို့ကို ၁၅၀ သွေး သောက်ကြီး တို့ကစာရင်း တင် စေ၊ ကျေး ရွာသူကြီး တို့နှင့်တိုက်ဆိုင်စစ်မေး ၍ ၁၅၀ထမ်း ရင်း လူသား မြေး မှန်သူတို့ကို ၁၅၀မှာထမ်း စေ၊ စာရင်း ကို လည်း သွင်း ၊ ဆင်ဖြူတော်ကြို ရွှေစက် တော်မြတ်ဖြန့် တော်မူရာအိမ် ရွှေမင်း ၊ စ ကိုင်း မင်း ဆင်စုနှင့်သား တော် မြေး တော်တို့မှာ ရှိသမျှဆင်စုကိုတစီး မကျန် ကုန်း ကြောင်း ကအကြီး အအုပ်နှင့် နေဘက် တော်သို့လိုက် စေ၊ အောက်မား ထနက် ပလာဆင် တော်များ ကိုလည်း နေဘက် တော်လိုက် စေ၊ မြောက်နန်း တော်ကိုအိမ် ဆောက်၍ပြီး လျှင်အိမ် ရွှေမင်း လာ၍ယူလှာ စေ၊ ရမ္မာဝတီမြို့မှာ ရာဇသူရ ကျော် ကိုစစ်ကဲအရာတနှုတ်၊ လည်မှာသံကြိုး တပ်၍ယူ စေ။

30 October . 1806

သက္ကရာဇ် ၁၁၆၈ ခုတန် ဆောင်မုန်း လပြည့်ကျော် ၅ရက် နေ့နား ခစ မြောင်မှူး တွင်ပြန်။

(ရှေး ဟောင်း သုတေသန)

လွှတ်တော်တွင်နား ခံ၁ နေရာလပ်သည်မှာ ငပါကိုနား ခံခန့်မည်သွင်း ချက်အတိုင်း သင့်ပြီ၊ ပုဂံမင်း ကိုပုဂံမြို့သို့အလျင်စုန်နှင့်စေ၊ နန်း တော် သွေး သောက်ကြီး အကြပ်များ ကိုလည်း ပုဂံမင်း နှင့်အတူလိုက်၍ ပုဂံမင်း သင့်ဆိုရာ ဆောက်လုပ်စေ၊ ဆင်ဖြူတော်ကြီး ရွှေစက် တော်ပြန့် တော်မူလျှင်ပုခန်း မင်း ဗိုး မိတ်မင်း တို့ကိုမင်း ကွန်း တွင် စောင့်နေ စေ၊ ထော်လျှင်ကျွန်း မှာဆင်ဖြူကို အောက်ငင် ကြော့ဘမ်း ရမည်ခန့်ထား သွား စေသည့် အောက်မား ထနက်ပလာဆင် တော်များ ကို ရွှေဘဝါး တော် အောက် ခေါ် စေ၊ ရောက်လျှင်ပုပ္ပါး ဆင်ဖြူတော်ကို အောက်ငင် ကြော့ဘမ်း စေ၊ ရွှေပန်း တန် လှေ တော်ပဲ့နင်း ငနတ် ပေး နှင့် လှေ ထော်ကို ရွှေဘဝါး တော် အောက်အလျင် ရောက် အောင် ခေါ် စေ၊ ပုသိမ်မြို့ဝန်သီရိ ကျော်သူကိုလည်း ခေါ် စေ၊ ရောက်လျှင်နှစ်ဦး ကိုစစ် ကြော၍သွင်း၊ ငမြာကြီး ရွာစား တဇင် ယော်ဝန်ကျွန်း ကိုသနား တော်ခံပါရမည့်အကြောင်း နှင့်ဖိုခိုး ဆံ တော်ဦး တင်သည်မှာ ငမြာ ရွာသား ၊ မြောင်ရွာသား တို့နှစ်ဦး ငြိုဆိုကြ၍လုပ်ရိုး စွဲဖြစ်သည်၊ မလုမဆိုကြ စေနှင့်၊ အရာ တော် မြေစွန်း ဖြစ်သည်၊ လွှတ် တော်ကစီရင်ချက်နှင့်ဖြစ်သည်၊ စီရင်ချက်ဝင်ကျွန်း မြေများ ကိုအရာ တော် မြေစွန်း ဖြစ်စေ ။

31 October 1806

သက္ကရာဇ် ၁၁၆၈ ခုတန် ဆောင်မုန်း လပြည့်ကျော် ၆ ရက် နေ့နား ခရာဇ နော်ရထာတွင်ပြန် ။

(ရှေးဟောင်းသုတေသန)

ရဲ လှေကြီး မှာ ဝမ်း ကြမ်း ပြီး လျှင်သေမှုစည့်အိုး ကိုအုပ်သည့်စည့်အင်နှင့်တကွဦး က ဘင် စေ၊ သိန္နီ စော်ဘွား ကရှိခိုး သံ တော်ဦး တင်ချက်ကိုဆက်သွင်း သည့်အတိုင်း သိန္နီစီရင်စုကူး ဆိပ်ထား ကင်း မှား မှာသံလွင်အရှေ့ဘက်သို့ရှမ်း တရုပ်မြန်မာ ကုန်သည်တို့ သေနတ်လက်နက်ကိုမ ဆောင်မယူမကူး မသွား စေနှင့်၊ သိန္နီ စော်ဘွား ကစစ် ကြောမြစစ် ကြော စေ၊ သိန္နီစစ်ကဲလက်ဝဲစနွှဲသူကိုသနား တော်မူရင်း ယင်း ခဲဆင်ကိုသိန္နီ စော်ဘွား ကိုသနား တော်မူသည်၊ ကျော်ထင်သူရညီငထွန်း ဝ၊ ငပသိတို့ရှိခိုး သံ တော်ဦး တင်ချက်အတိုင်း ကျော်ထင်သူရညီငထွန်း ဝ၊ ငပထိတို့ နှင့် လှေကြီး ၁၀၊ နွှေထိုး လှေငယ်၄၀ကို လှေ တော်မှား နည်း သေနတ်ခါး လှံတင် ဆောင် ရေခင်း ဝယ် စေ၊ ကင်း နွှန် ကြေး ငွေကိုကင်း က မ ကောက်မခံ စေနှင့်၊
1783
ရွှေဘဝါး တော် အောက်ဆိုင်ရာဝန်အကြီး စာ ရေး တို့ထံ (သက္ကရာဇ်၁၁) ၄၅ခု စစ်ဘမ်း ထွက်အတိုင်း ပေး ချိန် ဆောင်ရွက် စေ၊ တနှစ်ကို ကျော်ထင်သူရညီငထွန်း ဝ၊ ငပသိတို့က သေနတ်ရဝဆက် စေ၊ ဂုဝ စုကံ ကျွေး ဘွဲ့ တော်မူရာတင်း တိမ်ရုံအစု ကပါသည်မှာလူရှိနှင့်ထွက် တော်မူလျှင် နောက် တော်လိုက်အ စေအသုံး အ တော်အသင့်
1783
ဖြစ်သည်၊ တင်း တိမ်ရုံ စုဖြည့်ဘွဲ့ရင်း ကသည်း ၁ရကို (သက္ကရာဇ်၁၁) ၄၅ခုစာ ရင်း အတိုင်း ထမ်း ရွက်မြဲထမ်း ရွက် စေမည်ဆက်သွင်း ချက်အတိုင်း သင့်ပြီ။

1 November 1806
သက္ကရာဇ်၁၁၆၈ခုတန် ဆောင်မုန်း လပြည့် ကျော်၇ရက် နေ့နာ ခံဘယ ကျော်ထင်တွင်ပြန်။

(ရွှေ ဟောင်း သုတေသန)

ရွှေဘဝါး တော် အောက်တွင်လုပ် ဆောင်သည့် သေနတ်ကိုအတွင်း တော်လုပ်ပန်း ဘဲပညာ ကျော်ထင်၊ ပညာဇလ ကျော်တို့က ဒေါင်း ရုပ်တံဆိပ်ခပ်သည့် မှာတံဆိပ် ခပ်ခ သေနတ်တလက်လျှင် ငွေဘဲ စီ ပေး ၄၀။

2 November 1806

သက္ကရာဇ် ၁၁၆၈ ခုတန် ဆောင်မုန်း လပြည့် ကျော် ၈ ရက် နေ့ နား ခံစ မြောင်မှူး တွင်ပြန်။

(ရှေး ဟောင်း သုတေသန)

ဆင်ဖြူတော်ကြီးရွှေစက်တော်ဖြန့်တော်မူရာပခန်းမင်းသားကိုနောက်တော်
လိုက်စေ၊ မိုးမိတ်မင်းသားကိုမင်းကွန်းတွင်စောင့်နေစေ၊ ငန်တော်တင်
ဆောင်ရန်ဝန်လှေကျည်းလု ဆောင်လှနှင့်ခန့်ထား၍အသင့်ရှိစေ၊ မှူး ဒေါ်
မတ်တော်တို့နေရာဝါရင်း မညီမညွတ်မမှန်မကန်ဖြစ်သည့်နေရာငါးသွယ်စါ
ရင်းကိုသိမ်း၊ ယခုပုံတော်နေ့ရက်သို့လိုက်၍ဆရာတော်တို့ဥပုသ်ပြုကြသည်မှာဘိကျွ
နီဝိဘင်း ပါဠိတော်တွင်နေကိုအစွဲပြု၍ဆွမ်းစားခြင်းကိစ္စကိုပိုင်းခြားသည်ဟု
လာသည်များကိုထောက်၍ဆင်ခြင်ရန်ရှိသေးသည်၊ ဥပုသ်မပြုသင့်ကြသေးဟုထင်
တော်မှီသည်ဆရာတော်တို့ကိုလျှောက်စေ၊ ရမ္မာဝတီမြို့မှာငအောင်ကိုအကောက်
ဝန်အရာကနှုတ်၊ ဒေါနကိုအကောက်ဝန်ခန့်။

3 November. 1806

သက္ကရာဇ် ၁၁၆၈ ခုတန်ဆောင်မုန်းလပြည့်ကျော် ၉ ရက်နေ့ ၁း ခဘယ
နေ်ရထာတွင်ပြန်။

(ရွှေဟောင်းသုတေသန)

ရဲ လှေ တော်ကြီး မှာသံအိုး ကင်း အချပ် ၃ဝ တင်၍ စကိုင်း သို့ယခု နေ့စုန်သွား ပို့
စေ၊ စကိုင်း သို့ရောက်လျှင်အင်္ဂတေသံအိုး ကင်း များ ကိုစည်သူ ကျော် စွာသို့အပ်၍
အင်္ဂတေကိုနန်း တော်မှာထား စေ၊ ရဲ လှေ တော်ကြီး ကိုမင်း ကွန်း သို့ပြန်လာ
စေ။ ဆရာ တော်တို့ကိုယခု နေ့မင်း ကွန်း သို့ရောက် အောင်ပင့် စေ၊ ဆင်ဖြူ
တော်ကြီးထွက် တော်မူသည့်အခိုက် ပုသိမ်မင်း ကို ရွှေမြို့ တော်သို့ ဝင် နေ စေ၊ ဘုန်း ကြီး
ဝရဇိန်ကိုလည်း လိုက် စေ၊ င ပြေ၊ င မှတ်၊ ရဲလှ ကျော် ခေါင်တို့ရှိနိုး သံ တော်ဦး တင်
ချက်အတိုင်း င ပြေနှင့် နေ့ထိုး လှေငယ် ၂၅၊ င မှတ်နှင့် နေ့ထိုး လှေငယ် ၂၅၊ ရဲလှ
ကျော် ခေါင်နှင့် လှေကြီး ၂၊ နေ့ထိုး လှေငယ် ၃ဝ ကို လှေ တော် များ နည်း သေနတ်
ဓါး လှံတင် ဆောင် ရောင်း ဝယ် စေ၊ ကင်း ခွန် ကြေး ငွေကိုကင်း ကမ တောက်မ
ခံ စေနှင့်၊ ရွှေဘဝါး တော် အောက်ဆိုင်ရာ ဝန်အကြီး စာ ရေး တို့ထံ (သက္ကရာဇ် 1783
၁၁) ၄၅ ခုစစ်တမ်း တွက်အတိုင်း ပေး ချိန် ဆောင် ရွက် စေ၊ တနှစ်ကို င ပြေက
သေနတ် ၂၅၊ င မှတ်က သေနတ် ၂၅၊ ရဲလှ ကျော် ခေါင်က သေနတ် ၃ဝ ဆက် စေ၊ တောင်
ငူ ဝန် ဟောင်း အိမ်၊ တွင်း သင်း ဝန် ဟောင်း အိမ်လပ်သည်မှာ တောင်ငူ ဝန်
ဟောင်း နေမျိုး ရာဇာသင်္ကြန်အိမ်ကိုသံချက်ဝန် ရွှေ တောင်လှစည်သူ၊ တွင်း သင်း
ဟောင်း မဟာဥဇ္ဇနသင်္ကြန်အိမ်ကိုအမြောက်ဝန် ရွှေ တောင်သီရိ ကျော်တို့ကိုသနား
တော်ခံ စေ မည်ဆက်သွင်း ချက်အတိုင်း သင့်ပြီ။

4 November 1806

သက္ကရာဇ် ၁၁၆၈ ခုတန် ဆောင်မုန်း လပြည့်ကျော် ၁ဝ ရက် နေ့နား ခံဘယ
ကျော်ထင်တွင်ပြန်။

(ရှေး ဟောင်း သုတေသန)

မြို့လပ်ဝန်နေရိုး နန္ဒမိတ်ကိုမင်းကွန်း တွင်အစောင့်အနေခန့်ထားသည့် သေ
နတ်များကိုယ်နှိုင်းအုပ်၍ နန်းတော်ကစောင့်နေရစ်စေ၊ ရွှေပန်းထိမ်လှေ
တော်ဦး ပေါင်းအဆောင်တော်ထီးဖြူတော်များကိုမြင်းရထားတော်နှင့်
အတူတင်ဆောင်ခဲ့စေ၊ ဆင်တပ်ကိုအဝမြို့ကသည် အောက်မြစ်နားသို့ လျှောက်၍မြက်
ရေပေါ်များရှိချုံရစ် နေနှင့်စေ၊ ဆင်ဖြူတော်ကိုတွေ့သည့်ကာလ တောကပန်းပွင့်
ပန်းခက်များကိုဆွတ်ယူခဲ့၍ဆင်ဖြူတော်ကိုပူဇော်ကြစေ၊ ဗဒ္ဒုံမြို့မှာ မဟာဇေယ
ဗိုလ်သား သမန်ရွှေတောင်ကိုဗဒ္ဒုံမြို့သူကြီးအရာနှင့်မင်္ဂလာသေနတ်ဗိုလ်ခန့်ထား
၍အဘမဟာဇေယျဗိုလ်နည်း ရွှေဘဝါး တော်အောက်အမှုတော်ကိုနေ့ညစောင့်နေ
ထမ်းရွက်စေမည်သွင်း ချက်အတိုင်းသင့်ပြီ၊ စား တော်ကဲတို့က မတဲပွဲသို့သီပေါမြို့က
ကျရောက်သည့်ရှမ်းကုန်သည်တို့ကို ရွှေတိုက်ဝန်ကကျွန်းတော်ရင်း ပွဲမှာ ရောင်းဝယ်
ရမည့်သိမ်း ခေါ်သွား ကြောင်းနှင့်ရှိခိုး သံတော်ဦး တင်သည်မှာအရောင်း
အဝယ်ကုန်သည်တို့ကို ပျော်ပိုက်ရာ ရောင်း ဝယ်စေမှငြိမ်ဝပ်ကြမည်ဖြစ်သည်၊ မတဲ
မှာ ရောင်း လိုသူတို့ကိုလည်း မတဲပွဲမှာ ရောင်း ဝယ်စေ၊ ကျွန်း တော်ရင်း မှာ
ရောင်း ဝယ်လိုသူတို့ကိုလည်း ကျွန်း တော်ရင်း ပွဲမှာ ရောင်း ဝယ်စေ၊ ယခုသီ
ပေါမြို့က ရောက်သည့်ကုန်သည်တို့ကိုလည်း ပျော်ပိုက်ရာပွဲမှာ ရောင်း ဝယ်စေ၊ ရဲ
လှကျော်ခေါင်၊ ငထွေး၊ ငမင်း ရာတို့ကအမိန့်တော်နှင့်ရဲလှကျော်ခေါင်နှင့်လှေ
ကြီး ၁၀၊ နှေထိုး လှေငယ် ၆၀၊ ငထွေး နှင့်လှေကြီး ၅၊ နှေထိုး လှေငယ် ၁၅၀၊
ငမင်း ရာနှင့်လှေကြီး ၁၈၊ နှေထိုး လှေငယ် ၁၃၇၊ ဘောက်ကား ရောင်း ဝယ်
ပါသည်၊ ဆက်စုသင့်သေနတ်ကိုလည်းဆက်သွင်း ပြေပါသည်၊ နောက်ကိုဆက်လက်၍ မသွား
မလာမရောင်း မဝယ်နိုင်ပါ၊ ရဲလှကျော်ခေါင်ကစာချွန် ၇၀ အနက် ရေပြွမ်း ရာ
၁၂၊ မီး လောင်ရာ ၆၊ ငထွေး ကစာချွန် ၁၅၅ အနက် ရေပြွမ်း ရာ ၂၃၊ မီး
လောင်ရာ ၁၆၊ ငမင်း ရာကစာချွန် ၁၅၅ အနက် ရေပြွမ်း ရာ ၂၇၊ မီး လောင်
ရာ ၂၄ ပါပါသည်၊ ကျန်စာချွန်ကိုဆက်သွင်း ပါရမည့်အကြောင်း နှင့်ရှိခိုး သံတော်
ဦး တင်ချက်အတိုင်း သွင်း စေ၊ နောက်သေနတ်ဆက်ကိုလွှတ်စေ။

6 November 1806

သက္ကရာဇ် ၁၁၆၈ ခုတန်ဆောင်မုန်း လပြည့်ကျော် ၁၂ ရက် နေ့နား ခံစ
မြောင်မှူး တွင်ပြန်။

(ရှေး ဟောင်း သုတေသန)

မြန်မာသံခံငပသိကို တောင်ဘက်ဟိုက် ရေခါး ငါး ဗင်ဂိုင်း ဌာလပ်သည်ကိုသနား တော်ခံစေမည်ဆက်သွင်း ချက်အတိုင်း သင့်ပြီ၊ ဘောင်ငုမြို့ဝန်နေမျိုး ဇေယ နော်ရထာက ရွှေစက်တော် စုံကိုအဘူး အမှော် ရွှေဘဝါး တော်အောက်လာ ရောက် ပါရမည့်အကြောင်း နှင့် လျှောက်ချက်ဆက်သွင်း ချက်အတိုင်း လာစေ။

7 November 1806

သဏ္ဍာရာဇ် ၁၁၆၈ ခုတန် ဆောင်မုန်း လပြည့်ကျော် ၁ ရက် နေ့မင်းကျွန်း နန်း တော်အနောက် တောင် တော်ဆိပ်မှာနား ခံရာဇ နော်ရထာတွင်ပြန်။

(ရှေးဟောင်း သုတေသန)

မှန်စီ ဘောင်တော်မှာ လှေသင်း ကဆွဲ လှေ လေး စင်း နှင့် ကျောက်မျက်သား စီ ယောက်သွား စီ လှေ ဝန်ဘိုသား စီးကျေး သဏ္ဍာ လှေ ခြောက်စင်း ဆွဲစေ၊ ပြည်ကြီး မှန်ဘောင်တော်မှာ လှေသင်း ကဆွဲ လှေ လေး စင်း နှင့် ပျော်ဘွယ်သား စီး လှေ ၁၅၀ သား စီး လှေ ခြောက်စင်း ဆွဲစေ၊ မြစ်စည်မြို့ ကျေး ရွာများ မှာ တက်ကြီး ထိုး ဝါး မှစ၍ အသေး သုံး များ ကိုအခန့်အယား မရှိစေနှင့်၊ အသုံး တော် လိုလျှင် ငွေ တော်နှင့် ဝယ်ချမ်း သုံး ဆောင်စေ၊ အဆောင်တော်မြို့ ငမင်း ရာ ရှိနိုး သံတော်ဦး တင်ချက်အတိုင်း ငမင်း ရာ နှင့် လှေကြီး ၂၊ နွေထိုး လှေငယ် ၂၃ ကို လှေ တော်များ နည်း သေနတ်ဓါး လှံတင် ဆောင် ရောင်း ဝယ် စေ၊ ကင်း ခွန်ကြေး ငွေကိုကင်း က မ ကောက်မခံ စေနှင့်၊ ရွှေဘဝါး တော် အောက်ဆိုင်ရာ ဝန်အကြီး စာ ရေး တို့ထံ (သက္ကရာဇ် ၁၁) ၄၅ ခုစစ်တမ်း ထွက်အတိုင်း ပေး ချိန် ဆောင် 1783 ရွက် စေ၊ တနှစ်ကို ငမင်း ရာက သေနတ် ၂၉ ဆက် စေ၊ ငရန်ကင်း ၊ ငမြတ်ပုံတို့က ငရန်ကင်း မှာ လှေကြီး ၁၀၊ လှေငယ် ၁၀၊ ငမြတ်ပုံ မှာ လှေငယ် ၁၀၀၊ အမိန့် ဘော် နှင့် ဘောက်ကား ရောင်း ဝယ်ပါသည်၊ ဆက်စုသင့် သေနတ်ကိုလည်း ဆက်သွင်း ပြေပါသည်၊ နောက်ကိုဆက်လက်၍ မသွား မလာ မ ရောင်း မဝယ်နိုင်ပါ၊ ငရန်ကင်း က စာချွန် ၂၀ အနက် ရေမြှမ်း ရာ ၄၊ ငမြတ်ပုံက စာချွန် ၁၀၀ အနက် ရေမြှမ်း ရာ ၂၀၊ မီး လောင်ရာ ၂၀ ပါပါသည်၊ ကုန် စာချွန်များ ကိုဆက်သွင်း ပါရမည့်အကြောင်း နှင့် ရှိနိုး သံတော်ဦး တင်ချက်အတိုင်း သွင်း ၃၀၊ နောက် သေနတ်ဆက် လွှတ် စေ။

(သက္ကရာဇ်) ၁၁၆၈ ခုတန်ဆောင်မုန်း လပြည့်ကျော် ၄ ရက် 8 November 1806 နေ့ မင်းထွန်း နန်း တော်အ နောက် ဘောင် တော်ဆိပ်မှာနား ခံဘယ ကျော်ထင်ထွင်ပြန်။
(ရှေး ဟောင်း သုတေသန)

ဆောင် တော်ဆိုက်လျှင်ပြည်မင်း ၊ တောင်ငူမင်း ၊ ပုခန်း မင်း တို့ကိုလွှတ်သို့
တက်၍ဆင့်ဆိုစီရင်မြဲစီရင်စေ၊ အောင်မြေ လောကဘုရား မှာ ကျောက်ဖြူအ
စုသား လူ ၄၀ ကိုလုပ်စေ၊ ကျောက်ညိုအစုသား လူ ၂၀ မှာ မဝ်း ကွန်း တွင်လုပ်စေ၊
အောင်မြေ လောကဘုရား လုပ်ကံ ကျွေး မှာလည်း ကောင်း မှုတော်ကြီး ကျွန်သီး
တော် အောင်မြေ လောကကျွန်သီး တော်တို့ကို လောက် အောင်ဝန်း ထား ပေး အပ်
လုပ်စေ၊ ရေတပ်ကြည်း တပ် နောက် တော်တွင်ပါသမျှစာရင်း ကျလူ ၈၁၃၁ လူတို့ကို
တကိုယ်လျှင် ငွေ တော် ၂ကျ ငွေသင့် ၄၀၆၃၂ ကျပ် လွှတ် တော်သို့ ပေး အပ်၍ စေ့ငု အောင်
ပေး ဝေ စေ၊ ရွှေမြို့တော်စက်ရှင်ရပ် နေ င တော်ရင့် ခိုး သံ တော်ဦး တင်ချက်
အတိုင်း င တော်ရနှင့် နွေ့ထိုး လှေငယ် ၅၀ ကို လှေ တော်များ နည်း သေနတ်ဓါး လှံ
တင် ဆောင် ရောင်း ဝယ် စေ၊ ကင်း ခွန် ကြေး ငွေကိုကင်း ကမ ကောက်မခံ စေ
နှင့်၊ ရွှေသဝါး တော် အောက်ဆိုင်ရာဝန်အကြီး စာ ရေး တို့ထံ (သက္ကရာဇ် ၁၁ 1783
၄၅ ခုစစ်ပဟမ်း ထွက်အတိုင်း ပေး ချိန် ဆောင်ရွက် စေ၊ တနှစ်ကို င တော်ရက
သေနတ် ၅၀ ဆက် စေ။

9 November 1806

သက္ကရာဇ် ၁၁၆၈ ခုတန် ဆောင်မုန်း လပြည့်ကျော် ၁၅ ရက် နေ့စကိုင်း နန်း
တော်မှာနား ခံဘယ ကျော်တင်တွင်ပြန်။
(ရှေး ဟောင်း သုတေသန)

10 November 1806

ပုဂံရောက် ရွှေစက်တော်ဖြန့်တော်မူမည်၊ မြစ်စဉ်ရေကြောင်းလမ်းမှာ စည်းတိမ်သောင်တိမ်ကျောက်ဆောင်ကျောက်တန်းရှိသည်များကို မြို့ရွာသူကြီး ပယ်ရှင်နယ်ရှင်တို့က ပန်းထိုးပြမှတ်စေ၊ ရွှေစက်တော်ဖြန့်တော်မူသည့်ကာလ လည်း နယ်ရှင်သူကြီးတို့က မှန်စီဘောင်တော်ရှေ့တွင် လှေငယ်နှင့်ပြသွားစေ။

10 November 1806

သက္ကရာဇ် ၁၁၆၈ ခုနှစ် တော်လဆန်း ၁ ရက်နေ့ စကိုင်းနန်းတော်မှာ နားခံဘယကျော်ထင်တွင်ပြန်။

(ရှေးဟောင်းသုတေသန)

11 November 1806

12 November 1806

သက္ကရာဇ် ၁၁၆၈ ခုနတ်တော်လဆန်း ၃ ရက် နေ့စကိုင်း မြို့ကင်း ဗွန်နန်း တော်ရောက် ရွှေစက်တော်ဖြန့်တော်မူမည်၊ ရှေ့တွန်း ထောက်စခန်း မှစ၍ ခန့်ထား စီရင်ရန်ရှိသည်ကိုပြီး ပြေအောင်စီရင်၊ ငွေ တော် ၅၉၃၄၂ ကို နော် တော်တွင်ပါသည့်မှူး တော်မတ် တော်တို့ကိုစကိုင်း မင်း တ ဝေ စေ၊ အောင်မြေ လောကဘုရား ရှင်ကျွန်သီး တော်တို့မှာဘုရား လေး မျက်နှာတွင်အိပ်ဘန်ညည့် သုံး ယံ စောင့်စေ၊ တယ်တယ်လျှင်လည်း ကျောက်ကိုထုတ်နှင့် ဆောင့်၍အသံပေး စေ၊ လက်ထုပ်သို့ရောက်လျှင် အောက်မား တော်များ ကိုပုပ္ပါး ဆင် တော်ရှိရာသွား စေ၊

12 November 1806

သက္ကရာဇ် ၁၁၆၈ ခုနတ်တော်လဆန်း ၃ ရက် နေ့ထွက် တော်မူမည်အခန့် တော်ပါသည် မှာ ရှေ့တွန်း ထောက်နန်း တော်မပြီး မပြေ သေး ဖြစ်သည်၊ ပြီး ပြေမှ ရွှေစက် တော်ဖြန့်တော်မူမည်၊ ကိုဝန်မင်း ကျော် ရွှေ တောင်မှာ မဏ္ဍရာ အောင်ပင် လယ်ဆည် မြောင်း လယ်ယာ မှုနှင့်ဖြစ်သည် နေရစ် စေ။

11 November 1806

သက္ကရာဇ် ၁၁၆၈ ခုနတ်တော်လဆန်း ၂ ရက် နေ့စကိုင်း နန်း တော်မှာ နား ခံရာဇ နော်ရထာတွင်ပြန်။

(ရွှေ တောင်း သုတေသန)

ဥရုမင်း နတ်ကိုကန္တား နှင့်ပသစေ၊ ပုပ္ပါး မဟာဂိရိမှစ၍ ဥရုမင်း နတ်တို့ကို ပုပ္ပါး ဆင်ဖြူတော်ကိုမည်သည့်အကြောင်း နှင့်မဆက်မသနေသည်ကို မေး ၊ မဆက် မသနေလျှင်ရာဇဝတ် တော်ခံကြရမည်အမိန့်တော်ပြန်၊ မင်းညီနောင်နတ်ထိန်း ငထွန်း စံထွက်ဆိုချက်အတိုင်း တပယ်မြို့ မြောရွာ ညည်ရွာ ပလင်ရွာနေလူကြီး သိမ့်သူတို့ကို မေး၍သွင်း ။

12 November 1806

သက္ကရာဇ် ၁၁၆၈ ခုနတ်တော်လဆန်း ၃ ရက်နေ့စကိုင်း နန်း တော်မှာ နား ခံဘယ ကျော်ထင်တွင်ပြန်။

(ရှေး ဟောင်း သုတေသန)

ဟံသာဝတီမြို့ဝန် ရေဝန်အရာရှိတို့နှင့်အာမေရိကမြို့နေအာမေရိကလူမျိုး ကပ္ပိတံဒေဝည်တို့ရှိနိုး သံတော်ဦး တင်ချက်ကိုဆက်သွင်းသည်မှာ ကပ္ပိတံဒေဝည်သည်ဆိပ်တော်သို့ယခုတကြိမ်သာရောက်ဘူးသည်ဖြစ်သည်၊ ရန်ကုန်ဆိပ်တော်တွင်မရောင်း ဘင်္ဂလားမှာရောင်း ရန်ပါသည့်အရက်စည်လုံး ရေ ၆၃ အရက်သေတ္တာ ၂၀၅ သံချောင်း ၃၀ ဝကုန်ထုပ် ၂ ငွေဒင်္ဂါး ၃၁၅၅၀၀ များကိုချမ်းသာပေး တော်မူသည်အတော်တော်လွှတ်စေ၊ ကပ္ပိတံဒေဝည်ကို ရွှေမြို့တော်သို့သွား၍ မဟာမုနိဘုရား ရတနာဘုံကျော်ကျောင်း ဒေါ်မှစ၍ ကျောင်းဘုရားများကိုပြသကြည့်ရှုစေ၊ အိမ်ရှေ့အိမ်တော်လည်းဝင်စေ။

14 November 1806

သက္ကရာဇ် ၁၁၆၈ ခုနတ်တော်လဆန်း ၅ ရက်နေ့ငမြာကြီး နန်းတော်မှာ နားခံဘယကျော်ထင်တွင်ပြန်။

(ရှေးဟောင်းသုတေသန)

ငဘဲကြီး ကိုအကျည်း ယား ၊ ရွှေဂူမင်း သမီး နှင့်ပါသည့် ဘောင်ပန်း လှေတက် မျှား ကိုအကြီး စာ ရေး တို့နှင့်လုံချီ ကောင်း မွန် အောင် ဆောင်ကြည်ရှု နောက် တော်လိုက်လှာ စေ။

15 November 1806

သက္ကရာဇ် ၁၁၆၈ ခုနှစ် တော်လဆန်း ၆ရက် နေ့တဲ တော်ရာနန်း တော်မှာနား ခံဘယ ကျော်ယင်ထွင်ပြန်။

(ရှေး ဟောင်း သုတေသန)

ရတနာဆင်ဖြူတော်ပုဂံမြို့နန်း တော်ဆိပ်သို့ ရောက်လျှင်ပြည်သူပြည်သားတို့ကို မကြည့်မမြင်စေရ၊ ဆင်တော် ဘောင်ရှည်ကသည်တန်ဆောင်း တော်ရောက် လက်ဝဲလက်ျာလမ်းကို လျှောက်၍ ဝိတ်ဖြူကာရံစေ၊ တန်ဆောင်း တော်မှာလည်း ပတ်လည်ကိုတင်းတိမ်ကာရံစေ။

18 November 1806

သက္ကရာဇ် ၁၁၆၈ ခုနှစ် ဘော်လဆန်း ၉ ရက်နေ့ ပုဂံနန်း တော်မှာနား ခံရာဇနေ်ရထားတွင်ပြန်။

(ရှေး ဟောင်း သုတေသန)

လက်ထုပ် ကြောစည်သို့သွား ၍ဆင် တော်များ ကို ကျောင်း စား စေ၊ လမ်း တ၊ လျှောက် ညောင်ပင်၊ ထနောင်း ပင်များ ကိုလည်း ဆင်စာချိုင် စေ။

19 November 1806

သက္ကရာဇ် ၁၁၆၈ ခုနှစ် တော်လဆန်း ၁၀ ရက် နေ့ ပုဂံနန်း တော်မှာ နားခံဘယ ကျော်ထင်တွင်ပြန်။

(ရှေး ဟောင်း သုတေသန)

သဒ္ဒန်ဆင်ဖြူတော်ကို တွေ့မြင် ကြော့ဘမ်း ရင်း သူတို့ကိုအထိုက်အလိုက်အသနား တော်ခံစေရမည်၊ မည်သူ တွေ့မြင်ရင်း ဖြစ်သည်၊ မည်သူ ကြော့ဘမ်း ရင်း ဖြစ်သည်များ ကိုသိသာ အောင်စကိုင်း မင်း ပြည်မင်း တောင်ငူမင်း ပုဂံမင်း ပုခန်း မင်း တို့က စစ်ကြော၍ မည်သူ မည်သို့အသနား တော်ခံစေသင့်သည် စစ်ကြောထွက်ဆိုချက်များ နှင့်စာသွင်း ၊ ရွှေစည်း ခုံသုရား မှာ မှမ်း မံတော်မူရန် ရွှေဆိုင်း ကိုထမ်း လူ ဆောင်လူအကြီး အကြပ်စည် တော်စ ပြောင်ခန့်ထား ၍ ရွှေစည်း ခုံဘုရား ကို ကောင်း မွန် အောင်ပို့စေ၊ အကြပ်အမအ စောင့်အ နေတို့မှာအင်း စာရင်း နှင့် ပေး အပ်၍ မှမ်း မံစေ၊ ဟံသာဝတီမြို့အဝင်အခရိုန်မြို့တွင် တွေ့မြင် ကြောင်း နှင့်လက်ျာကျီစိုး ငပို ကရွှိုဦး သံတော်ဦး တင်သည့်ဆင်ဖြူတော်ကို ထော်လျှင်ကျွန်း သို့ခန့်ထား သွား စေသည့် အောက်မား ထနက်ပလာကတော်သင့် အောင်နွဲ ဝေ၍ကျီစိုး ငပိုနှင့်အတူ အောက်ငင် ကြော့ဘမ်း စေ၊ ဆင်ဖြူ
တော်ရှိသည့် တောမှာလည်း သေနတ် [ဆက်နှက်] ၂မပစ်မ ဘောက်စေနှင့်၊ ငအိတ်က (သက္က 1802
ရာဇ်၁၁) ၆၄ခုနှစ် လျှော်ကြီး ၂၊ ငွေထိုး လျှော်ငယ်၁၀၊ (သက္ကရာဇ်၁၁) ၆၅ခု 1803
နှစ် လျှော်ကြီး ၂၊ ငွေထိုး လျှော်ငယ်၁၀၊ (သက္ကရာဇ်၁၁) ၆၆ခုနှစ် ငွေထိုး လျှော် 1804
ငယ်၂၅စုစု လျှော်၄၉အမိန့် တော်ထွက်နှင့် ဘောက်ကား ရောင်း ဝယ်ပါသည်၊ ဆက်စုသင့် သေနတ်ကိုလည်း ဆက်သွင်း ပြေကုန်ပါသည်၊ နောက်ကိုဆက်လက်၍ မသွား မလါ မရောင်း မဝယ်နိုင်ပါ၊ အမိန့် တော်ထွက်စာချွန်၄၉အနက် ရေပြွမ်း ရာ၄ စေါင်ပါပါသည်၊ ကျန်စာချွန်၄၅ကိုဆက်သွင်း ပါရမည့်အ ကြောင်း နှင့်ရှိုဦး သံတော်ဦး တင်ချက်အတိုင်း ဆက်သွင်း စေ၊ နောက် သေနတ်ဆက်ကိုလွှတ် စေ။

20 November 1806

သက္ကရာဇ်၁၁၆၈ခုနှစ် တော်လဆန်း ၁၁ရက် နေ့နံ ခရာဇ နေ၁ဝ်ရ ထာတွင်ပြန်။

(ရှေး ဟောင်း သုတေသန)

မင်းအိုချမ်း သာဘုရားကို ရွှေမှန်း မံတော်မူမည်၊ ပုဂံမင်း ကငြမ်း လုပ်စေ၊ မင်းကွန်းနန်း တော်ဆင်ဖြူတော်တန်ဆောင်း မှာ မှိုတုံး လက်ရပ်မြင့်သည်၊ ရန်ကုန်မြို့ကဆင်ဖြူတော်တင် ဆောင်ခဲ့သည့်တန်ဆောင်း မှာ မှိုတုံး လက်ရပ်အတိုင်း ပြင်၍လုပ်စေ၊ ဆင်ဖြူတော်နှင့်အတူပါသည့်ဟံသာဝတီဆင်မှူး နာဂလှ ငအိတ် ငနွတ်တို့ကို ဟံသာဝတီသို့ပြန်၍အခရိန်ဆင်ဖြူတော်ကို ကြွော့ဘမ်း စေ။

21 November 1806

သက္ကရာဇ် ၁၁၆၈ ခုနတ်တော်လဆန်း ၁၂ ရက်နေ့နံ ခရာဇ နေဒိရ ထာတွင်ပြန်။

(ရွှေး ဟောင်း သုတေသန)

25 November 1806

သက္ကရာဇ် ၁၁၆၈ ခုနတ်တော်လပြည့်ကျော် ၁ ရက်နေ့ ပုဂံမြို့က ရွှေပြည်တော်သို့ ရွှေစက်တော်ဖြန့်တော်မူမည်၊ ဆွဲလှေငင်လှေကြီး တပ်ရေတပ်ဆင့်ဆိုစီရင်ရန်ရှိသည်များ ကိုဆင့်ဆိုစီရင်၍ သင့်ရှိစေ။

24 November 1806

သက္ကရာဇ် ၁၁၆၈ ခုနတ်တော်လဆန်း ၁၅ ရက်နေ့ ပုဂံနန်းတော်မှာ နားခံဘယ ကျော်ထင်ထွင်ပြန်။

(ရှေး ဟောင်း သုတေသန)

ဘောင်တော်အတင်အညီရှိလျှင်မျိုး တော်မတ်တော်တို့ရောက်ကြရမြဲဖြစ်သည်၊ ဘောင်တော်တင်သည့်ကာလမရောက်သည့်မျိုး မတ်တို့ကိုတား ကျက်၍တား ၊ ဘောင်တော်တင်သည့်ကာလမရောက်သည့်မျိုး မတ်တို့မှာတကြိမ်တခါဖြစ်၍ ချမ်းသာ မေးတော်မူသည်၊ နောင်လစ်ဟင်း ရလျှင်ရာဇဝတ်စီရင်မည်။

26 November 1806

သက္ကရာဇ် ၁၁၆၈ ခုနတ်တော်လပြည့်ကျော် ၁ ရက် နေ့လက်ပွန်းနန်း ဆောင်မှာနား ခံရာဇ နော်ရထာတွင်ပြန်။

(ရှေး ဟောင်း သုတေသန)

နောက်တော်တွင်ပါသည့်ထနက်ပလာဆင် တော်စုမင်း ညိမင်း သား တို့ဆင်စု များကိုဆင်ဝန် ထောက်ကိုအကြီး အကြပ်ခန့်၍အ ရှေ့တပြင် တော မှာရှိသည့်ဆင် များကိုလိုက်လံ ကြော့ဘမ်း စေ။

26 November 1806

သက္ကရာဇ် ၁၁၆၈ ခုနတ်တော်လပြည့်ကျော် ၂ ရက် နေ့ထွန်း ညိုနန်း တော် မှာနား ခံဘယ ကျော်ထင်တွင်ပြန်။

(ရှေး ဟောင်း သု တေသန)

မှန်စီ ဘောင် တော်ဆွဲ တောင်ယံ ရန်လင်း ဆွဲမနိုင် ပုံ့လွှား လှေ၄စင်း ထောင်ကဲတို့ကိုအဆုံး စီရင်၊ ကွန်း ရွှာကျွန်း တွင် ကြော့ဘမ်း သည့်နတ်သ ပြောင် မွန်ဆင် တော်ကိုမြှက် ရေဖြည့်တင်း ရပ်နား စေရမည်ဖြစ်သည်၊ တဲ တော်ရာနန်း တော်တွင်တရက်ဆိုင်း ရပ် တော်မူမည်၊ မှန်စီ ဘောင် တော်ဆွဲ လှေ၄စင်း ထောင် ကဲတို့ကိုချမ်း သာ ပေး တော်မူသည်အကျည်း ကလွှတ်။

30 November 1806

သက္ကရာဇ် ၁၁၆၈ ခုနတ် တော်လပြည့် ကျော် ၆ ရက် နေ့ညနား ခဘယ ကျော် ထင်တွင်ပြန်။

(ရွှေး ဟောင်း သုတေသန)

မြစ်ဆုံသို့ဝင်မိသည့်ခရို့စာရင်း ကျ လှေပြင်ကျန်သည့်မြစ်အ ရှေ့ဘက်အနောက်ဘက် လှေစုကို စေ့ငု အောင်ခရို့ချိုး မှတ်စေ၊ ဇေယ ကျော်သူကိုမညဝတီမြို့စစ်ကဲခန့်၊ အဘက်စစ်ကဲကိုလည်း သင့်ရာ ရွေး၍ခန့်၊ စစ်ကဲတို့ရောက်လျှင်မြို့ဝန်သီရိနန္ဒ ကျော်သူကို ရွှေဘဝါး တော်အောက်လာစေ။

1 December 1806

သက္ကရာဇ် ၁၁၆၈ ခုနတ်တော်လပြည့်ကျော်၇ရက် နေ့တဲ့ တော်ရာနန်း တော်မှာနား ခံရာဇနေဘ်ရထာတွင်ပြန်။

(ရွှေး ဟောင်း သုတေသန)

ပုဂံမင်း ကပုဂံမြို့နေငပို့နှင့် လှေကြီး ၁၀၊ နွေထိုး လှေငယ်၁၅ငို့မြစ်စဉ်ကင်း တော်များ ကကင်း ခွန်ကြေး ငွေစစ်ဝတ်ရေး စား ပန္နာလက် ဆောင်မတောင်း မခံစေရ၊ လှေတော်များ နည်း သေနတ်မါး လှံငင် ဆောင် ရောင်း ဝယ်၍တနှစ် ကို လှေကြီး တစင်း လျှင်ထန်း လျက်၁၅၀၀၊ နွေထိုး လှေငယ်တစင်း လျှင်ထန်း လျက် ၁၀၀၀၊ မင်း ကွန်း ပုထိုး တော်ကြီး ထန်း လျက်တိုက်မှာဆက်သွင်း ပါရမည့်အ ကြောင်း နှင့်ရှိနိုး သံတော်ဦး တင်ချက်အတိုင်း ဘောက်ကား ရောင်း ဝယ်စေ၊ မြစ်စဉ်ကင်း တော်များ ကကင်း ခွန်ကြေး ငွေစစ်ဝတ်ရေး စား ပန္နာလက် ဆောင်မတောင်း မခံစေနှင့်၊ ငပို့ကလည်း တနှစ်ကိုထန်း လျက်၃၀၀၀၀မင်း ကွန်း ပုထိုး တော်ကြီး ထန်း လျက်တိုက်မှာဆက်သွင်း စေ၊ ဝင်း တော် လေး မျက် နှာမှစ၍ စုသား ငန်း သား တို့ကိုအထက်ချ ပေး ရင်း မြေမှာယခုလက်ငှါစာရင်း တော် ပေး ဆက်သည့်လုရှိနှင့်တိုင်း တာချ ပေး လုပ် ဆောင် စေ၊ လုရှိနှင့်တိုင်း တာ ချ ပေး သည့်ပြင်ကျန်သည့် မြေကို မြေ တော်ဖြစ် စေ၊ ရန်တပို့နန်း တော်တွင် ခေါင်း ကွဲသူကြီး ကဆက်သည့်သရက်သီးသည်နှစ်တိုင်း ကမသီး ၊ ယခုရတနာဆင်ဖြူတော် ရောက် မှသီး သည်ဖြစ်သည်၊ သရက်ပင်ကို ရွှေနန်း မြှော်ကမ္ဘည်း တပ် စေ၊ ရာဇမှတ်ကာ ၍လည်း ကောင်း မွန် အောင်ထိန်း သိမ်း စေ၊ ကျောက်တလုံး သို့ရောက်လျှင် နောက် တော်တွင်ပါသမျှ လှေငယ်များ ကျောက်တလုံး က ကျောက်ကို အောင် မြေ လော ကဘုရား စီခင်း ရန် တော်သင့် အောင်တင်ခဲ့ကြ စေ။

2 December 1806

သက္ကရာဇ် ၁၁၆၈ ခုနတ်တော်လပြည့် ကျော် ၈ ရက် နေ့ရတ်ပို့နန်း တော်မှာ နား ခံဘယ ကျော်ထင်တွင်ပြန်။

(ရွှေ ဟောင်း သုတေသန)

မိုး မိတ်မင်း တို့အကြိုလာလိုလျှင်လာစေ၊ ကုလား ဖျို့စာ ရေး ငကျော်သူ ရှိနိုး သံ
တော်ဦး ဇင်သည့်ကုလား ဝန်ဝန်စုထုလား တို့မှာ (သက္ကရာဇ် ၁၁) ၄၅ ခုစာ 1783
ရင်း ကျလူအနက် ရွှေတိုက် ဝန်ဝန်စုသို့ပါ၍ အစုအလိုက်ထမ်း ရွက်ရှိ နေသည့်လူတို့ပြင်
ကျန်အရပ်ရပ်လူတို့ကိုအကွဲအပြား မရှိစေရ၊ စကိုင်း မင်း ကသိမ်း ဂုံး ၍ သေနတ်
ပေး အပ်ထမ်း ရွက်စေ၊ လက်ထွဲ တော် သေနတ်ကိုင်ကုလား တို့ကိုခွဲရင်း သေနတ်
နှင့်တကွစကိုင်း မင်း ကိုသနား တော်မူသည်၊ သိမ်း ရကုလား တို့မှာအအုပ်အချုပ်
ခန့်ထား ပြီး လျှင်သစ္စာ တော် ပေး ၍ထမ်း ရွက်စေ။

5 December 1806

သက္ကရာဇ် ၁၁၆၈ ခုနတ် တော်လပြည့် ကျော် ၁၁ ရက် နေ့သကျင်နန်း တော်
မှာနား ခံရာဇ နော်ရထာ ထွင်ပြန်။

(ရှေး ဟောင်း သုတေသန)

အဝစကိုင်း ရွှေမြို့တော်မင်းကွန်း မှစ၍ ရဝ်စုကွက်စု ကျေး ရွာ နေပြည်သူပြည်သား တို့က ရတနာဆင်ဖြူတော်ကို ဘုရား မြှော်လိုလျှင် ညောင်ရေအိုး ပူဇော်ပွဲပန်း ပေါက်ပေါက်များ နှင့် ပူဇော်ရန် ပါယူတို့ကိုသာ ဘုရားမြှော် ပူဇော်ကြစေ၊ အလွတ်လူတို့ကို မဝင်မကြည့်စေနှင့်။

7 December 1806

သက္ကရာဇ် ၁၁၆၈ ခုနှစ် တော်သလပြည့်ကျော် ၁၃ ရက် နေ့ လက်ပန် စဥ်နန်းတော်တွင်နား ခံရာဇ နော်ရထာ တွင်ပြန်။

(ရှေးဟောင်းသုတေသန)

ရတနာဆင်ဖြူတော် ဘောင်စကိုင်း မြို့သို့ ရောက်လျှင်မြို့သူမြို့သား ယောကျ်ား မိန်း မတို့ကိုတန် ဆောင်း တင်း ကုတ် တော်ကို မဝင်မထွက် စေနှင့်၊ အရှေ့ကိုကြိုင်း မင်း တဲကပါရစ်၊ အနောက်ကိုမလွယ် ပေါက်ပြင်ကတရစ်၊ မြောက်ကို ဘောင် မြေ လောက ဘုရား ဖွက် ပေါက်ဝင် ပေါက်တပါရစ်၊ သေနတ်ဝင်း ထား ရှုဆီး တား စောင့် နေစေ။

8 December 1806

သက္ကရာဇ် ၁၁၆၈ ခုနတ်တော်လပြည့်ကျော် ၁၄ ရက် နေ့လက်ပန်းစဉ်နန်း တော်မှာနား ခံဘယ ကျော်ထင်ထွင်ပြန်။

(ရှေး ဟောင်း သုတေသန)

10 December 1806

ရတနာဆင်ဖြူတော်တန်ဆောင်း နှစ်တွင်ကုန်ရန်ဝင်ရန် ရွှေဖျင်လိပ် ၂ ဝိတ်အုပ် ၃၀ များ ကိုမင်း ကွန်း နန်း တော် စောင့်ယံ တော်ဆင့် ကျော်ထင်သခ်ယာကအာ ထွင်း တော်မှာလိုင်း တက်မြို့စား တပက်ဆွဲ ရွာစား တို့မှာ တောင်း၍ထုတ်ယူ ပေး အပ်လုပ် ဆောင်စေ၊ ကျောက်ဆည်ကိုး ခရိုင် မြောင်း ဆုံ မြောင်း ထွင် ကော် တိမ်သည့် မြောင်း တာရှိ သော ကြောင့် ရေ သောက်တပက်ဆွဲတက် မြောမ တောင့်တရွာ များ ကိုတူး လုပ်ရမည့် မြောင်း အစီရင်တို့က ခေါ်ရာ ရွှေမြို့ တော်နယ်ဖြစ်သည် ဆို၍ညင်း ဆန် နေ ကြောင်း နှင့် ကျောက်ဆည်ဝန် မြေတိုင်စာ ရေး တို့အစီရင်ခံ ချက်ကိုဆက်သွင်း သည်မှာ ရွှေမြို့ တော်နယ်ဆို၍ မ နေ စေနှင့်၊ မြောင်း တာကျသည် ကို ရေ သောက် ကျေး ရွာတကာနည်း ပြီး ပြေ အောင်လုပ် စေ။

10 December 1806

သက္ကရာဇ် ၁၁၆၈ ခုပြာသိုလဆန်း ၂ ရက် နေ့ စကိုင်း နန်း တော်မှာနား ခံရာဇ နော်ရထာတွင်ပြန်။

(ရွှေ ဟောင်း သုတေသန)

မင်း ကွန်း သို့ဆန် တော်မှုသည်ကာလ ဘောင် တော်သမ္ဗန် တော် လှေ တော်မှစ၍ နောက် တော်တွင်ပါသမျှခရို့ရ လှေများ မှာနို တောင် ပေါက် တောက ကျောက်ကို လှေနှင့်အင်တန်အား မျှတင် ဆောင်ခဲ့ကြစေ၊ ရာဇမဏိစူဠာဘုရား အရံ စေါင့် အကြီး သဒ္ဓါသူရ ဒေဝပါနီတို့ရှိခိုး သံ တော်ဦး တင်ချက် ဝင်ကပ်လုတို့ကိုအကပ်အနိုခံသူ ခေါင်း နှင့်တကွ ငယ်သား တို့ကိုယခု ရောက် အောင် ခေါ်၍အတွင်း တော်သို့ သွင်း ၊ မင်း ကွန်း သို့ ရောက်လျှင်ပြည်သူပြည်သားတို့မှာဆင်ဖြူ တော်သိမ်း ၍ မပြီး မချင်း တတ်အား သမျှ ဝတ်စား ဆင်ယင်၍ ရတနာဆင်ဖြူ တော်ကိုဘုး မြှော်ပူ ဇော်ကြ စေ။

11 December 1806

သက္ကရာဇ် ၁၁၆၈ ခုပြာသိုလဆန်း ၃ ရက် နေ့ စကိုင်း နန်း တော်မှာနား ခံဘယ ကျော်ထင်တွင်ပြန်။

(ရှေး ဟောင်း သုတေသန)

ရွှေမြို့တော်ရှိ လေးမျက်နှာ ထောင်မှူး ထောင်စချီတို့ကိုအရာကနုတ်၊ သင့်ရာ ရွေး၍ ထောင်မှူး ထောင်စချီခန့်။

13 December 1806

သက္ကရာဇ် ၁၁၆၈ ခုပြာသိုလဆန်း ၅ရက် နေ့ ဘောင် တော်ဆိပ်နန်း တော်မှာနား ခံရာဇနေ်ရထာတွင်ပြန်။

(ရှေး ဟောင်းသုတေသန)

ရွှေပန်းတံလှေတော်၊ မင်းစံလှေတော်ကိုယ်ချက်ဝန် ရွှေတောင်လှစည်သူတ
အုပ်စေ၊ ကျောက်မျက်လှေတော်ဝန်ပို လှေတော်ကိုအမြောက်ဝန် ရွှေတောင်
သိဂိ ကျော်ကအုပ်စေ၊ စကိုင်းထုပါရုံဘုရား အရှေ့စောင်းတန်း ယိုယွင်းသည်
မှာ စောင်းတန်းကိုပတ်၍မြို့တည်သောကြောင့်ယိုယွင်းသည်ဖြစ်သည်၊ မြို့ကိုသိမ်း
၍ စောင်းတန်းဟောင်းအတိုင်း ရှိစေ၊ အောင်မြေလောကဘုရား တောင်မြို့
ရိုးမှာလည်း ကျောင်းဘုရားကအုတ်များ ပါသည်ဖြစ်သည်၊ မြို့ရိုးကိုသိမ်းစေ၊ ပန်း
တောင်းမြို့သူကြီး ငရေး တဆက်သည်သံအမြောက် ၂ လုံးကို ဒသာဓိမာသံပွါးဆဲသုဒ္ဓ
28 December 1806
ဒိန် ၆၂၂ မနရာသီ စန္ဒရမာသ ၂၂ အသံ ပြာသိုလပြည့်ကျော် ၇ ရက် နေ့ဆက်ကမ္ဗည်း
ထိုးမှတ်၍ မြို့နန်းဟော်သွင်းထားစေ။

14 December 1806
သက္ကရာဇ် ၁၁၆၈ ခုပြာသိုလဆန်း ၆ ရက်နေ့ ဘောင်တော်ဆိပ်နန်းတော်
မှာနေ၍ ခံငပါကွင်ပြန်။

(ရှေးဟောင်းသုတေသန)

ပြာဿဒ်တော်လက်ဝဲလက်ယာ ဝန်းကျင် သေနတ်ကတ ဝက်လုကို ရတနာဆင်ဖြူတော် အစောင့်အရှောက်ဖြစ်စေရမည်၊ သွေး သောက်ကြီး အကြပ်နှင့်တကွ ခွဲဝေ၍ ဆင်ဖြူတော်တန်ဆောင်း မှာလက်ဝဲလက်ယာ စောင့်နေစေ၊ တဝက်လုကို သွေး သောက်ကြီး အကြပ်နှင့်တကွ ခွဲဝေ၍ ပြာဿာဒ်တော် လက်ဝဲလက်ယာ ဝန်းကျင်မှာ စောင့်နေထမ်းရွက်မြဲ စောင့်နေထမ်းရွက်စေ၊ ပျော်ဘွယ် သား တို့ကိုဆင်ဖြူတော်အလုပ်အကျွေး ဆင်ဖြူတော်ကျွန်ဖြစ်စေ။

18 December 1806

သက္ကရာဇ် ၁၁၆၈ ခုပြာသိုလဆန်း ၁၀ ရက် နေ့နား ခံငပါတွင်ပြန်။

(ရှေးဟောင်းသုတေသန)

ဆင်ဖြူတော်တန်ဆောင်း မှာမြက်အမှိုက်မသန့်မရှင်း ရှိသည်များ ကိုဒ နောက်
ဝန်၊ ဝန်စုဥသ ပေါက်က တော်သင့်အောင်ခန့်ထား၍လည်း ခါရှင်းလင်း စေ၊
ငှက်တော်သားတို့ကိုလည်း တန်ဆောင်းအတွင်း ငှက်မဝင်ရအောင် စောင့်နေ
ချောက်လှန့်စေ၊ ဆင်ဖြူတော်ပွဲတော်ကိုစား တော်ကဲတို့တပြင်၍ညန်နက်သွင်း စေ၊
နံနက်ပွဲတော်ကိုစန္ဒမှုန်ဘုရား ရှင်မှာဆင်ဖြူတော်အလှူလှူစေ၊ ညပွဲတော်ကိုု မွှ
စိုး ရုဏ္ဍစိုး အာကာသစိုး နတ်တို့ကိုတင် စေ၊ ရတနာဆင်ဖြူတော်ကိုပုံ တော်တ
19 February 1807
ပေါင်း လပြည့်နေ့သိမ်း တော်မူမည်၊ ဆင်ဖြူတော်မှာ ဆောင်ရွက်ရန်စည် တော်
စုံမှစ၍အခန်း အနား လုပ်ရန်ဆင့်ဆိုစီရင်ရန်ရှိသမျှကို ပြေကုန် အောင်ဆင့်ဆိုစီ
ရင်လုပ်ဆောင် စေ၊ တား ဝယ်ဖိုလ်လုပ်သည့်မြေများ ကိုတိုင်း တာ၍ စာရင်းသွင်း၊
ရတနာဆင်ဖြူတော်ချည်တိုင်ပလ္လင်တက် လှေကား မှာတန်ဆောင်း တော်ကြီး လှေ
ကား နည်း တက် လှေကား ပြင်လုပ် စေ၊ ငှက်ပျောပင်စိုက်သည့်ကွန်း တော်မှာကျွဲ
နွား လွှတ်ကြောင်း နှင့် ရွှေနား တော် (ကြား တော်မူသည်)၊ ကျွဲနွား မလွှတ်မ
ဝင်စေနှင့်။

19 December 1806

သက္ကရာဇ် ၁၁၆၈ ခုပြာသိုလဆန်း ၁၁ ရက် နေ့နား ခင်ပါတွင်ပြန်။

(ရှေးဟောင်းသုတေသန)

20 December 1806

ဆင်ဖြူတော်အလုပ်အကျွေး ပျော်ဘွယ်သားတို့ကို လှေ ၄ စင်း အပ်၍ထမ်းရွက်စေ။

20 December 1806

သက္ကရာဇ် ၁၁၆၈ ခုပြာသိုလဆန်း ၁၂ ရက်နေ့နား ခံရာဇနော်ရထာ ထွင်ပြန်။

(ရှေး ဟောင်း သုတေသန)

ဓညဝတီမြို့မှာ ဇေယကျော်သူကို စစ်ကဲအရာက နှုတ်၊ စစ်ကဲခန့်ထား ရန်ကို ရွေး၍ သွင်း ။

21 December 1806

သက္ကရာဇ် ၁၁၆၈ ခုပြာသိုလဆန်း ၁၃ ရက် နေ့နား ခဘယ ကျော်ထင်ထွင် ပြန် ။

(ရှေး ဟောင်း သုတေသန)

မလည်ဆရာ တော်ကိုရတနာဆင်ဖြူ တော်ကိုဘူး မြှော် စေရမည်၊ မပင်မပန်း
စေရ၊ အသာအယာ မင်း ကွန်း သို့ ရောက် အောင်အိမ် ရှေ့မင်း ကပင့် ဆောင်
ပို့လှာ စေ၊ နန်း တော် မြောက်သိမ်တုရင်လုပ်သည့် ရေစက်ကိုလုပ်မြဲလုပ်၍ ဥယည်
တော်သို့ ရေသွင်း စေ၊ ၃၅၀ပြဿဒ်ဝန်း ကျင်မြိစာရင်း ကျ၄၀၀ ကျော်လူတို့ကို
လက်ဝဲရန္တုပ္ပလက်ယာရန္တုပ္ပ သွေး သောက်နည်း သွေး သောက်ဘွဲ့၍ထမ်း ရွက် စေ၊
ရတနာဆင်ဖြူ တော်ကိုသိမ်း တော်မူမည်မှာ စော်ဘွား မြို့စား အဝေး မြို့ရွာ
ဝန်စစ်ကဲမြို့ရွာသူကြီး မြေတိုင် ခေါင်း အကြီး မြင်း ခေါင်း မြင်း စီး တို့ကိုနှိုး
ဆော်၍ကန် တော့ဆက်သကြ စေ၊ အမှု တော်ကိုထမ်း ရွက်ရှိ နေသူတို့မှာမြို့စောင့်
ရွာ စောင့်အစား ထား သူတို့ကိုလာ၍ ပူ ဇော်ကန် တော့ဆက်သကြ စေ၊ ဝရ သေ
တဂီဂိဆင် တော်၊ ပုလဲတ မူး ဆင် တော်များ ကိုအစွယ်လှ စေ။

22 December 1806

သက္ကရာဇ် ၁၁၆၈ ခုပြာသိုလဆန်း ၁၄ရက် နေ့နာ ခံပါတွင်ပြန်။

(ရှေး ဟောင်း သုတေသန)

24 December 1806

ရှေးမင်းများ လက်ထက်ဘွဲ့လင်္ကာ ရတုစပ်ဆိုသည့်ဆင်များ မှာအမှန်အကန်မဟုတ်၊ အကျူးအလွန်ဆင်ဖြူပြုလုပ်စပ်ဆိုသည့်စာအများ ရှိသည်၊ ရတနာဆင်ဖြူတော်ကိုဘွဲ့ရတုလင်္ကာကဗျာ မစပ်မဆိုစေနှင့်၊ ဆဒ္ဒန်မျိုး စစ်မှန်သည့်ဆင်တော်ဖြစ်သည်၊ အကြောင်း အထူးပွဲကြီးကိုဆရာတော်တပါးနှင့်ကျမ်း ဂန်ဖြစ်အောင်စီကုံး၍သွင်းစေ၊ ဆင်တော်ကိုအခေါ်အဝေါ်အမှတ်အသားများ မှာလည်း ဆဒ္ဒန်ဆင်မင်း ခေါ် ဝေါ်မှတ်သားစေ။

24 . December 1806

သက္ကရာဇ် ၁၁၆၈ ခုပြာသိုလပြည့်ကျော် ၁ ရက် နေ့နား ခရာဇာနောင်ရထာ ထွင်ပြန်။

(ရှေးဟောင်းသုတေသန)

မုံတိုင်း ရန်လွင့်လှေ တော် ၂ စင်း ကိုလကျာ ရွှေ တောင်ကအုပ် စေ။

25 . December 1806

သက္ကရာဇ် ၁၁၆၈ ခုပြာသိုလပြည့်ကျော် ၂ ရက် နေ့နံ ၁း ဓဘယ ကျော်ထင်တွင် ပြန်။

(ရွှေး ဟောင်း သုတေသန)

25 December 1806

မိုး ကောင်း မြို့ဝန် နေမျိုး သီရိစည်သူကို ခေါ် စေ၊ မိုး ကောင်း မြို့ နေ စစ်ကဲ တို့ကို စောင့်ထိန်း နှင့် စေ။

25 December 1806

(သက္ကရာဇ်) ၁၁၆၈ ခုပြာသိုလပြည့်ကျော် ၂ ရက် နေ့နံ ၁း ခ င ပါတွင်ပြန်။

(ရှေး ဟောင်း သု တေသန)

ရမ္မာဝတီမြို့ကဆက်သော မျောက်၄ခုကို ဆောင်ယူခဲ့ရင်း အိမ်နှင့်ထမ်း ဆောင်၍အရွှေ့တောင်ဝိုး တောကြီး ရာအရပ်သို့ပို့စေ၊ ရွှေမြို့တော်သို့ကြိုညွှန်းကြောင်း သင့်လျှင်ကြည်း ကြောင်း၊ ရေကြောင်း သင့်လျှင် ရေကြောင်း ထွက်တော်မူမည်၊ အစောင့်အနေမှာတဝက်ကိုလိုက်စေ၊ တဝက်ကို စောင့်နေစေ၊ ရထား တော်မှာမှန်ကိုမထိမ်း မစောင်း ရအောင်ဖိတ်မွမ်း မံစေ၊ ခန့်ထား စီရင်ရန်ရှိသည်ကိုပြီး ပြေအောင်စီရင်။

သက္ကရာဇ် ၁၁၆၈ ခုပြာသိုလပြည့်ကျော် ၄ ရက်နေ့နား 27 December 1806 ခံစ မြောင်မှူး တွင်ပြန်။

(ရှေး ဟောင်း သုတေသန)

ရွှေမြို့တော်သို့ထွက်တော်မူမည်မှာ ဆဒ္ဒန်ဆင်မင်း ၊ တောင်ငူမင်း ၊ ပုဂံမင်း ၊ မိုး မိတ်မင်း တို့ကို စောင့်စေ။

28 December 1806

သက္ကရာဇ် ၁၁၆၈ ခုပြာသိုလပြည့်ကျော် ၅ ရက် နေ့နား ခံရာဇာ နော်ရထာတွင်ပြန်။

(ရှေးဟောင်းသုတေသန)

ရမ္မာဝတီကဆက်သည့် မျောက်ဖြူ၄ခုကို အောက်မား ဝန်သို့အပ်၍ မွေး စေ၊ မြို့ နန်း တော်က သေဃ္ဃာကြီး လုံး ရောဝတီမင်း ကျွန်း နန်း တော်သို့အလျှင် ရောက် အောင်ပို့စေ။

29. December 1806

သက္ကရာဇ် ၁၁၆၈ ခုပြာသိုလပြည့်ကျော် ၆ ရက် နေ့နား ခင်ပါတွင်ပြန်။

(ရှေး ဟောင်း သုတေသန)

ပုဂံမြို့မင်း အိုချမ်း သာဘုရား မှာ ရွှေသ ဈေး စရိတ်လက်ခကုန် ဝင်ရန်ကိုတွက် ချက်ဆက်သွင်း သည့်အတိုင်း ထုတ်ယူ ပေး အပ်၍လုပ် ဆောင် စေ၊ အာ လောင် မြေ တော်အတွင်း အိမ် ရှေ့မင်း ကလုပ်သည့် မြေ၊ မြေခက်ဘက်တိုက် ဝန်ကလုပ်သည့် မြေ များ ကိုအ လျှောက် မလုပ်ကြ စေနှင့်၊ ဒိုင်း ဝန်က ချ၍လုပ် စေ၊ မြေစု တော်ကိုလည်း ဆက်သွင်း စေ၊ အာ လောင် မြေ တော်အတွင်း မှူး မတ်ဆင်း ရဲသား တို့ နေသည့် အိမ်ခြံ များ မှာလည်း စိုက် ပျိုး လုပ် ဆောင်ကြသည့်အသီး အပင်နှင့်ဖြစ်သည်၊ မြေစု တော်ကို ဒိုင်း ဝန်က တောင်း ၍ဆက် စေ၊ အာ လောင် မြေ တော်အတွင်း ဒဝယ် ဗိုလ်လုပ်သည့် မြေကို ဒဝယ်ဗိုလ်က မချ မလုပ် စေနှင့်၊ ဒဝယ်သား တို့လုပ်လိုသည့် မြေ တွင် ဒိုင်း ဝန်က တော်သင့် အောင်ချ ပေး ၍လုပ် စေ၊ ဒဝယ်သား တို့မလုပ်နိုင် ကျန်သမျှ မြေကို ဒိုင်း ဝန်ကသင့်ရာ ချထား လုပ် ဆောင် စေ၊ ဒဝယ်ဗိုလ်က ယောကျ မကို ချ ပေး ၍လုပ် ဆောင်သည့်လယ်ကျိူ တော် သို့မသွင်း သမျှ စပါး ကို၁၀တက်ဆက် သွင်း စေ၊ အာ လောင် မြေ တော်အတွင်း ရွှေပြည်သား တို့ကို ချ ပေး သည့် မြေ ရှိ လျှင်နှုတ်၊ ရွှေပြည်သား တို့ကလုပ်လိုလျှင်အ များ လုပ်သူတို့နည်း မြေစု တော်ကို ပေး ၍လုပ် စေ၊ အာ လောင် မြေ တော်အတွင်း ဆဒ္ဒန်ဆင်မင်း မြေကို ဒိုင်း ဝန်ကပုံ ရေး ၍သွင်း စေ၊ မင်း ကွန်း နန်း တော် မြေခက် ပျော်ဘွယ်သား တို့လုပ်သည့် မြေကို ဒိုင်း ဝန်ကတိုင်း ၍ တော်သင့် အောင် ချ ပေး လုပ် ဆောင် စေ။

31 December 1806

သက္ကရာဇ် ၁၁၆၈ ခုပြာသိုလပြည့်ကျော် ၈ ရက် နေ့နား ခစ မြောင်မှူး တွင် ပြန်။

(ရှေး ဟောင်း သု တေသန)